# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လဆန်း ၉ ရက် အင်္ဂါနေ့ | 14, Tuesday June 2016 | (၈၅၉၂)


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၃၃)



## နိုင်ငံတော်သမ္မတ ဦးထင်ကျော် တူရကီနိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

သတင်း စာမျက်နှာ - ၈

## တူရကီနိုင်ငံခြားရေးဝန်ကြီး စစ်တွေမြို့သို့ ရောက်ရှိ

စာမျက်နှာ - ၅

## တပ်မတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လုပ်ဆောင်ခဲ့ရသည့် အခြေအနေများဆွေးနွေး

စာမျက်နှာ - ၉

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာ-တူရကီ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံစဉ်။ (သတင်း စာမျက်နှာ - ၃) (ဓာတ်ပုံ-အောင်ရှိုင်းဦး)

## လူငယ်များအလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေစေမည့် သင်တန်းဖွင့်

**ဥတ္တရသီရိ ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သဲကျွန်းကျေးရွာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံဆိုင်ကယ်ပြုပြင်ရေးသင်တန်းဖွင့်လှစ်ပေးမှုကြောင့် ကျေးရွာအတွင်းရှိ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ○**



## အသက်မွေးဝမ်းကျောင်းအလှပြင်သင်တန်းဖွင့်

**မုံရွာ ဇွန် ၁၃**

ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်ထားခြင်းဖြင့် နေ့စဉ်ဘဝရပ်တည်ရေးတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်စေရန်ရည်ရွယ်ပြီး အလှပြင်အခြေခံ သင်တန်းကို မြို့နယ် ကျေးလက်ဒေသ **စာမျက်နှာ ၅ ကော်လံ ၅ သို့ ❂**



# စစ်တွေမှ ပေါက်တောနှင့် မြေပုံမြို့များသို့ ခရီးသည်တင်သင်္ဘောများ ပြန်လည်ပြေးဆွဲရန်စီစဉ်

စစ်တွေ ဇွန် ၁၃

**ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့မှ ပေါက်တောနှင့် မြေပုံမြို့များသို့ တစ်နှစ်ကျော်ကြာ ပြေးဆွဲမှုရပ်နားထားသည့် သင်္ဘောခရီးစဉ်များကို ဇွန်လကုန်ပိုင်းတွင် ပြန်လည်စတင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒




## ကြေးမုံ

# ပြည်သူလူထုပူးပေါင်းပါဝင်မှု အောင်မြင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာနက အစိုးရမူဝါဒများ၊ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ လူထုသဘောထားကို သိရှိနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်မှတစ်ဆင့် လူထုစစ်တမ်းကောက်ယူရန် အစီအစဉ်များရှိကြောင်း ကြားသိလိုက်ရသည်။

အစိုးရသစ်အနေဖြင့် ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်မှုနှင့်အညီ နိုင်ငံ့တာဝန်စတင်ယူသည်နှင့် ချမှတ်ဆောင်ရွက်သည့် မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လူထုသဘောထားအမှန်ကို သိရှိနိုင်ရန်အတွက် ဤကဲ့သို့ လူထုစစ်တမ်းရယူခြင်းလုပ်ငန်းကို ဆောင်ရွက်လိုက်ခြင်းသည် ပြည်သူလူထု၏ သဘောဆန္ဒကို အလေးထားသည်မှာ ပေါ်လွင်ပေသည်။ လူထုဆန္ဒအမှန်ကို စနစ်တကျကောက်ယူပြီး လိုအပ်ချက်များကို လုပ်ဆောင်ပေးခြင်းသည် လူထုအစိုးရစစ်မှန်ကြောင်း ပြသရာလည်းရောက်ပေသည်။

လတ်တလောတွင် ကွမ်းစားသုံးမှုလျှော့ချရေးနှင့် ကွမ်းတံတွေးစည်းကမ်းမဲ့ထွေးမှုပပျောက်ရေးအတွက် လူထုသဘောထားကို လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဇွန်လ ၈ ရက်နေ့မှစတင်ကာ ကောက်ယူနေပြီဟု သိရသည်။ ဇွန်လ ၁၀ ရက်နေ့အထိ သုံးရက်တာကာလအတွင်း လူထုငါးထောင်ကျော် ဆန္ဒသဘောထားပေးခဲ့ရာ အဆိုပါအစီအစဉ်ကို လုံးဝထောက်ခံသူ ၂၃ ရာခိုင်နှုန်း၊ မထောက်ခံသူ ၂ ရာခိုင်နှုန်း၊ မူဝါဒကို ထောက်ခံသော်လည်း လုပ်နည်းလုပ်ဟန်ကို မထောက်ခံသူ ၂၅ ရာခိုင်နှုန်း၊ ကွမ်းနှင့်အတူ လောင်းကစား၊ မူးယစ်ဆေးဝါး၊ အရက်သေစာတို့ကို ထိထိရောက်ရောက် ထိန်းချုပ်ပေးရန် ဆန္ဒပြုသူ ၄၉ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

မျက်မှောက်ကာလတွင် လူအများမှာ လူမှုကွန်ရက်စာမျက်နှာများကို သုံးစွဲလာကြရာ အဆိုပါ ကွမ်းစားခြင်းကိုအကြောင်းပြုသည့် ပြည်သူလူထု သဘောထားအမြင်များမှာ အမျိုးမျိုးအဖုံဖုံ ရှိပေလိမ့်မည်။ ကွမ်းစားခြင်းမှာ မကောင်းသောအမူအကျင့်ဖြစ်သည်မှာမှန်သော်လည်း နှစ်ရှည်လများ ပြည်သူလူထုအတွင်း စွဲကပ်လာသော အလေ့အထကို ချက်ချင်းပယ်ဖျောက်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ အဓိကအချက်မှာ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးသူများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းကာ အမြင်မတင့်ဖြစ်နေပြီး ကွမ်းထက်ပိုမိုဆိုးရွားသော လောင်းကစား၊ အရက်၊ မူးယစ်ဆေးဝါးတို့ကိုလည်း ဦးစားပေးတိုက်ဖျက်ရန် ဆန္ဒပြုသူ များနေခြင်းဖြစ်သည်။

နေရာဒေသအများအပြားရှိ ကွမ်းရောင်းချသူများနှင့် ကွမ်းစားသုံးသူများကို ထိန်းချုပ်ရန်မှာ လွယ်ကူသည့် အခြေအနေမရှိသောကြောင့် ကနဦးအစတွင် သတ်မှတ်ချက်နှင့်အညီရောင်းချရန်နှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးသူတို့ကို ပညာပေးခြင်း၊ အရေးယူခြင်းတို့ ဆောင်ရွက်ခြင်းသည် ပိုမိုသင့်လျော်လိမ့်မည်ဟု ထင်မြင်ယူဆပါသည်။ ထို့နောက်မှ ကွမ်းစားသုံးခြင်းအလေ့လျှော့ကျအောင် ဆောင်ရွက်သွားသင့်သည်ဟု ယူဆပါသည်။ ကွမ်းစားဓလေ့မှာ မြန်မာနိုင်ငံတွင် ရှေးရိုးအစဉ်အလာဖြစ်ခဲ့ပြီး မကြာသေးမီ ဆယ်စုနှစ်အချိန်ကာလမှစတင်၍ စွဲလမ်းသောအခြေအနေမှ ပိုမိုကျယ်ပြန့်လာခြင်းဖြစ်သည်။ ကွမ်းစားသုံးခြင်းမှာ မြန်မာနိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်ပါရှိလာပြီး ထိုနိုင်ငံများတွင် စည်းကမ်းတကျရောင်းချ၊ စားသုံးကြသည်ကို တွေ့ရသည်။

ကွမ်းစားခြင်းမှာ စွဲလမ်းခြင်းကြောင့်ဖြစ်ပြီး စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းမှာ ဆင်ခြင်တုံတရားနည်းပါးခြင်းကြောင့် ဖြစ်နိုင်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားများတွင် အသိဉာဏ်နှင့် ကိုယ်ကျင့်တရားမြင့်မားရေးမှာ အဓိကအချက်ဖြစ်၍ ပြည်သူများအား အသိအမြင်၊ အသိဉာဏ်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်ပေးသင့်ပေသည်။ ဤနေရာတွင် အမှိုက်မပစ်ရ၊ ဤနေရာတွင် ဤသို့မလုပ်ရဟူသော စည်းကမ်းသတ်မှတ်ချက်ကို ဖောက်ဖျက်မှုရှိနေသေးသရွေ့ ကွမ်းတံတွေးလည်း လစ်လျှင်လစ်သလို ထွေးနေဦးမည်သာဖြစ်သည်။ ထိုသတ်မှတ်ချက်များကို လူတိုင်းလိုက်နာမှု အားကောင်းလာလျှင် ကွမ်းတံတွေးထွေးမှုလည်း လျော့နည်းကျဆင်းသွားမည်သာဖြစ်သည်။ မလုပ်ရသောအလုပ်၊ မလုပ်သင့်သောအလုပ်ကို လူတစ်ဦးချင်းစီအလိုက် အသိစိတ်ဓာတ်ဖြင့် ဆင်ခြင်ကြမည်ဆိုပါက စည်းကမ်းရှိသော နိုင်ငံ့သားကောင်းများဖြစ်လာမည်ဖြစ်သည်။

ကွမ်းနှင့်အတူ အမှိုက်ပစ်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ လောင်းကစားခြင်း(နှစ်လုံး၊ သုံးလုံး)တို့ကိုပါ ဆင်ခြင်လာမည်ဆိုလျှင် ကောင်းမွန်သော လူမှုဝန်းကျင်ကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် အဆိုးရွားဆုံးမှာ အရက်သေစာသောက်စားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြစ်ပြီး ထိုအပြုအမူများမှာ ကာယကံရှင်နှင့် မိသားစုပတ်ဝန်းကျင်ကိုပါ ဆိုးရွားစွာထိခိုက်ခံစားနေကြရသဖြင့် ကွမ်းနှင့်အတူ ဦးစားပေးနှိမ်နင်းရမည့် ကိစ္စများဖြစ်နေပေသည်။

သို့ဖြစ်ရာ အဆိုပါအချက်များအားလုံးမှာ ပြည်သူအားလုံး၏ သဘောထားဆန္ဒဖြစ်နိုင်သောကြောင့် ကွမ်းယာစားသုံးခြင်း၊ ကွမ်းတံတွေးထွေးခြင်းနှင့်အတူ လူမှုဘဝအတွက်ဆိုးကျိုးများသော ကိစ္စရပ်များအားလုံးကို အစိုးရကဦးဆောင်တိုက်ဖျက်ခြင်းနှင့်အတူ ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှု အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

# မလေးရှားနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများမှ အမိနိုင်ငံသို့ပြန်ရန် လေယာဉ်လက်မှတ်ကုန်ကျစရိတ် အခက်အခဲရှိသူများအား သံရုံးမှ ကူညီကျခံကာ ပြန်လည်ပို့ဆောင်ပေးနေ

**နေပြည်တော် ဇွန် ၁၃**

မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများသည် ၎င်းတို့၏ ပြစ်ဒဏ်များကျခံခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်နိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ကာ သံရုံးမှ ထုတ်ပေးသည့် C of I ရရှိပြီးသော်လည်း အခက်အခဲအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်ရန် လေယာဉ်လက်မှတ်စရိတ် မတတ်နိုင်သည့် မြန်မာနိုင်ငံသားများကို အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ လေယာဉ်လက်မှတ်ခ ကုန်ကျစရိတ်များကို ကူညီကျခံ၍ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း အဆိုပါသံရုံးထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ လေယာဉ်လက်မှတ်ခအတွက် အခက်အခဲရှိသူ ၁၈၂ ဦးအား လေယာဉ်လက်မှတ် အကုန်အကျခံ၍ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် အတွင်းက ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသူ ၂၂၇ ဦး စုစုပေါင်း ၄၀၉ ဦးကို လေယာဉ်လက်မှတ်ခ ကူညီကျခံကာ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာသံရုံး ကွာလာလမ်ပူမြို့အနေဖြင့် ထိန်းသိမ်းရေးစခန်းများသို့ သံရုံးမှ တာဝန်ရှိသူများ ကိုယ်တိုင် လိုက်ပါကြီးကြပ်၍ ထိန်းသိမ်းရေးစခန်းများရှိ နိုင်ငံသားများ၏ စခန်းသို့ရောက်ရှိသည့် ကြာမြင့်ကာလရက်၊ လအလိုက် ခွဲခြား၍ စာရင်းပြုစုပြီး အမြန်ဆုံး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**(ရှင်မင်း)**

# အလုပ်ခွင်အသုံးချ ဥပဒေရေးရာသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအရာရှိ အဆင့်(၃)နှင့်အဆင့်(၄)များအတွက် အလုပ်ခွင်အသုံးချ ဥပဒေရေးရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**



သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဥပဒေအရာရှိတွေရဲ့ အရည်အသွေးတောက်ပြောင်ပြီးတော့ ပြည်သူတွေယုံကြည်လေးစားခံရတဲ့ ဥပဒေအရာရှိတွေဖြစ်လာအောင် ရည်မှန်းပြီး ဖွင့်လှစ်ခဲ့တာပါ။ သင်ကြားပို့ချပေးမှာက အငြိမ်းစားဥပဒေအရာရှိတွေရယ်၊ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ အရာရှိကြီးတွေက သင်ကြားပို့ချပေးသွားမှာပါ။ အငြိမ်းစားဥပဒေအရာရှိတွေဆိုတာ အတွေ့အကြုံတွေများခဲ့ပြီ။ ဒီတော့ ဖြတ်သန်းလာခဲ့တဲ့ အတွေ့အကြုံတွေအပေါ်မှာ သင်တန်းသားတွေကို ဝေမျှရင်း လုပ်ငန်းခွင်ဝင်ရောက်တဲ့အခါ သူတို့ရဲ့ အနာဂတ် တိုးတက်လာစေဖို့ ပံ့ပိုးပေးတဲ့သဘောပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးက ပြောသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမြင့်သန်းနှင့် ဥပဒေအရာရှိများ တက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်သည့် ဥပဒေအရာရှိ သင်တန်းသူ သင်တန်းသား ၉၃ ဦးခန့်ရှိကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မြောက်ဦးမြို့နယ် ကျေးရွာများ၌ မြေငှားဂရန်များ ပြုလုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်

**မြောက်ဦး ဇွန် ၁၃**

ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ်ရှိ ကျေးလက်ဒေသနေ ပြည်သူများအတွက် မြေငှားဂရန်များ ပြုလုပ်ပေးနိုင်ရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအပါအဝင် ဌာနရှစ်ခုတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"မြေငှားဂရန်ထုတ်ပေးဖို့ စီစဉ်နေတာကတော့ မြောက်ဦးမြို့နယ် ကင်းဆိပ်ကျေးရွာမှာရှိတဲ့ အိမ်ခြေ ၁၆၇ လုံး အနက် ၁၃၄ လုံးကို စိစစ်ဆောင်ရွက်နေပါတယ်။ ကျန်တဲ့အိမ်ခြေ အလုံး ၂၀ ကတော့ လယ်မြေထဲပါဝင်နေလို့ အဲဒီမြေကွက် ၂၀ အတွက် လယ်ယာမြေကိုအခြားနည်းအသုံးပြုခွင့်လျှောက်ထားပြီးမှ ဂရန်ရဖို့ စီစဉ်ရမှာဖြစ်ပါတယ်"ဟု မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုထွန်းသိုက်က ရှင်းပြသည်။

မြေငှားဂရန်များ ပြုလုပ်ပေးနိုင်ရေးအတွက် မြေပြင်တိုင်းတာစစ်ဆေးခြင်း၊ ကျောက်တိုင်များ စိုက်ထူခြင်းတို့ကို မြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဦးဆောင်လုပ်ပေးရပြီး မြေပြင်ဓာတ်ပုံရိုက်ကူးခြင်း၊ အိမ်ထောင်ဦးစီးမှတ်ပုံတင်၊ အိမ်ထောင်စုဇယားနှင့် အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်ရေးအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရာခိုင်နှုန်း ၅၀ ခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**(အောင်ကျော်ဦး)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

### စစ်တွေမှ

ယမန်နှစ် မတ်လအတွင်းက အောင်တံခွန်-၃ သင်္ဘောနစ်မြုပ်မှုဖြစ်ပွားပြီးနောက်ပိုင်း ရခိုင်ကမ်းရိုးတန်းတွင် ပြေးဆွဲနေသည့် ကမ်းရိုးတန်းသွားသင်္ဘောများ၏ ကြံ့ခိုင်မှုနှင့်ပတ်သက်၍ ဝေဖန်မှုများ ပေါ်ပေါက်ခဲ့သောကြောင့် ပြေးဆွဲမှုကို ရပ်နားထားခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းရေကြောင်းပိုင် သင်္ဘောခရီးစဉ်များကို ရပ်နားထားသည့်အတွက် ခရီးသည်များ အခက်အခဲဖြစ်ပေါ်နေသောကြောင့် ပြန်လည်ပြေးဆွဲနိုင်ရန်စီစဉ်ရခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်ကျော်က ပြောသည်။

"စစ်တွေကနေ ပေါက်တောနဲ့ မြေပုံဘက်ကို ပြည်တွင်းရေကြောင်းသင်္ဘောတစ်စင်းနဲ့ ပုဂ္ဂလိကသင်္ဘောတစ်စင်း အသွား/အပြန်ပြေးဆွဲပေးဖို့ စီစဉ်နေပါတယ်။ အဲဒီဘက်က ခရီးသည်တွေ အခက်အခဲဖြစ်နေတဲ့အတွက် ယာယီစီစဉ်တဲ့သဘောပါ။ လောလောဆယ်တော့ ကုမ္ပဏီနဲ့ဆွေးနွေးနေပါတယ်။ ဒီလကုန်လောက်ဆိုရင်တော့ ခရီးစဉ်စတင်နိုင်ဖို့များပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါခရီးစဉ်ကို ပြည်တွင်းရေကြောင်းပိုင်သင်္ဘောတစ်စင်းနှင့် ပုဂ္ဂလိကပိုင်သင်္ဘောတစ်စင်းဖြင့် တစ်ပတ်လျှင် တစ်ရက် အသွား/အပြန်ပြေးဆွဲပေးရန် စီစဉ်ထားပြီး စစ်တွေ-ပေါက်တော-မြေပုံလမ်းကြောင်းတစ်လျှောက်ရှိ ရွာကြီးများသို့ ဆိုက်ကပ်နိုင်ရန်လည်း လမ်းကြောင်းရွေးချယ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"သင်္ဘောတွေ ရပ်ထားတဲ့အတွက် သွားရေးလာရေး အခက်အခဲဖြစ်ပါတယ်။ ပစ္စည်းတွေသယ်ချင်တယ်ဆိုရင် အရမ်းဒုက္ခရောက်တယ်။ သင်္ဘောအကြီးတွေ ပြန်ဆွဲပေးမှ အဆင်ပြေမှာ"ဟု မြေပုံမြို့ခံတစ်ဦးကပြောသည်။

ယခုလကုန်တွင် ပြန်လည်ပြေးဆွဲရန် စီစဉ်နေသည့် သင်္ဘောများသည် ခရီးသည်နှစ်ရာမှ နှစ်ရာ့ငါးဆယ်ခန့်အထိ တင်ဆောင်နိုင်ပြီး နောက်ပိုင်းတွင် ရက်တိုး၍ ပြေးဆွဲပေးသွားရန်လည်း အစီအစဉ်များရှိကြောင်း ဦးထင်ကျော်က ပြောသည်။

လက်ရှိအချိန်တွင် ပုဂ္ဂလိကပိုင် ရှပ်ပြေးအမြန်ရေယာဉ်များမှာ ရခိုင်ကမ်းရိုးတန်းတွင် ပုံမှန်ပြေးဆွဲလျက်ရှိသော်လည်း စရိတ်ပိုမိုများပြားခြင်း၊ ကုန်ပစ္စည်းများသယ်ယူရန် အခက်အခဲရှိခြင်းတို့ကြောင့် ပြည်တွင်းရေကြောင်းပိုင် ကမ်းရိုးတန်းသွားသင်္ဘောများကို ပြန်လည်ပြေးဆွဲပေးရန် ဒေသခံများက မျှော်လင့်နေကြသည်။ **(သုတ)**

## ယခု ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုလိုငွေဖြစ်ပေါ်

**နေပြည်တော် ဇွန် ၁၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၄ ဒသမ ၉၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၈ ဒသမ ၈၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၃ ဒသမ ၇၃ သန်းဖြစ်ကြောင်း သိရသည်။

ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၀ ဒသမ ၁၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၉၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၆ ဒသမ ၀၄ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၀၉ ဒသမ ၇၇ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၃၁ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။ **(ကြေးမုံ)**

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာ-တူရကီ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၃**

မြန်မာ-တူရကီ နှစ်နိုင်ငံအကြား နှစ်ပေါင်း (၅၈)နှစ်ကြာ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့ကို မြန်မာ-တူရကီ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးခဲ့ကြသည်။

ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက် ကာဘူတိုကလူး တို့တွေ့ဆုံစဉ် ထိုသို့ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် နည်းလမ်းများရှာဖွေရေး၊ မြန်မာနိုင်ငံသို့ တူရကီနိုင်ငံလေကြောင်းလိုင်းပြေးဆွဲရေးနှင့် နှစ်နိုင်ငံအကြား နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က တူရကီနိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်အား ကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်တိုးတက်စေမည်ဟုမျှော်လင့်ပါကြောင်း၊ မတူညီသည့် လူမျိုးစုများနှင့် မတူညီသည့်အသိုင်းအဝိုင်းများအကြား နားလည်မှုတည်ဆောက်ရေးသည် မိမိတို့အစိုးရမူဝါဒ၏ အခြေခံမူများဖြစ်ကြောင်း ပြောကြားသည်။

တူရကီနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ချစ်ကြည်ရေးခရီးလာရောက်ရခြင်းနှင့် ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာအစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုများအတွက် ဒေါ်အောင်ဆန်းစုကြည်ကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အတွက် မြန်မာပြည်သူများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ ထိုအသွင်ကူးပြောင်းမှုမှတစ်ဆင့် မြန်မာနိုင်ငံသားများအတွက် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ကြွယ်ဝချမ်းသာမှုများ ဆောင်ကြဉ်းပေးခဲ့သည်ကို မြင်တွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတွင် တူရကီနိုင်ငံသံရုံးဖွင့်လှစ်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် သိသာထင်ရှားသည့် တိုးတက်မှုများကို လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံလိုအပ်ချက်များအတွက် တူရကီနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် ပံ့ပိုးကူညီခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အပါအဝင် မြန်မာပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာရပ်များ ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

သတင်းမီဒီယာများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ တူရကီနိုင်ငံခြားရေးဝန်ကြီးက တူရကီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (TIKA)မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ထောက်ပံ့မှုများပေးခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရ၏ တောင်းဆိုမှုများကိုသာ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း၊ အကူအညီပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်မှုခံမည့်သူ၏ သက်သေခံကတ်ပြား(NVC) ထုတ်ပေးခြင်းအပါအဝင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး ကြိုးပမ်းလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အရေးအတွက် အစိုးရအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ အစိုးရကဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လိုပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ဆန္ဒရှိပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု ထပ်မံတိုးမြှင့်လိုပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားကဏ္ဍနှင့် အခြေခံအဆောက်အအုံနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ တူရကီလေကြောင်း ခရီးစဉ်များကိုလည်း မြန်မာနိုင်ငံ၌ စတင်ပျံသန်းလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်အခြေအနေများ ပိုမိုကောင်းမွန်ရန်ဆောင်ရွက်နေပါကြောင်း၊ တူရကီအနေဖြင့် ရခိုင်ပြည်နယ်၏ အခြေအနေသိမ်မွေ့မှုများကို နားလည်ပေးသည့်အတွက် တန်ဖိုးထားပါကြောင်း၊ လုပ်ဆောင်ချက်အောင်မြင်ရန် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကူညီမည်ဟုမျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့အပြင် တစ်ကမ္ဘာလုံး၌ မြန်မာသံရုံးများ ဖြန့်ခွဲဖွင့်လှစ်လိုသော်လည်း တစ်ချိန်တည်းတွင် ဖွင့်လှစ်နိုင်ရန် ခက်ခဲပါကြောင်း၊ နိုင်ငံတကာနှင့်ပတ်သက်၍ သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်ရန် အမြဲကြိုးပမ်းနေပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် တူရကီနိုင်ငံတို့သည် ၁၉၅၈ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံရုံးအား ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ရာ မစ္စတာမူရတ်ရာဘုစ်အက်တီစ်သည် မြန်မာနိုင်ငံတွင်အခြေစိုက်သည့် ပထမဆုံးသော တူရကီသံအမတ်ကြီးဖြစ်ခဲ့သည်။ ယခုအခါ (၅၈)နှစ်ကြာတည်ရှိခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာ-ဂျပန် ကနဦး ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး




**ရန်ကုန် ဇွန် ၁၃**

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေးအတွက် ခိုင်မာသောဆောင်ရွက်မှုများကို လုပ်ဆောင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ဖွံ့ဖြိုးမှုကို အရှိန်မြှင့်တင်ရန်တို့အတွက် မြန်မာနှင့် ဂျပန် ကနဦးပူးပေါင်းဆောင်ရွက်မှုအပိုင်း(ခ)၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက "လက်ရှိ အစိုးရသစ်ကို ကူညီဖို့က ဂျပန်အစိုးရရဲ့ အခြေခံမူဝါဒပဲ ဖြစ်ပါတယ်။ အစိုးရပိုင်းတွင်သာမက ပုဂ္ဂလိကပိုင်း နှစ်ဖက်စလုံး ပူးပေါင်းဆောင်ရွက်နိုင်မှ မြန်မာနိုင်ငံ စီးပွားရေး အကောင်အထည်ဖော်နိုင်မှာပါ။ အခု မြန်မာအစိုးရသစ် တက်လာပြီး မကြာခင် ဂျပန်အစိုးရဘက်ကလည်း အစိုးရသစ်နဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လုပ်ဖို့ဆန္ဒရှိပါတယ်။ ဒီလိုလုပ်တဲ့အခါ ဖြစ်ပေါ်လာမယ့် စိန်ခေါ်မှုတွေကို သေချာဆွေးနွေးကြတာပါ။ ဂျပန်-မြန်မာနှစ်ဖက်စလုံး အကျိုးရှိဖို့ပါ။ ဂျပန်ကုမ္ပဏီတွေ အကျိုးရဖို့တစ်ခုတည်း မဟုတ်ပါဘူး။ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ စက်မှု၊ စိုက်ပျိုးရေးစတဲ့ ကဏ္ဍများစွာ ပါဝင်မှာဖြစ်ပါတယ်။ အဓိကဖြစ်တဲ့ သွင်းကုန်၊ ထုတ်ကုန် အခွန်ကိစ္စနဲ့ ရင်းနှီးမြှုပ်နှံမှုပေါ်လစီတွေကို အဓိကဆွေးနွေးကြတာဖြစ်ပါတယ်" ဟု ဆိုသည်။

ယနေ့အစည်းအဝေးတွင် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကိုအမှီပြု၍ ပိုမိုရင်းနှီးမြှုပ်နှံလာကြစေရန် မြင့်မားသော မျှော်မှန်းချက်များကို တင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများအနေဖြင့် ယခင်နှစ်များက ရလဒ်များနှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် အရေးပါသောကိစ္စရပ် ငါးခုဖြစ်သည့် ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်မှုမြှင့်တင်ရေး၊ ကုန်သွယ်ရေးမူဝါဒ၊ ဘဏ္ဍာရေးနှင့် အာမခံ၊ အခွန်ရေးရာများနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

MIC ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက "ဒီကနေ့ဆွေးနွေးပွဲရဲ့ သဘောတူညီချက်က Working Group ငါးခုဖွဲ့ပြီး ပူးပေါင်းဆောင်ရွက်ဖို့ အသေးစိတ်ဆွေးနွေးကြတာပါ။ ဂျပန်ဘက်က စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ ပိုမိုဝင်လာမယ်လို့ သုံးသပ်ပါတယ်"ဟု ပြောသည်။

UMFCCI အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က "ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုပြီး တက်ရောက်တာဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်တဲ့အခါမှာ အချို့အပိုင်းတွေက ပေါ်လစီနဲ့ပတ်သက်တဲ့ ကိစ္စတွေရှိတယ်။ တချို့ကိစ္စတွေကတော့ အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းပေးရမယ့် ကိစ္စတွေရှိပါတယ်။ ဒါပေမယ့် တစ်နေ့တာဆွေးနွေးမှုက ပြီးပြည့်စုံတဲ့ အကျိုးရလဒ်တွေ မရနိုင်တဲ့အတွက် သက်ဆိုင်ရာကဏ္ဍတွေအလိုက် ဆက်လက်ဆွေးနွေးရမယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ထိထိရောက်ရောက်နဲ့ တိုးတက်နိုင်မယ်လို့ ယူဆပါတယ်။ နှစ်ဦးနှစ်ဖက် စီးပွားရေးလုပ်ငန်းရှင်တွေ အကျိုးရလဒ်ကောင်းတွေ ရရှိတဲ့အခါ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ လူမှုဘဝတွေ၊ ကျန်းမာရေး၊ ပညာရေးစသည်ဖြင့် တိုးတက်လာမှာ ဖြစ်ပါတယ်" ဟု ဆိုသည်။

ညှိနှိုင်းဆောင်ရွက်မည့် ကိစ္စရပ်တစ်ခုချင်းစီအတွက် လုပ်ငန်းအုပ်စုများကို ဖွဲ့စည်းခြင်းဖြင့် ပိုမိုနက်ရှိုင်းသော ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများမှနေ၍ မြန်မာနိုင်ငံကို အထောက်အကူပြုပေးမည်ဆိုသော ခိုင်မာသောကတိကို အဆိုပါဆွေးနွေးပွဲတွင် ထပ်လောင်းအတည်ပြုခဲ့ကြောင်း သိရသည်။

အပိုင်း(က)ဆွေးနွေးပွဲများကို ၂၀၁၃ ခုနှစ်မှစတင်ခဲ့ပြီး ခြောက်ကြိမ်တိုင်ကျင်းပခဲ့ကာ ယခုအစည်းအဝေးသည် အပိုင်း(ခ)အတွက် ပထမအကြိမ်ကျင်းပသော အစည်းအဝေးဖြစ်ကြောင်း သိရသည်။

**သတင်း-ဝင်းစန္ဒီ၊ ဓာတ်ပုံ - ရဲထွဋ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စစ်သွေးကြွဟု ယူဆရသူ လူ ၈၀၀၀ ကျော် ဖမ်းဆီးထား

**ဒါကာ ဇွန် ၁၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အကြမ်းဖက်စစ်သွေးကြွများ နှိမ်နင်းရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရက်သတ္တပတ်ကြာ စစ်ဆင်ရေးလုပ်ငန်း၏ တတိယမြောက်နေ့တွင် စစ်သွေးကြွများဟု သံသယရှိသူ ၃၂၄၅ ဦးကျော်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းလိုက်ရာ စုစုပေါင်း ဖမ်းဆီးထိန်းသိမ်းထားသူ ၈၀၀၀ ကျော်ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ယနေ့ တရားဝင်ပြောကြားသည်။

ဇွန် ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းလုံးတွင် မသင်္ကာသူ လူ ၃၂၄၅ ဦးကို ဖမ်းဆီးထိန်းသိမ်းထားပြီး ယင်းတို့အနက် စစ်သွေးကြွ ၃၄ ဦး ပါဝင်ကြောင်း၊ စစ်သွေးကြွ နှိမ်နင်းရေးအစီအစဉ်၏ ပထမ ၄၈ နာရီအတွင်း လူပေါင်း ၅၃၂၄ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၎င်းတို့အထဲတွင် စစ်သွေးကြွများဟု သံသယရှိသူ ၈၅ ဦး ပါဝင်ကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အေကေအမ် ကာမူရယ်အာရှန်က သတင်းထောက်များကို ပြောကြားသည်။

စစ်သွေးကြွများ နှိမ်နင်းရေးအစီအစဉ်၏ တတိယမြောက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းထားသူများအနက် စစ်သွေးကြွများဟု သံသယရှိသူ ၁၁၉ ဦး ပါဝင်ကြောင်း၊ အများစုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မတရားအသင်းအဖြစ် ပိတ်ပင်ခံထားရသော ဂျမားအတယ်လ် မူဂျာဟစ်ဒင် ဘင်္ဂလားဒေ့ရှ် (ဂျေအမ်ဘီ) အဖွဲ့ဝင်များဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။



ဂျေအမ်ဘီအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အစ္စလာမ့်ဝါဒအခြေခံနိုင်ငံအဖြစ် ထူထောင်ရေး လှုပ်ရှားဆောင်ရွက်နေပြီး ယင်းနိုင်ငံအတွင်းရှိ ခရိုင်ပေါင်း ၆၄ ခရိုင်အနက် ၆၃ ခရိုင်၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် မြို့တော် ဒါကာ၌ ဗုံးဖောက်ခွဲမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ ယင်းလုပ်ရပ်ကြောင့် လူနှစ်ဦး သေဆုံးပြီး လူပေါင်း ၁၅၀ ထိခိုက်ဒဏ်ရာရခဲ့သည်။ **ဆင်ဟွာ။**

## ရန်ဟိုင်းလေဆိပ်တွင် ပေါက်ကွဲမှုကြောင့် လူလေးဦး ဒဏ်ရာရ

**ရှန်ဟိုင်း ဇွန် ၁၃**

ရှန်ဟိုင်းမြို့ ပူဒုန်လေဆိပ်တွင် တနင်္ဂနွေနေ့မွန်းလွဲပိုင်းက လက်လုပ်ဗုံးဟုယူဆရသည့် ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် လူလေးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တရုတ်တာဝန်ရှိသူများက ပြောကြားသည်။ လေဆိပ်တွင် အမျိုးသားတစ်ဦးက ဗုံးဖောက်ခွဲပြီး သူကိုယ်တိုင်လည်း ဓားတစ်ချောင်းဖြင့် ကိုယ့်ကိုယ်ကိုယ်သတ်သေရန် ကြိုးစားခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါအမျိုးသားသည် လွယ်အိတ်ထဲမှ ပုလင်းတစ်လုံးကို ဆွဲထုတ်ခဲ့သည်ဟု ရှန်ဟိုင်းမြို့တာဝန်ရှိသူများက ပြောကြားသည်။ ထို့နောက် အဆိုပါ လက်လုပ်ဗုံးကို ပစ်ပေါက်ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ဖောက်ခွဲပြီးနောက် အဆိုပါ အမျိုးသားသည် ဓားတစ်ချောင်းဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ကြိုးစားခဲ့သည့်အတွက် လည်ပင်းတွင် ဒဏ်ရာရရှိသွားခဲ့သည်။

တာဝန်ရှိသူများက ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး အခြားလူများ ပါဝင်ပတ်သက်မှုရှိ၊ မရှိ ရှာဖွေဖော်ထုတ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# ကမ္ဘာတစ်ဝန်းမှ နျူကလီးယားလက်နက်ထိပ်ဖူးများ

**စတော့ဟုမ်း ဇွန် ၁၃**

၁၉၉၀ ခုနှစ် စစ်အေးတိုက်ပွဲပြီးနောက်ပိုင်း ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားထိပ်ဖူး ၆၀၀၀၀ ခန့်ရှိသည်ဟု စတော့ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသန အင်စတီကျုက ပြောကြားသည်။

၁၉၉၁ ခုနှစ်တွင် အမေရိကန်နိုင်ငံနှင့် ယခင်ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့သော START-I ဟု လူသိများသည့် မဟာဗျူဟာလက်နက်များ လျှော့ချရေးစာချုပ် ချုပ်ဆိုပြီးနောက် ၂၀၀၀ ပြည့်နှစ်တွင် နျူကလီးယားထိပ်ဖူးအရေအတွက် ထက်ဝက်ခန့်လျော့ကျသွားခဲ့ရာ ၃၁၀၀၀ ခန့်ထိ လျှော့ချနိုင်ခဲ့သည်။ နျူကလီးယားထိပ်ဖူး အရေအတွက်ကို ဆက်လက်လျော့ကျလာခဲ့ရာ ၂၀၁၀ ခုနှစ်တွင် ၂၂၀၀၀ ဝန်းကျင် ရှိလာခဲ့သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ကမ္ဘာတစ်ဝန်းနျူကလီးယားလက်နက်ကင်းစင်အောင် ဆောင်ရွက်မည်ဟု ချက်သမ္မတနိုင်ငံ၏မြို့တော် ပရာ့ဂ်မြို့တွင် ပြောကြားသည့် မိန့်ခွန်းတွင် ကတိပြုခဲ့ပြီး နောက်တစ်နှစ် ၂၀၁၀ ခုနှစ်တွင် အမေရိကန်နှင့် ရုရှားနိုင်ငံတို့က START စာချုပ်သစ် ချုပ်ဆိုကာ နျူကလီးယားထိပ်ဖူးအရေအတွက် ဆက်လက်လျှော့ချနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

ယခုနှစ် ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံက နျူကလီးယားထိပ်ဖူး ၇၀၀၀ ပိုင်ဆိုင်ထားပြီး လွန်ခဲ့သည့်နှစ်ကထက် ၂၆၀ လျော့နည်းသွားသကဲ့သို့ ရုရှားနိုင်ငံကလည်း နျူကလီးယားထိပ်ဖူး ၇၂၉၀ ပိုင်ဆိုင်ထားပြီး ပြီးခဲ့သည့်နှစ်ကထက် ၂၁၀ လျော့ကျသွားခဲ့သည်။

နျူကလီးယားလက်နက်မပြန့်ပွားရေး စာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအနက် ပြင်သစ်နိုင်ငံက နျူကလီးယားထိပ်ဖူး ၃၀၀၊ တရုတ်နိုင်ငံက ၂၆၀ နှင့် ဗြိတိန်နိုင်ငံက ၂၁၅ ခုပိုင်ဆိုင်ထားသည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံက နျူကလီးယားထိပ်ဖူးအရေအတွက် ၁၁၀ နှင့် ၁၃၀ ကြားတွင်ရှိပြီး အိန္ဒိယနိုင်ငံက ၁၀၀ နှင့် ၁၂၀ ကြားတွင် ရှိမည်ဟု အဆိုပါအင်စတီကျု့က ခန့်မှန်းသည်။ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် လွန်ခဲ့သည့်နှစ်များအတွင်း နျူကလီးယားထိပ်ဖူး ၁၀ ခုခန့် တိုးလာပြီး အစ္စရေးနိုင်ငံတွင် နျူကလီးယားထိပ်ဖူး ၈၀ ခန့် ပိုင်ဆိုင်ထားသည်ဟု ခန့်မှန်းထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားထိပ်ဖူး ၁၀ ခု ခန့် ထုတ်လုပ်နိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ။**





## ဘေဒူးလမ်းပြမြေပုံစနစ်ဂြိုဟ်တု တရုတ်နိုင်ငံ ၂၃ ကြိမ်မြောက် လွှတ်တင်

**ဆီချန်း ဇွန် ၁၃**

ဘေဒူးလမ်းပြမြေပုံစနစ်ပါရှိသော ဂြိုဟ်တုတစ်လုံးကို လောင်းမတ်ချ်-၃ စီ အမျိုးအစားသယ်ယူပို့ဆောင်ရေးဒုံးပျံယာဉ်ဖြင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဆီချွမ်ပြည်နယ်ရှိ ဆီချန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဇွန် ၁၂ ရက်တွင် လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဘေဒူးဟုအမည်ပေးထားသော လမ်းပြမြေပုံစနစ်ဂြိုဟ်တုကို ၂၃ ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်သည်။ ဘေဒူးလမ်းပြမြေပုံ ဂြိုဟ်တုစနစ်သည် အမေရိကန်၏ဂျီပီအက်စ် ဂြိုဟ်တုလမ်းပြမြေပုံစနစ်ကို အစားထိုးနိုင်ရန် တရုတ်နိုင်ငံက သုတေသနပြု တီထွင်ထုတ်လုပ်ခဲ့သော ဂြိုဟ်တုစနစ်ဖြစ်သည်။ လောင်းမတ်ချ် သယ်ယူပို့ဆောင်ရေးဒုံးပျံယာဉ်ကို တရုတ်နိုင်ငံက ၂၂၉ ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် တစ်ကမ္ဘာလုံးလွှမ်းခြုံသည့်လမ်းပြမြေပုံစနစ် ဂြိုဟ်တုကွန်ရက်အတွက် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဂြိုဟ်တုများလွှတ်တင်သည့်အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ **ဆင်ဟွာ။**

## အော်လန်ဒိုညကပွဲရုံအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု အက်ဖ်ဘီအိုင်နှင့် လုံခြုံရေးဌာနများ စုံစမ်းစစ်ဆေး

**အော်လန်ဒို ဇွန် ၁၃**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိ ညကပွဲရုံတစ်ရုံ၌ လူပေါင်း ၄၉ ဦးအထိ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော သေနတ်သမားတစ်ဦး ပြစ်မှုကျူးလွန်ရာတွင် တစ်ဦးတစ်ယောက်က နောက်ကွယ်မှ ပံ့ပိုးကူညီပေးခဲ့ခြင်း ရှိ၊ မရှိ အမေရိကန်တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အော်လန်ဒိုမြို့ရှိ ပိန်းဗောင်းသံဟု အမည်ပေးထားသော ညကပွဲရုံအတွင်း အပြင်၌လည်းကောင်း၊ ညကပွဲရုံအနီးတစ်ဝိုက် လမ်းများ၌လည်းကောင်း ပြစ်မှုဆိုင်ရာအထောက်အထားများရရှိနိုင်ရန် ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)နှင့် လုံခြုံရေးအေဂျင်စီများက ပိုက်စိပ်တိုက် ရှာဖွေလျက်ရှိသည်။

အမေရိကန်သမိုင်းတွင် လူအသေအပျောက်အများဆုံး အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို ကျူးလွန်ခဲ့သူက မိမိသည် အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့ကို သစ္စာခံသူဖြစ်သည်ဟု ပြစ်မှုကျူးလွန်ချိန်တွင် အရေးပေါ်တယ်လီဖုန်း ၉၁၁ သို့ ဖုန်းဆက်ပြောကြားခဲ့သည်ဆို၏။

ညကပွဲရုံ လူသတ်ပွဲကျူးလွန်သူမှာ အိုမာမာတင်းဆိုသူဖြစ်ပြီး အာဖဂန်လူမျိုး ရွှေ့ပြောင်းအခြေစိုက်နေထိုင်သော မိဘမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားခဲ့သူဖြစ်ကြောင်း၊ ၎င်းကို နယူးယောက်မြို့၌ မွေးဖွားခဲ့ပြီး ဖလော်ရီဒါပြည်နယ်၌ အခြေစိုက်နေထိုင်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ညကပွဲရုံ လူသတ်ပွဲတွင် လူ ၅၀ အထိ သေဆုံးရသည်ဟု တာဝန်ရှိသူများက ဇွန် ၁၂ ရက်တွင် ပြောကြားခဲ့ကြသည်။ သေဆုံးသူများတွင် လူသတ်သမား သေနတ်သမားလည်းပါဝင်ကြောင်း၊ သေနတ်သမားကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်သတ်ကာ အသေဖမ်းဆီးရမိခဲ့ကြောင်း၊ ၅၃ ဦး ဒဏ်ရာရရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

## ပြည်တွင်းရေးရာ

# တူရကီနိုင်ငံခြားရေးဝန်ကြီး ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ ဇွန် ၁၃**

တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက် ကာဘူတိုကလူးနှင့် အဖွဲ့သည် ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေလေဆိပ် ဧည့်ခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်မိသားစုများအတွက် တူရကီနိုင်ငံမှလှူဒါန်းသည့် ဆန်အိတ် ၅၀၀နှင့် ဆီပုံး ၁၀၀ တို့ကို ပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်လူမှုဝန်ထမ်းရုံးခန်းမ၌ တူရကီပြည်သူများမှလှူဒါန်းသည့် ဆန်အိတ် ၁၀၀၊ ဆီ ၁၀ပုံးနှင့် ကလေး ၂၆၉ ဦးအတွက် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဦးစီးမှူး ဦးသက်လှိုင်ထွန်းထံသို့လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၌ ဆန်အိတ် ၂၀၀ နှင့် ဆီ ၁၀ ပုံးတို့ကို ပြည်နယ်ဦးစီးမှူး ဦးခင်မောင်



ဖော်ထံသို့လည်းကောင်း ပေးအပ်သည်။

ထိုမှတစ်ဆင့် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်ဘာသာ ဝတ်ပြုကျောင်းသို့ရောက်ရှိကာ ဆန်အိတ် ၁၀၀၀၊ ဆီပုံး ၇၀အား ပေးအပ်လှူဒါန်းပြီး ယင်းရပ်ကွက်ရှိ အစ္စလာမ်ဘာသာကိုးကွယ်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ည ၇ နာရီ မိနစ် ၄၀ တွင် စစ်တွေလေဆိပ်မှ ပြန်လည်ထွက်ခွာသွားသည်။ **(ပြည်နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်ဦးကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် ။

# ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၁/၂၀၁၆)အား ဇူလိုင် ၁၂ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်

နေပြည်တော် ဇွန် ၁၃

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄(က)နှင့် နည်းဥပဒေ (၉၉) အရ တင်သွင်းလာသည့် ရွေးကောက်ပွဲ အယူခံမှုအမှတ် (၁/၂၀၁၆) ကို ဇွန် ၁၃ ရက်တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီးနောက် ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။**

ရွေးကောက်ပွဲခုံအဖွဲ့(၁) ဥက္ကဋ္ဌ ဦးအောင်မြင့် ဦးဆောင်သည့်ခုံအဖွဲ့က ကန့်ကွက်လွှာအမှုအမှတ်(၈) လျှောက်ထားသူ ဦးခိုင်ညီညီကျော် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ လျှောက်ထားခံရသူ ဦးအောင်ကျော်ညွန့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အမှုတွင် လျှောက်ထားခံရသူအား ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ချက် အမိန့်ချမှတ်ခဲ့ခြင်းအပေါ် ဦးအောင်ကျော်ညွန့်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) နှင့် နည်းဥပဒေ (၉၉) အရ မေ ၂၃ ရက်တွင် အယူခံမှု တင်သွင်းလာသည်။



အဆိုပါအယူခံမှု တင်သွင်းလာခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ဇွန် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံး ပါဝင်သည့် စုံညီခုံရုံးဖြင့် ကြားနာစစ်ဆေးသွားမည်ဖြစ်ကြောင်း ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှု အမှတ် (၁/၂၀၁၆)ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအားလုံး ခုံရုံးအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် ရွေးကောက်ပွဲဥပဒေပုဒ်မ (၇၀)အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိအဆင့်(၁) ထက်မနိမ့်သည့်ပုဂ္ဂိုလ်အား ရုံးတော်သဟာယအဖြစ် ဖိတ်ကြားထားကြောင်းလည်း သိရသည်။ **(သတင်းစဉ်)**

### ❂ အသက်မွေးဝမ်းကျောင်းမှ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ဇွန်လပထမပတ်မှစတင်ပြီး မုံရွာမြို့နယ် ဆူးလေကုန်းကျေးရွာတွင် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

"သင်တန်းမှာ အဓိကသင်ပေးတာက သာမန် မိတ်ကပ်လိမ်းနည်း၊ ပွဲတက် မိတ်ကပ်လိမ်းနည်းနဲ့ ဆံထုံး ထုံးနည်းအခြေခံကအစ သင်ကြားပေးပါတယ်။ အခုလို အလှပြင်ပညာရပ်တွေကို တတ်မြောက်ထားရင် အသက်မွေးဝမ်းကျောင်းကို အထောက်အကူဖြစ်စေပြီး မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုစေမှာဖြစ်ပါတယ်။ မိတ်ကပ်လိမ်းနည်းနဲ့ ဆံထုံးထုံးနည်းကို အခြေခံကစပြီး တတ်မြောက်တဲ့အထိ သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ကျေးလက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အလှပြင်သင်တန်းကို ဇွန် ၇ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချလျက်ရှိပြီး မုံရွာမြို့နယ်အတွင်းရှိ ဆူးလေကုန်းကျေးရွာနှင့် ကုက္ကိုစုကျေးရွာနှင့် ထန်းလေးပင်ကျေးရွာ၊ မင်းတဲကျေးရွာ၊ ချမ်းသာကျွန်းကျေးရွာနှင့် ထနောင်းကုန်းကျေးရွာများမှ သင်တန်းသူ ၃၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# မြောက်ဦးမြို့နယ် သံချောင်းသစ်ရွာမူလတန်းကျောင်းဆောက်လုပ်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

**မြောက်ဦး ဇွန် ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် ပညာရေးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရက် ၁၀၀ စီမံကိန်းကာလ လုပ်ငန်းတစ်ခုဖြစ်သည့် သံချောင်းသစ်ရွာ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်မှုလုပ်ငန်းများမှာ ဇွန် ၁၃ ရက်အထိ ၅၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း မြောက်ဦးမြို့နယ် ပညာရေးဦးစီးဌာနမှ သိရသည်။

သံချောင်းသစ်ရွာ အခြေခံပညာမူလတန်းကျောင်းသစ်မှာ အလျားပေ ၆၀၊ အနံ ပေ ၃၀ အကျယ်အဝန်းရှိ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်သည်။ နိုင်ငံတော်မှ ငွေကျပ် ၃၂၄သိန်း အကုန်အကျခံတည်ဆောက်နေသော သံချောင်းသစ်ရွာ မူလတန်းကျောင်းကို မေ ၁၂ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စာသင်ကျောင်းတည်ဆောက်မှုလုပ်ငန်းများမှာ ဇွန် ၁၃ ရက်အထိ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ မြောက်ဦးမြို့နယ်၌ လက်ရှိတွင် မူလတန်းကျောင်းပေါင်း ၁၉၆ ကျောင်း၊ မူလတန်းကြိုကျောင်း တစ်ကျောင်းရှိပြီး မူလတန်းပြ ဆရာ ဆရာမ စုစုပေါင်း ၉၅၈ ဦးရှိကာ မူလတန်းကျောင်းသား ကျောင်းသူ ၃၁၆၂၃ ဦးရှိကြောင်း သိရသည်။

မြောက်ဦးမြို့နယ်အတွင်း မူလတန်းကျောင်းများတွင် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်နိုင်မှုမှာ စုစုပေါင်း ၁၈၁ ကျောင်းရှိကြောင်းသိရသည်။

**(မောင်ချစ်ကြည်)**

### ○ လူငယ်များမှ

အဆိုပါသင်တန်းတွင် ကျေးရွာအတွင်းရှိ လူငယ် ၂၀ အား သင်တန်းဆရာများက ဇွန် ၉ ရက်မှ ၁၈ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ "ကျွန်တော်က သင်တန်းမတက်ခင်တုန်းကဆိုရင် ဆိုင်ကယ်ကယ်ရီဆွဲတဲ့အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုပါတယ်။ အခုလို ကျေးလက်ဦးစီးဌာနအနေနဲ့ ကျွန်တော်တို့လိုလူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သင်တန်းက ၁၀ ရက်တည်းဆိုတော့ အခြေခံသဘောတရားလောက်ပဲတတ်မှာပါ။ ဒါပေမယ့် သင်တန်းပြီးသွားရင်လည်း ကျွန်တော်က ဒီပညာတွေကို ဆက်လက်ဆည်းပူးလေ့လာပြီး ရွာမှာ ဆိုင်ကယ်ပြင်ဆိုင်ဖွင့်ပြီးတော့ မိသားစုစားဝတ်နေရေးကို ဖြေရှင်းသွားမှာပါ"ဟု သင်တန်းတက်ရောက်သူ ကိုလှိုင်ဝင်းက သင်တန်းပြီးချိန်တွင် လုပ်ဆောင်မည့်ရည်ရွယ်ချက်ကို ရှင်းပြသည်။

**(ရွှေရဲရင့်)**



# နဂါးနီစာအုပ်အသင်းကြီးနှင့် ခေတ်ပြိုင်စာအုပ်တိုက်

**မြင့်ဆွေဦး**

နဂါးနီစာအုပ်အသင်းကြီးထူထောင်၍ တစ်နှစ်ကျော်လာသည့်အခါ ငွေရေးကြေးရေးအကျပ်အတည်း တွေ့လာခဲ့သည်။ နယ်မှ နဂါးနီစာအုပ် ကိုယ်စားလှယ်များထံမှ အချိန်မီငွေမပို့လာသဖြင့် စာအုပ်အသင်းတွင် ငွေချို့တဲ့လာခဲ့သည်။ တချို့ကိစ္စများတွင်လည်း စီးပွားရေးဆန်ဆန်မလုပ်ခဲ့သဖြင့် ထိုက်သင့်သည့်ဝင်ငွေများ မရခဲ့ပေ။ ထို့ကြောင့် စာအုပ်အသင်းကြီးမှာ အရေးတကြီး ငွေ ၅၀၀၀ ခန့် လိုအပ်လာလေသည်။

ဤတွင် ဆာဦးသွင်က နဂါးနီစာအုပ်အသင်းကြီး၌ လိုအပ်နေသော ငွေ ၅၀၀၀ ကို ကူညီမည်ဟု ပြောလေသည်။ သခင်နုနှင့် ဦးထွန်းအေးတို့လည်း ထိုကူညီပေးမည့်ငွေကို လက်ခံရယူရန် ဆာဦးသွင် ချိန်းဆိုသည့်အချိန်တွင် သွားခဲ့ကြရာ လမ်းတွင် အသိမိတ်ဆွေတစ်ယောက်နှင့်တွေ့ရာ စကားလက်ဆုံကျနေသဖြင့် ရောက်ရမည့်အချိန်ထက် ငါးမိနစ်ခန့်နောက်ကျသွားလေသည်။ ထိုအခါ ဆာဦးသွင်က ချိန်းသည့်အချိန်အတိုင်း မရောက်လာသဖြင့် ၎င်းတို့နှစ်ဦးအား လက်ခံတွေ့ဆုံခြင်းမပြုတော့ဘဲ ငွေကြေးအကူအညီကိုလည်း မပေးတော့ပေ။

ဤသို့နှင့် နဂါးနီစာအုပ်အသင်းကြီးတွင် ဦးဆောင်လုပ်ကိုင်နေကြသော ပုဂ္ဂိုလ်များက နဂါးနီစာအုပ်တိုက်လီမိတက်ဟူ၍ဖွဲ့စည်း၍ အစုရှယ်ယာများ ခေါ်ယူရန် စဉ်းစားကြလေသည်။ ထိုအခါ ဦးထွန်းအေးက ထိုအကြံအစည်ကို လက်မခံနိုင်သဖြင့် သီးခြားခွဲ၍ 'မြန်မာပြည် စာအုပ်ဖြန့်ချိရေးဌာန' အမည်ဖြင့် နိုင်ငံရေးစာအုပ်များကို နဂါးနီစာအုပ်အသင်းကြီးနှင့်အပြိုင် ထုတ်ဝေခဲ့လေသည်။ ဦးထွန်းအေးက သီးခြားစာအုပ်တိုက် ထူထောင်ခဲ့ပုံနှင့်ပတ်သက်၍ သခင်သန်းထွန်းက သခင်ဗဟိန်း၏ 'ဓနရှင်လောက' စာအုပ်အမှာစာတွင် အောက်ပါအတိုင်း ရေးသားခဲ့လေသည်-

'သခင်စိုး၏ ဆိုရှယ်လစ်ဝါဒကျမ်းကို အမှာရေးစဉ်က အမှာတွင်ပါသည့်အချက်အနည်းငယ်တို့နဲ့ ပတ်သက်ပြီး ကိုထွန်းအေး (နဂါးနီကို မူလထုတ်ဝေသူ)မှာ ထိခိုက်ခဲ့၏။ စာအုပ်ထွက်ပြီး အခြားအကြောင်းများကြောင့် နဂါးနီနှင့် လမ်းခွဲခဲ့ကြ၏။ နောက်တစ်လလောက်ကြာလျှင် ကျွန်တော်နှင့် နဂါးနီ လမ်းခွဲခဲ့ရ၏။'

ဦးထွန်းအေးသည် နဂါးနီစာအုပ်တိုက်အဖြစ် မထူထောင်သေးမီကပင် စာအုပ်များကို ထုတ်ဝေခဲ့သည်။ နဂါးနီစာအုပ်အသင်းကြီးမှ ပထမဆုံး ထုတ်ဝေခဲ့သော 'ဦးလွန်း၊ မျိုးချစ်အာဇာနည်နဲ့ သူပုန်စာရေးဆရာကြီး' စာအုပ်ကို ထုတ်ဝေသည့်အခါ 'ထွန်းအေး-စာအုပ်ဖြန့်ချိရေးဌာန'မှ ထုတ်ဝေသည်ဟု စာအုပ်ပုံနှိပ်မှတ်တမ်းတွင် ဖော်ပြခဲ့သည်။ ထို့အတူပင် သိန်းဖေ (သိန်းဖေမြင့်)၏ 'မင်းတိုင်ပင်' စာအုပ်ကိုလည်း ဦးထွန်းအေးကပင် သီးခြားထုတ်ဝေခဲ့သည်။ ယင်းကို ဆရာသိန်းဖေမြင့်က အောက်ပါအတိုင်း ရေးသားခဲ့သည်-

'၁၉၃၇ ခုနှစ် ရောက်တော့ တက်ဘုန်းကြီးဝတ္ထုကြောင့် ကျွန်တော့်အား လူအများက တက်ဘုန်းကြီးသိန်းဖေဟု ခေါ်နေကြလေပြီ။ စာရေးသောအခါ စာရေးသူ မောင်သိန်းဖေဟုသာ ကိုယ့်လက်မှတ်ကိုယ် ရေးထိုးပါလေသည်။ နဂါးနီစာအုပ်တိုက်မန်နေဂျာ ကိုထွန်းအေးသည် ထွန်းအေးစာအုပ်တိုက်ဟူသော ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကို ဖွင့်ထားပြီး ဖော်ပြပါဝတ္ထုသုံးပုဒ်ကို စာတစ်အုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်သည်။'

'မင်းတိုင်ပင်' အမည်ပေးထားသော ထိုစာအုပ်တွင် သိန်းဖေ (သိန်းဖေမြင့်)၏ ဝတ္ထုတိုသုံးပုဒ်ပါလေသည်။ 'ငါ့လင် ငါ့ငွေ၊ မင်းတိုင်ပင်နှင့် စစ်သည်တော်' ဝတ္ထုတို့ ဖြစ်သည်။ ဦးထွန်းအေးသည် နဂါးနီစာအုပ်အသင်းကြီး အတွက် လုပ်ကိုင်ပေးနေရင်း မိမိကိုယ်ပိုင်လုပ်ငန်းအဖြစ်နှင့် စာအုပ်များ ထုတ်ဝေနေခဲ့သည်။ ယင်းသည်ပင် 'မြန်မာပြည် စာအုပ်ဖြန့်ချိရေးဌာန' စာအုပ်တိုက် ဖြစ်လာခဲ့ခြင်းပင် ဖြစ်သည်။ ထိုစာအုပ်တိုက်၏ ကြွေးကြော်သံမှာ 'အကောင်းဆုံး၊ အပေါဆုံး၊ အများဆုံး'ဟူ၍ ဖြစ်သည်။

'မြန်မာပြည် စာအုပ်ဖြန့်ချိရေးဌာန'မှ ပထမဆုံး စတင်ထုတ်ဝေသော စာအုပ်မှာ သခင်ဗသိန်း၏ 'ဓနရှင်လောက' ဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

နဂါးနီစာအုပ်အသင်းကြီး ဖွင့်ပွဲအခမ်းအနားတွင် 'နဂါးနီသီချင်း'နှင့် ဖွင့်လှစ်ပြီး လူထုအားစည်းရုံးလှုံ့ဆော်ခဲ့သလိုပင် ဦးထွန်းအေးကလည်း 'မြန်မာပြည် စာအုပ်ဖြန့်ချိရေးဌာန' ဖွင့်ပွဲတွင် 'ဓနရှင်လောက' သီချင်းဖြင့် ဖွင့်လှစ်ခဲ့လေသည်။

'ဓနရှင်လောက' သီချင်းကို ဒဂုန်သခင်တင်က ရေးသားခဲ့ပြီး အဆိုတော် မောနင်းတင်တင်က သီဆိုခဲ့လေသည်။

ဓနရှင်လောက သီချင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

**ဓနရှင်လောက**

'ဗမာတစ်မျိုးလုံး တူအညီ၊ လွတ်လပ်စေပါမည်၊ ဘုန်းတန်ခိုး တိုးကာ၊ တို့တိုင်း တို့ပြည်'၂

ကမ္ဘာစာရင်း သွင်းချိန်မှီ၊ သာသနာအလင်း ဝင်းထိန်ကြည်၊ ရွှေငွေ ပဒေသာ တစ်ပြည်လုံး တည်း၂ အရာရာ ခေတ်မီပညာရည်၊ ဗမာမှန်ရင် အားလုံး သူဌေးဖြစ်မည်. . . .

(သံပြိုင်) (လိုချင်တာ တကယ်ရအောင် တို့ဝိဇ္ဇာ ဆောင်မမည်၊ လူတိုင်းပင် ဓနရှင်ဖြစ်ဖို့ လောကသစ်ကို ညွှန်ပြသည်)၂ ခေတ်ကို ပြောင်းပြန်လှန်ပြီး၊ ဝိဇ္ဇာတန်ခိုးကြောင့် အောင်မည်၊ ဓနရှင်လောက ဘယ်ဆီ၊ အဆိုးကို ကောင်းစေဖို့ရည်. . .

'ရွှေငွေဆိုလည်း မရှားပြီ၊ ညီတူညီမျှရမည်၊ ကိုယ်ပိုင်နိုင်ငံ အသစ်တည်၊ အမျိုးသား လင်းရောင်ခြည်'၂ မကြာမီ

လွတ်လပ်ရာ၊ လွတ်လပ်ရာ ပို့ဆောင်မည်၊ ခေတ်သစ်ကြီး ပြောင်းဖို့ရည် (လောကနိဗ္ဗာန်ပြည်)၂ သေအချာ လမ်းစကို ညွှန်ပြသည်. . .

(သံပြိုင်) ပြန်ကောက်-

(ဆင်းရဲခြင်းဆိုတာ ကင်းရှင်းကြရမည်၊ အကောင်းဆုံး၊ အပေါဆုံး၊ အများဆုံးပါ အင်္ဂါ သုံးချက်ညီ)၂ (စာပေဖြန့်ချိ-ပါးနပ်အောင် လမ်းပြသည်၊ တို့ဝိဇ္ဇာတွေ မစပြီ)၂ ဗမာပြည် ခါတော်မီ (အေးအေးချမ်းချမ်း ကိုယ်စီ)၂ လောကနိဗ္ဗာန် စံနိုင်ပေဦးမည်. . .

(သံပြိုင်) ပြန်ကောက်-

ဓနရှင်လောကသီချင်းကို ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့က ပရိသတ်များလျှံထွက်သွားအောင် တက်ရောက်ခဲ့သော မြို့တော်ရုံကြီး စစ်ဟောပြောပွဲအခမ်းအနားတွင် ဒဂုန်သခင်တင်နှင့် မောနင်းတင်တင်တို့က သီဆို၍ ဂီတာ ကိုဖူးညို၊ တယော ကိုဘကိုးတို့က တီးမှုတ်ဖျော်ဖြေရာ ပရိသတ်များ အထူးနှစ်သက်သဘောကျခဲ့သည်ဟု ဆိုလေသည်။

ဦးထွန်းအေး၏ 'မြန်မာပြည် စာအုပ်ဖြန့်ချိရေးဌာန'မှ စာအုပ်ပေါင်း ၃၀ ထုတ်ဝေခဲ့သည်။ ပါဝင်ရေးသားခဲ့သူများမှာလည်း နဂါးနီစာအုပ်အသင်းကြီးတွင် ရေးသားနေသူများဖြစ်သည်။ သခင်ဗဟိန်း၊ သခင်စိုး၊ သခင်နု၊ သခင်လှဖေ၊ သခင်ဘသောင်း၊ သခင်လှဘော်၊ သခင်တင်မောင်တို့က စာအုပ်များ ပြုစုရေးသားပေးခဲ့ကြသည်။ အခြားထင်ရှားသော စာရေးဆရာများဖြစ်သည့် သိန်းဖေ(သိန်းဖေမြင့်)၊ တက်တိုး၊ ဦးဘခိုင်၊ ခင်မျိုးချစ်၊ ဒေါ်မြစိန်၊ မြဒေါင်းညို၊ သာဒွန်း၊ မြို့မဆရာဟိန် စသည်တို့ကလည်း ပါဝင်ရေးသားပေးခဲ့သည်။

ထုတ်ဝေသည့် စာအုပ်များမှာ နိုင်ငံရေးစာပေများဖြစ်ပြီး ယင်းတို့အနက်မှ အချို့ကို အောက်ပါအတိုင်း တင်ပြလိုက်ပါသည်-

၁။ ဓနရှင်လောက (သခင်ဗဟိန်း)
၂။ ဥရောပရှင်းတမ်း (သာဒွန်း)
၃။ နိုင်ငံရေးရှင်းတမ်း (ဦးထွန်းသန်း)
၄။ ဗမာ့တော်လှန်မှု (သခင်စိုး)
၅။ စစ်သူလျှိုများ (မြို့မ ဆရာဟိန်နှင့် ခင်မျိုးချစ်)
၆။ ကမ္ဘာ့စစ်နှင့် ဗမာ့ နောင်ရေး (သခင်ဗဟိန်း)
၇။ နဂါးနက် (သာဒွန်း)
၈။ စစ် အတွင်းရေး (သာဒွန်း)
၉။ ဖက်ဆစ်ဓားပြ (ဘကလေး)
၁၀။ ဂျပန့်ခြေလှမ်း (သိန်းထိုက်)
၁၁။ မာတာဟာရီ (တက်တိုး)
၁၂။ ဂျာမဏီ အတွင်းရေး (ဦးဘခိုင်)
၁၃။ အလုပ်သမားလောက (သခင်စိုး)
၁၄။ စစ်နှောင်ကြိုး (ခင်မျိုးချစ်)
၁၅။ စစ်နှင့် ဘုံဝါဒ (သခင်လှဖေနှင့် ဦးဘခိုင်)
၁၆။ ဒေါက်တာမာဒင် (ဦးကျော်တင့်)
၁၇။ ဘုံ အာဏာရှင် (သခင်တင်မောင်)
၁၈။ ကိုယ်တွေ့ အိန္ဒိယ (ဦးထွန်းရှိန်)
၁၉။ တကယ့်ခေါင်းဆောင် (သံတွဲမောင်)
၂၀။ စစ်ပြန် (မြဒေါင်းညို)
၂၁။ လိုတရ ဘဘီခာန် (သခင်နုနှင့် သခင်လှဖေ)
၂၂။ ဂျာမဏီ (သာဒွန်း)
၂၃။ နပိုလီယံ (တက်တိုး)
၂၄။ လူ့မုန်တိုင်း (တက်တိုးနှင့် ခင်မျိုးချစ်)
၂၅။ ဆင်ဖိန်း (သခင်လှဘော်)
၂၆။ ရေနံ (သခင်ဘသောင်း)
၂၇။ မိန်းမ (ဒေါ်မြစိန်)
၂၈။ တိုင်းပြည့်ရန်သူ (သခင်ဘသောင်း)
၂၉။ လေနတ်သား (တက်တိုး)
၃၀။ မင်းတိုင်ပင် (သိန်းဖေ) တို့ ဖြစ်သည်။

ယင်းစာအုပ်များအနက် သခင်စိုး၏ 'ဗမာ့တော်လှန်မှု'၊ သခင်ဗသိန်း၏ 'ကမ္ဘာစစ်နှင့် ဗမာ့ နောင်ရေး'နှင့် သာဒွန်း၏ 'နဂါးနက်' စာအုပ်တို့ကို အစိုးရက ပိတ်သိမ်းခဲ့သည်။

ဦးထွန်းအေး၏ 'မြန်မာပြည် စာအုပ်ဖြန့်ချိရေးဌာန'သည် နဂါးနီနှင့် ခေတ်ပြိုင်ပေါ်ပေါက်ခဲ့ပြီး အမှန်မှာ နဂါးနီစာအုပ်တိုက်ခွဲတစ်ခုဟုပင် ဆို၍ရသည်။ ထုတ်ဝေခဲ့သော စာအုပ်များမှာလည်း နဂါးနီစာအုပ်အသင်းကြီးက ထုတ်ဝေနေသော စာအုပ်များအတိုင်းပင်ဖြစ်သည်။ ပါဝင်ရေးသားသူများကလည်း နဂါးနီစာအုပ်အသင်းကြီး၏ စာရေးဆရာများပင် ဖြစ်သည်။

'မြန်မာပြည် စာအုပ်ဖြန့်ချိရေးဌာန' စာအုပ်များလည်း အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုတိုက်ပွဲအတွက် လမ်းညွှန်လမ်းပြစာအုပ်များဖြစ်သည်။ ထိုစာအုပ်များကြောင့် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုတိုက်ပွဲတွင် လူငယ်လူရွယ်များ ပါဝင်လာခဲ့ခြင်း ဖြစ်သည်။

'မြန်မာပြည် စာအုပ်ဖြန့်ချိရေးဌာန' စာအုပ်တိုက်ကဲ့သို့ နိုင်ငံရေး စာအုပ်များထုတ်ဝေသော အခြားစာအုပ်တိုက်များလည်း ရှိခဲ့သည်။ ၎င်းတို့မှာ အောင်လံတော်စာအုပ်တိုက်၊ ပြည်သူ့အာဏာ ဖြန့်ချိရေးဌာန၊ ဗမာပြည်လက်ဝဲစာအုပ်အသင်း၊ ဗဟိုဖြန့်ချိရေးအဖွဲ့၊ ရှေ့တော်ပြေး စာအုပ်တိုက်တို့ဖြစ်သည်။ အခြားစာအုပ်တိုက်များလည်း ရှိနိုင်သေးသည်။

ဗမာပြည်လက်ဝဲစာအုပ်အသင်းမှာ ၁၉၃၉ ဇူလိုင်လတွင် စတင်တည်ထောင်ခဲ့သည်။ နဂါးနီစာအုပ်အသင်းကဲ့သို့ပင် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒစာအုပ်များကိုသာ ရွေးချယ်ထုတ်ဝေမည်ဟု ကြေညာခဲ့သည်။ နဂါးနီစာအုပ်အသင်းကြီးအတိုင်း အသင်းဝင်များကို လက်ခံပြီး စာအုပ်များ ဖြန့်ဝေမည်ဟု ဆိုသည်။ အသင်းတည်ထောင်သူ သခင်ဗစိန်ဖြစ်၍ နဂါးနီစာအုပ်အသင်းကဲ့သို့ လိုက်လံတုပထုတ်ဝေရန် စီစဉ်ခြင်းဖြစ်သည်။ ။

## ရေပြင်ကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်

**မကွေး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သည့် မိုးရာသီအတွင်း ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ပြည်သူများအတွက် အချိန်မီ ကယ်ဆယ်နိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာများသို့ ပို့ဆောင်ရန်အတွက် ယနေ့ နံနက်က ကယ်ဆယ်ရေးကာလနှင့်အတူ ချေမှုန်းရေး စပိဘုတ်များဖြင့် ဧရာဝတီမြစ်အတွင်း ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်သည်။

လေ့ကျင့်ရေးတွင် စပိဘုတ်မောင်းနှင်ခြင်း၊ ရေပြင်အသက်ကယ်ခြင်းတို့ကို မကွေးခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးက ဇာတ်တိုက်လေ့ကျင့်သည်။ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက ကယ်ဆယ်ရေးမော်တော်ယာဉ်ဖြင့် ချက်ချင်းအကူအညီပေးသွားမည်ဖြစ်ပြီး အဆိုပါယာဉ်ပေါ်တွင် စက်လှေ၊ ထောက်ကန်ပစ္စည်း (Liftinf Bag)၊ ဖြတ်တောက်ပစ္စည်း (Cutter) စသည်ဖြင့် လျင်မြန်လွယ်ကူစွာ အသုံးပြုနိုင်မည့် အဆင့်မြင့် ကယ်ဆယ်ရေးပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့အနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များအား ကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများကို တစ်ပတ်လျှင် တစ်ကြိမ် လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

■



**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# သုတ၊ ရသစာပေနှင့် မဂ္ဂဇင်းတွေ ပျောက်ကွယ်တော့မှာလား

**မျိုးဝင်းမောင်(အပျောက်ရွှေမြေ)**

စာပေနှင့်ပတ်သက်၍ အမျိုးမျိုးရေးသားဖော်ညွှန်းကြပါတယ်။ အလိမ္မာ စာမှာရှိ၊ စာပေမြင့်မှလူမျိုးတင့်၊ အစာငတ်ရင် တစ်ခဏ၊ စာမတတ်ရင် တစ်ဘဝ၊ စာပေမတတ်ရင် လက်ဗွေအမှတ် ကြက်ခြေခတ်၊ စာဖတ်ရင် ကမ္ဘာပတ်သလို ပါပဲတဲ့။ စာပေနှင့်ပတ်သက်၍ အမျိုးမျိုး ခိုင်းနှိုင်းဖွဲ့ဆိုကြပါတယ်။

တစ်ချိန်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူကြီးသူမများ စာဖတ်အားနည်းတဲ့အတွက် စာတတ်မြောက်ရေး လှုပ်ရှားမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ထိုအချိန်က ၁၉၇၅-၁၉၇၆ ခုနှစ်လောက်ဖြစ်မည်။ ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝတွင် စာတတ်မြောက်ရေး လှုပ်ရှားမှုမှာ ပါဝင်၍ လုပ်အားပေးအဖြစ် ရပ်ကွက်၊ ကျေးရွာတွေမှာ အဖွဲ့လိုက်စုရုံးကာ ဦးလေး၊ အဒေါ်သားချင်းအရွယ်တွေကို စာပေ တတ်မြောက်ဖို့အတွက် သင်ကြားပေးခဲ့ရဖူးပါတယ်။

**စာရေးသူ၊ စာပေထုတ်လုပ်တဲ့မဂ္ဂဇင်းနဲ့ စာအုပ်တိုက်တွေ၊ စာဖတ်သူတွေဟာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် မိတ်ဆွေသုံးဦးဆိုရင် မှန်ပါလိမ့်မယ်။ ဒါကြောင့် စာရေးသူ၊ စာပေဟောပြောသူ၊ စာပေထုတ်လုပ်သူတွေရော မိမိတို့ရဲ့ စာပေအရေးအသား၊ အဟောအပြောနဲ့ ထုတ်လုပ်သူတွေပါ စာဖတ်ပရိသတ်က လက်ခံနိုင်လောက်တဲ့၊ နောင်လာနောက်သားတွေ မှတ်သားထိုက်တဲ့၊ စာဖတ်ပရိသတ်က မှတ်ကျောက်တင်နိုင်လောက်တဲ့ သဘောမျိုးတွေပဲဖြစ်စေချင်ကြောင်း ရေးသား အကြံပြုလိုက်ပါတယ် ခင်ဗျာ. . .**

ကျွန်တော်တို့ အဘိုးအဘွားတွေအရွယ်ခေတ် တစ်ချိန်က သူတို့ရဲ့ အတွေးအခေါ်၊ အယူအဆတွေဟာ သေစာ၊ ရှင်စာ ရေးတတ်၊ ဖတ်တတ်ရင်ပဲ ကျေနပ်နှစ်သိမ့်နေတတ်ကြပါတယ်။ ဒါကြောင့်လည်း စာပေတတ်မြောက်သူ၊ ခေတ်ပညာတတ်သူ နည်းပါးခဲ့ရတာပါ။ စာတတ်မြောက်ရေး လှုပ်ရှားမှုတွေကြောင့် နောက်ပိုင်းမှာ စာဖတ်အားမြင့်လာပြီးတော့ရပ်ကွက်၊ ကျေးရွာမှအစ စာအုပ်အငှားဆိုင်လေးတွေ အတော်များများ ပေါ်ပေါက်ခဲ့ကြပါတယ်။ အဲဒီအချိန်က ရပ်ကွက်စာကြည့်တိုက်ဆိုတာ မရှိသေးပါဘူး။

သုတ၊ ရသ၊ ကဗျာ၊ ရုပ်ပြကာတွန်းစာအုပ်များနှင့် လုံးချင်းဝတ္ထုများ စာအုပ်အငှားဆိုင်များတွင် အတော်ငှားကြရ၍ ညနေဘက်ဆိုလျှင် စာအုပ်ငှားသူများ ဆိုင်တွင်းပြည့်လျှံနေကာ မိမိတို့ကြိုက်နှစ်သက်ရာကို ရွေးချယ်ငှားကြရပါတယ်။ တစ်ရက်ဖတ်ခ စာအုပ်တစ်အုပ်လျှင် ၂၅ ပြား၊ ကမ်းကုန် ပြားငါးဆယ်ပင်ဖြစ်ပါတယ်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်ဆိုလျှင် စာအုပ်ဆိုင်တွေမှာ ပိုပြီး လူစည်ကားလှပါတယ်။

ထိုအချိန်က လျှပ်စစ်မီးဆိုတာမရှိ၊ ရေနံဆီမီးခွက်၊ ဖယောင်းတိုင်နှင့် ရေနံဆီမှန်အိမ်များနှင့်သာ ဖတ်ကြရပါတယ်။ ယခုခေတ်အနေအထားတွေမှာတော့ အတော်ကွာခြားခဲ့ပါပြီ။ စာတတ် ခေတ်ပညာတတ်တွေထွန်းကား၍ ရပ်ကွက်တိုင်းမှာလိုလို စာကြည့်တိုက်များဖွင့်ထားပြီးဖြစ်ပါတယ်။ သို့သော်လည်း စာဖတ်အားနည်းကြတာတွေ့မြင်နေရပြီး တချို့စာကြည့်တိုက်တွေ စာဖတ်သူတောင်မရှိ၊ တချို့ပိတ်ထားကြရတယ်။

လူငယ်အတော်များများ ဖေ့စ်ဘုတ်နှင့် အင်တာနက်များကိုသာ အသုံးပြုကြ၍ ထိုအထဲမှာပင် အရာအားလုံးကို ရှာဖွေဆန်းစစ်နေကြပြန်တယ်။ အိုင်တီခေတ် ထွန်းကားနေ၍ တချို့လည်းကောင်း၍ တချို့ကြတော့လည်း မိမိတို့အတွက် ကိုယ်ကျိုးမဲ့တာတွေရှိနေကြပြန်တယ်။ တချို့ဆိုအတော်ငယ်ရွယ်တဲ့ ကလေးငယ်တွေပင် ဟန်းဖုန်းလေးတွေ ကိုယ်စီနှင့် သီချင်းပေါင်းစုံနားထောင်ကြတယ်။ ဂိမ်းမျိုးစုံ ဆော့ကစားကြ၊ နောက်ဆုံးမဖွယ်မရာ စာသားတွေရေးသားပြီး တစ်ဦးနှင့်တစ်ဦး အတိုက်အခိုက်လုပ်လာကြသည်။ မဖွယ်မရာ ညစ်ညမ်းမှုတွေ ကြည့်ရှုလာကြပါသည်။

ကြာလာတော့ ဒါတွေဟာ အမိနိုင်ငံရဲ့ စာပေနဲ့ယဉ်ကျေးမှုကို ထိခိုက်လွှမ်းမိုးလာကြတယ်။ မိမိတို့ရဲ့ စာပေလောက မှေးမှိန်လာတယ်။ ဒီနောက်စီးပွားရေး ပေါ်လစီအရ ဂျာနယ်၊ စာစောင်တွေနှင့် စာပေဟောပြောပွဲတွေ အတော်များများ ပေါ်ပေါက်လာပြန်တယ်။ ကျွန်တော်အပါအဝင် မိုးလင်းတာနဲ့ ဘယ်ဂျာနယ်က ဘာအကြောင်းသတင်းထူးတွေ၊ ဘယ်လိုပြဿနာမျိုးတွေ၊ ဘယ်လိုအပုပ်ချ သတင်းတွေပါမလဲဆိုတဲ့ အတွေးမျိုးတွေနဲ့ လူတိုင်းကိုယ်စီ ဂျာနယ်လေးတွေဝယ်၍ ဖတ်ကြပြန်တယ်။

ဂျာနယ်တစ်စောင်လျှင် အနည်းဆုံးနှစ်ရာကျပ်မှ အများဆုံး ငါးရာကျပ်ထိဆိုတော့လည်း အတော်များများ ဝယ်ဖတ်နိုင်ကြပါတယ်။ သတင်းထူးများပါတဲ့နေ့ဆိုရင် ဂျာနယ်တိုင်းလိုလို အလုအယက်ရေးသားကြ၍ ဖတ်တဲ့သူများကလည်း အလုအယက်ရအောင်ဝယ်ယူကြပြန်ပါတယ်။ အမှန်တကယ်တော့ နေ့စဉ် သို့မဟုတ် တစ်ပတ်တစ်ကြိမ် ဂျာနယ်များထုတ်ဝေနေတဲ့အတွက် အဆင်ပြေလှပါတယ်။ တချို့ကလည်း မိမိတို့ ထင်မြင်ချက်အတိုင်း ရေးသားဝေဖန်နေကြပြီး အကြောင်းအကျိုး အကောင်းအဆိုးကို မဆန်းစစ်၊ မိမိသတင်းပါဖို့သာ အဓိကဖြစ်နေပါတယ်။

မိမိတို့ ရေးသားဝေဖန်လိုက်တဲ့ သတင်းဆောင်းပါးများသည် တိုင်းပြည်နှင့်လူထုအတွက် သို့မဟုတ် နောင်လာနောက်သားများအတွက် မှတ်သားထိုက်စရာ၊ ပညာရစရာ အကျိုးရှိ၊ မရှိကိုလည်း ရေးသားသူ မိမိတို့ကိုယ်တိုင်ကလည်း တွေးခေါ်စဉ်းစားသင့်ပါတယ်။ တစ်ဦးနှင့်တစ်ဦး အပြုသဘောမျိုးမဟုတ်ဘဲ ငယ်ကျိုးငယ်နာတွေဖော်ပြီး တစ်ဦးနှင့်တစ်ဦးအပြစ်တင်အပုပ်ချနေတာတွေလည်း တွေ့နေကြရပါတယ်။ တချို့စာဖတ်ပရိသတ်တွေကလည်း လက်ဖက်ရည်ဆိုင်တွေမှာ ဖတ်နေကြရင်းနှင့်ပင် သူတို့က တစ်ဖန်ပြန်လည် ဝေဖန်သုံးသပ်၍ ရယ်မောနေကြပြန်တယ်။

မိမိတို့ရေးသားဝေဖန်နေတဲ့ စာပေများဟာ အကျိုးပြုတဲ့စာပေ၊ အကြံပြုတဲ့စာပေ၊ တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှုရှိစေတဲ့ စာသားများသာဖြစ်စေချင်ပါတယ်။ တချို့ကလည်း ဘယ်အစိုးရ တက်တက် တက်လာတဲ့အစိုးရအပေါ်ရော၊ ဆင်းသွားတဲ့အစိုးရအပေါ်ရော အမျိုးမျိုးနှင့် မိမိတို့အလိုကျလျှင် အလိုရှိသလို၊ မလိုရင် မလိုသလို ဝေဖန်နေကြတာကိုလည်း ဘယ်အစိုးရပဲဖြစ်ဖြစ် သိနေကြတော့ မြှောက်ထိုးပင့်ကော်ဖြစ်နေသလို ရယ်စရာလည်းဖြစ်နေမှန်း သိသာလှပါတယ်။

ခေတ်စနစ်နဲ့အညီ ပွင့်လင်းမြင်သာမှုအရဆို၍လည်း ပွင့်လင်းမြင်သာစွာ ရေးသားဝေဖန်နေကြတာတော့ ကောင်းပါတယ်။ သို့ပေမယ့် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းပြီး မိမိအထုပ်ကို မိမိတို့ဖြေပြနေသလိုမျိုးတော့ မဖြစ်စေချင်ပါ။ မိမိတို့လည်း မြန်မာပြည်အတွင်းမှာနေထိုင်ကြတဲ့ မြန်မာနိုင်ငံသားတွေပီပီ အမိနိုင်ငံရဲ့ သိက္ခာပိုင်းတော့ ထိန်းသိမ်းသင့်ပါတယ်။ မှားတဲ့သူတွေ ဘယ်လိုပင်မှားခဲ့ပါစေ အနောက်မှာထား၍ မိမိတို့က စာပေအရေးအသားတွေနဲ့ ဆက်၍မမှားသင့်ဖို့ သတိထားရမှာပါ။


မြန်မာနိုင်ငံအတွင်း စာပေဟောပြောပွဲတွေ နေရာတိုင်း၊ မြို့နယ်တိုင်း ကျင်းပနေကြပြန်တယ်။ ကောင်းပါတယ်။ စာပေဟောပြောပွဲတွေ ကျင်းပနေခြင်းက အသိအမြင်တွေ၊ ဗဟုသုတတွေ ကြွယ်ဝဖို့အတွက် ဟောပြောနေခြင်းဆိုရင်တော့ ချီးမွမ်းရမှာပါ။ ဇာတ်သမားပြန်သွားရင် မှတ်သားစရာကျန်ရမယ်ဆိုတဲ့စကားအရ စာပေသမားပြန်သွားရင်လည်း ဘာတွေများကျန်ခဲ့သလဲဆိုတဲ့ သဘောမျိုးသာဖြစ်စေချင်ပါတယ်။ တကယ်စာပေကို ကျွမ်းကျင်ပြီး ဗဟုသုတနဲ့ စာပေတတ်မြောက်တဲ့စာရေးဆရာကြီးတွေကတော့ တစ်ချိန်က အဟောအပြောကောင်းခဲ့တာကိုလည်း ကြုံတွေ့ခဲ့ရဖူးပါတယ်။

အခုတော့ တချို့က ဟောပြောပွဲရဲ့စတိတ်ပေါ်တက်ရင်ပဲ ကျေနပ်သလိုမျိုးနဲ့ ဂုဏ်ယူချင်တာလား။ ဒါမှမဟုတ် မြိုသိပ်ထားရတဲ့စကားလုံးတွေကို ငါပြောခွင့်ရပြီ၊ ငါပြောချင်တာ ပြောလိုက်ရင်ဖြင့် ပရိသတ်က ဩဘာပေးမှာပဲဆိုတဲ့ အတွေးမျိုးနှင့်ပဲ ဘာပဲဖြစ်ဖြစ် တစ်ဖက်သူရဲ့ ပုဂ္ဂိုလ်ရေးကိုထိခိုက်အောင် အားရပါးရအော်တော့တာပါပဲ။ တချို့ကလည်း လက်ခုပ်တီးချင်လို့တီးတယ် မထင်လိုက်ပါနဲ့။ နောက်ထပ် ဘာတွေများအတင်းပြောဦးမလဲဆိုတဲ့ အတွေးမျိုးနဲ့ မိမိကိုထပ်၍မြှောက်ပြီး ဩဘာပေးလိုက်တယ်ဆိုတာကိုတော့ သတိချပ်သင့်ပါတယ်။

တချို့ စာပေဟောပြောပွဲကို လာရောက်နားထောင်ကြသော်လည်း တချို့က အပျင်းပြေ ဟာသသဘောမျိုးနဲ့လာပြီး နားထောင်ကြတာပါတဲ့။ တချို့ကလည်း ဘယ်အစိုးရကို ဘယ်လိုအပုပ်ချပြီး ဘယ်သူ့ကိုမြှောက်ပင့်ဦးမလဲဆိုတဲ့အတွေးမျိုးနှင့် လာကြသူတွေလည်း ကြားခဲ့ရဖူးတယ်။ စာပေဟောပြောပွဲပြီးသွားတော့လည်း ရယ်ရယ်မောမောနဲ့ ပြက်ရယ်စကားမျိုးတွေနဲ့ တစ်ခါလာလည်း ဒီစကားမျိုးတွေပါပဲကွာဆိုတော့ ကျွန်တော်သာ စာပေဟောပြောတဲ့သူဆိုရင်တော့ ဒီပရိသတ်ကို ရင်မဆိုင်ရဲတော့ပါ။ ဒါကြောင့် စာပေဟောပြောပွဲဟုဆိုရာတွင်လည်း မိမိတို့၏ ထင်ရာမြင်ရာအတွေးတစ်မျိုးသာလျှင် မဖြစ်စေဘဲ အကျိုးရှိမယ့် မှတ်သားထိုက်စရာဖြစ်မယ့် စာပေမျိုးသာလျှင် ဟောပြောစေချင်ပါတယ်။

ယခုခေတ်အနေအထားတွေမှာပင် သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာနဲ့ လုံးချင်းဝတ္ထုများ၊ မဂ္ဂဇင်းများလည်း ပျောက်ကွယ်လုနီးပါးရှိနေပါတယ်။ ဘယ်လိုပင် ဖေ့စ်ဘုတ်နှင့် အင်တာနက်တွေပေါ်နေသော်လည်း တကယ်ရသပီတဲ့ စာသားတွေဟာ စာအုပ်ထဲတွေမှာပဲရှိနေရာ မိမိကိုယ်တိုင် မျက်နှာချင်းဆိုင်၍ ဖွင့်၍ ဖတ်နေရတာက ပို၍အရသာရှိလှပါတယ်။ အမှန်တကယ်တော့ စာရေးသူတွေကို စာဖတ်သူတွေနဲ့ ရင်းနှီးထိတွေ့စေခဲ့တာဟာ မဂ္ဂဇင်းတိုက်တွေပဲဖြစ်ပါတယ်။ မဂ္ဂဇင်းတိုက်တွေ ပေါ်ပေါက်လာခြင်းဟာလည်း စာရေးသူတွေရှိခဲ့၍ စာပေကို အကဲဖြတ်ခဲ့ကြတာလည်း စာဖတ်ပရိသတ်တွေပဲ ဖြစ်ပါတယ်။

စာရေးသူ၊ စာပေထုတ်လုပ်တဲ့ မဂ္ဂဇင်းနဲ့ စာအုပ်တိုက်တွေ၊ စာဖတ်သူတွေဟာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် မိတ်ဆွေသုံးဦးဆိုရင် မှန်ပါလိမ့်မယ်။ ဒါကြောင့် စာရေးသူ၊ စာပေဟောပြောသူ၊ စာပေထုတ်လုပ်သူတွေရော မိမိတို့ရဲ့ စာပေအရေးအသား၊ အဟောအပြောနဲ့ ထုတ်လုပ်သူတွေပါ စာဖတ်ပရိသတ်က လက်ခံနိုင်လောက်တဲ့၊ နောင်လာနောက်သားတွေ မှတ်သားထိုက်တဲ့၊ စာဖတ်ပရိသတ်က မှတ်ကျောက်တင်နိုင်လောက်တဲ့ သဘောမျိုးတွေပဲဖြစ်စေချင်ကြောင်း ရေးသားအကြံပြုလိုက်ပါတယ် ခင်ဗျာ။ ။



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**
နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက် ကာဘူတိုကလူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

**(သတင်းစဉ်)**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၁၃**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ဇွန် ၆ ရက်အတွင်း ၂၆ ရက်ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးများ ပြီးဆုံးသည့် ဇွန် ၁၀ ရက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ရပ်နားကြောင်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးချင်းထံ အသိပေးအကြောင်းကြားပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ် ဇွန် ၆ ရက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပြီးစီးကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဦးမောင်မောင်လင်းအား အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် ဇွန် ၁၄**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးမောင်မောင်လင်းအား အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

**○ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**
အာရုံစိုက်ကစားဖွယ်ရှိနေသည်။ ရန်ကုန်အသင်းနှင့် တွေ့ဆုံနေသည့် မဟာယူနိုက်တက်အသင်းမှာ နာမည်ကြီး ဇာတ်မင်းသား ဖိုးချစ်တည်ထောင်ထားသည့် အသင်းဖြစ်ပြီး ယခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်နောက်ခံလူဟောင်း ဇော်လင်းထွန်း(၂) ကိုင်တွယ်သည့်အသင်းဖြစ်ပြီး ပထမတန်းပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိထားသည့် အသင်းဖြစ်သည်။ နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားပြီး စနစ်တကျပြင်ဆင်ထားသည့် အသင်းဖြစ်သောကြောင့် မဟာယူနိုက်တက်အသင်းကို နာမည်ကြီးရန်ကုန်အသင်း ပေါ့ဆ၍မရပေ။ ရန်ကုန်အသင်းမှာ ၂၀၁၅ ရာသီ ရှုံးထွက်ပြိုင်ပွဲတွင် ပထမတန်းကလပ် GFA အသင်းကိုရှုံးပြီး ပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရသောကြောင့် ယခုနှစ်တွင် မထင်မှတ်သည့် ရလဒ်မထွက်ပေါ်စေရန် ကြိုးပမ်းရမည်ဖြစ်သည်။ ဟံသာဝတီအသင်းမှာ အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲဆက်နေမှုကို ရှုံးထွက်ပြိုင်ပွဲတွင် ရပ်တန့်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ မနောမြေအသင်းမှာ ၂၀၁၅ ရာသီအပြီးတွင် ပထမတန်းသို့ တန်းဆင်းခဲ့ရသည့်အသင်းဖြစ်ပြီး တန်းပြန်တက်ခွင့်ရရန် ကြိုးပမ်းနေသည့်အသင်းဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ပရိုလိဂ်ကူးပြောင်းပြီး နောက်ပိုင်း ၂၀၁၀ ပြည့်နှစ်တွင်ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းအမည်ဖြင့် ကျင်းပခဲ့သည်။ ရှုံးထွက်ပြိုင်ပွဲတွင် ဧရာဝတီအသင်းက သုံးကြိမ်၊ ဟံသာဝတီနှင့် ရန်ကုန်အသင်းတို့က တစ်ကြိမ်စီ ချန်ပီယံဆုရရှိထားပြီး လက်ရှိချန်ပီယံအသင်းမှာ ဧရာဝတီအသင်းဖြစ်သည်။

# ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်

**မင်းပြား ဇွန် ၁၃**
ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၏ ကျေးလက်ဒေသများရှိ သက်ကြီးရွယ်အိုများ၊ ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက မိုဘိုင်းကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ရွေ့လျားစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ မင်းပြားမြို့နယ်အတွင်းရှိ ပန်းမြောင်း၊ နာဂရာ၊ လက်မ၊ စပါးထား၊ မင်းဖူး၊ ရွှေကျန် စသည့် ကျေးရွာ ၂၅ ရွာ၌ မိုဘိုင်းကုသမှု ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မင်းပြားမြို့နယ် ကျန်းမာရေးမှူး အဆင့်-၁ ဦးတင်နိုင်က ပြောသည်။

တစ်နှစ်အောက်ကလေးများအတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများအပြင် ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းများကိုပါ ထပ်တိုးဆောင်ရွက်လျက်ရှိကြောင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"မင်းပြားမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေ အကုန်နီးပါး သင်တန်းတွေ တက်ရပါတယ်။ အရေးပေါ်အခြေအနေတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူတွေကို ဘယ်လိုပေးရမလဲ၊ ပြုစုစောင့်ရှောက်မှုတွေကို စာတွေ့၊ လက်တွေ့ ကျွမ်းကျင်အောင် သင်ကြားပြသပေးတဲ့ သင်တန်းတွေကို ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေ တက်ရပါတယ်"ဟု ထပ်မံရှင်းပြသည်။

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် ခုတင် (၅၀) ဆံ့ဆေးရုံတစ်ရုံ၊ (၁၆) ခုတင်ဆံ့ ပန်းမြောင်းတိုက်နယ်ဆေးရုံတစ်ရုံရှိပြီး ဆောက်လုပ်ခွင့်ကျထားပြီးသည့် မင်းဖူးတိုက်နယ်ဆေးရုံတို့ကို ဆောက်လုပ်နိုင်ရန် စီစဉ်လျက်ရှိရာ ကျေးရွာတစ်ရွာလျှင် အရန်သားဖွားဆရာမတစ်ဦးနှုန်းရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-အောင်ကျော်ဦး**
**ဓာတ်ပုံ-နေသစ်ဦး**




# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀၊ ကန် ၁၀၀ စီမံကိန်းဖော်ဆောင်ခဲ့ရာ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

**နေပြည်တော် ဇွန် ၁၃**
နိုင်ငံတော်အစိုးရမှ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို အချိန်တိုတိုအတွင်း ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ရက် ၁၀၀ စီမံကိန်းကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသကဲ့သို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ရက် ၁၀၀၊ ကန် ၁၀၀ စီမံကိန်းကို နိုင်ငံတော်အကြီးအကဲများ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဒေသခံပြည်သူလူထု၏ တင်ပြချက်များအပေါ် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်၍ အမှန်တကယ်လိုအပ်ချက်ရှိသည့် နေရာများကို လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းစဉ်များအနက်မှ တစ်ခုဖြစ်သော မြန်မာနိုင်ငံ ဒေသအသီးသီးမှာ ဖြစ်ပေါ်ခဲ့သည့် ရာသီဥတု အခြေအနေများကြောင့် နယ်စပ်ဒေသများရှိ ကျေးရွာအချို့၌ သောက်သုံးရေ၊ စိုက်ပျိုးရေများ ရှားပါးလျက်ရှိသည့်အတွက် မိုးရာသီအတွင်း ရေစုဆောင်းနိုင်ရန် ရည်ရွယ်ပြီး အဆိုပါဒေသများတွင်ရှိသည့် ရေကန်များ ပြင်ဆင်တူးဖော်ခြင်းနှင့် အသစ်တူးဖော်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် ယာဉ်/ယန္တရားများဖြင့် ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀၊ ကန် ၁၀၀ စီမံကိန်းတွင် ပါဝင်သည့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ရေကန် ၁၀၀ ကို ဒေသခံပြည်သူလူထု၏ တင်ပြချက်နှင့်အညီ အသစ်တူးဖော်ခြင်းနှင့် ပြင်ဆင်တူးဖော်ခြင်းလုပ်ငန်းများအပြင် ကျန်းမာရေးအတွက် တိရစ္ဆာန်များဝင်ရောက်မှုမရှိစေရန် ခြံစည်းရိုးကာရံခြင်း၊ ရေတံကင်များ တပ်ဆင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ကြီးဌာနအနေဖြင့် ရေချိုရရှိရေးအတွက် အမှန်တကယ်လိုအပ်လျက်ရှိသည့် ဒေသများဖြစ်သော ရခိုင်ပြည်နယ်တွင် ၇၂ ကန်၊ ကယားပြည်နယ်တွင် သုံးကန်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ငါးကန်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ရှစ်ကန်၊ မန္တလေးတိုင်းဒေသကြီးတွင် ရှစ်ကန်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရှစ်ကန်၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးကန်စုစုပေါင်း ရေကန် ၁၀၀ တူးဖော်လျက်ရှိရာ စုစုပေါင်း လုပ်ငန်းပြီးစီးမှု ၈၀ ရာခိုင်နှုန်းရှိပြီ ဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ သိရသည်။

အဆိုပါ ရေကန် ၁၀၀ တူးဖော်ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများအနေဖြင့် ယခင်ခံစားနေရသည့် သောက်သုံးရေ ရှားပါးခြင်းနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်းများ မခံစားရတော့ဘဲ သောက်သုံးရေကြိုတင်စုဆောင်းနိုင်ခြင်း၊ မိုးရာသီကာလ၌ မြစ်ရေများ ရေငန်မဝင်မီ အချိန်များတွင် ပိုမိုစုဆောင်းသိုလှောင်သုံးစွဲနိုင်ကြတော့မည် ဖြစ်သည့်အပြင် နိုင်ငံတော်၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် မိမိတို့၏ အမှန်တကယ်လိုအပ်ချက်များ ရရှိခံစားရတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်ဝေးမြို့နယ် ရေနီရေလွှဲဆည်အထက်ပိုင်း သဲနုန်းများတူးဖော်

**လယ်ဝေး ဇွန် ၁၃**
လယ်ဝေးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်အဖြစ် ရေနီရေလွှဲဆည်အထက်ပိုင်း သဲနုန်းများ တူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါရေနီရေလွှဲဆည်အထက်ပိုင်းတွင် သဲနုန်းများဖြင့် ပြည့်နေပြီး ရေတံခါးများအတွင်းသို့ ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေသိုလှောင်မှုအားကောင်းစေရန်အတွက် သဲနုန်းတူးဖော်ရခြင်းဖြစ်ကြောင်းနှင့် ရေသိုလှောင်မှုပမာဏအားကောင်းမှသာ တောင်သူများအတွက် မိုးစပါးစိုက်ပျိုးချိန်အမီ အပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေနီရေလွှဲဆည်သည် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်အကွာတွင်တည်ရှိပြီး အနီးဝန်းကျင်ရှိ ကျေးရွာ ၁၀ ရွာမှ ဆည်ရေသောက်စိုက်ဧက ၁၃၆၁ ဧကအား နှစ်စဉ် မိုးစပါးစိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# တပ်မတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လုပ်ဆောင်ခဲ့ရသည့် အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၃**

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရေးနှင့် စစ်ရေးမဟုတ်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာလက်ကာဘူတိုကလူးတို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံစည်ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)**

ထို့ပြင် ရခိုင်ဒေသအတွင်း ကူညီထောက်ပံ့မှုအစီအစဉ်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ဆောင်နေမှုများ၊ တပ်မတော်အနေဖြင့် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများနှင့် ရောက်ရှိနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးအတွက် လုပ်ဆောင်ခဲ့ရသည့်အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**



**✱ လုပ်ငန်းခွင်မှ**

လတ်တလောဖြစ်ပွားနေသည့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာများနှင့်စပ်လျဉ်းပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေကလည်း "အခုဖြစ်ပွားနေတဲ့ကိစ္စတွေက EC စာချုပ်ကို တိတိကျကျ မချုပ်တာရယ်၊ ဥပဒေ၊ နည်းဥပဒေတွေကို ဂဃနဏ မသိတာရယ်၊ ဥပဒေနဲ့အညီဆောင်ရွက်မယ့်ကိစ္စတွေအပေါ်မှာ စိတ်ဆန္ဒစောပြီး ဆောင်ရွက်တာတွေဖြစ်တဲ့အတွက် ဒီလိုကိစ္စတွေ ဖြစ်နေတာပါ"ဟု မှတ်ချက်ပြုပြောကြားသည်။

အလုပ်သမားရေးရာကိစ္စရပ်များ လျော့နည်းကျဆင်းစေရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဥပဒေပုဒ်မ ၁၆ ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်နေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

"အလုပ်ရှင်၊ အလုပ်သမားတွေအနေနဲ့ ဥပဒေတွေကို သိရှိဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်၊ ဌာနအလိုက် သက်ဆိုင်တဲ့ဥပဒေ ၁၆ ခုကို အသိပညာပေးဟောပြောပွဲတွေ လုပ်နေတယ်။ ဥပဒေ ၁၆ ခုက တချို့အပိုင်းက အလုပ်ရှင်နဲ့ သက်ဆိုင်တာရှိသလို တချို့ဥပဒေက အလုပ်သမားနဲ့ သက်ဆိုင်တာရှိတယ်။ တချို့ ဥပဒေတွေက အလုပ်ရှင်ရော အလုပ်သမားရော လိုက်နာရမယ့်အပိုင်းတွေရှိတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက ပြောသည်။

"ကျွန်တော်တို့ လိုက်ပါဆောင်ရွက်တဲ့ အမှုတော်တော်များများမှာဆို အလုပ်သမားတွေက သူတို့ရဲ့အခွင့်အရေးတွေ ဘာတွေရှိလဲ၊ ရပိုင်ခွင့်က ဘာတွေလဲ မသိဘူး။ နောက်ပြီး အလုပ်ရှင်တွေဘက်က တော်တော်များများ ဥပဒေပါ စည်းကမ်းတွေကို ချိုးဖောက်နေတာ တွေ့နေရတယ်" ဟု အလုပ်သမားအရေး ဆောင်ရွက်နေသူ Nay Tay Yein Law Firm မှ တရားလွှတ်တော်ရှေ့နေကြီး ဦးအောင်သူရိန်ထွန်းက ပြောသည်။

အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးသဘောတူ အလုပ်ခန့်ထားမှု စာချုပ်အပေါ် ဖောက်ဖျက်မှုများရှိနေသည်ဟု ဝေဖန်မှုများထွက်ပေါ်နေသည့်အပေါ် အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမြင့်စိုးက "အလုပ်ရှင်၊ အလုပ်သမား စာချုပ်ကို ၂၀၁၃ မှ ပြဋ္ဌာန်းခဲ့တာပါ။ စာချုပ်ပါအချက်တွေ လုပ်ငန်းရှင်တွေက ဖောက်ဖျက်တယ်လို့ ပြောနေကြတဲ့အပေါ်မှာ ဖောက်ဖျက်သလား၊ မဖောက်ဖျက်ဘူးလားဆိုတာကို နှစ်ဖက်ကြားနာပြီးမှ ဆုံးဖြတ်ရမယ့်ဟာမျိုးပါ။ အလွယ်ပဲ ဖောက်ဖျက်တယ်လို့ ပြောလို့မရဘူး။ အလုပ်တစ်ခုကို ခန့်တယ်ဆိုရင် အနည်းဆုံး နှုတ်နဲ့သဘောတူပြီး ခန့်တာလောက်တော့ရှိကြတာပေါ့"ဟု ပြောသည်။

အလုပ်သမားရေးရာကိစ္စရပ်များ လျော့နည်းကျဆင်းစေရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဥပဒေ ၁၈ ခု ပြဋ္ဌာန်းကျင့်သုံးပြီး စည်းကြပ်ဆောင်ရွက်လျက်ရှိရာ အဆိုပါဥပဒေများမှ အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ ကိုးခုဖြစ်သည့် အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေတို့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်ချက်ရှိသည့် ဥပဒေများလည်း ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင် အစိုးရလက်ထက်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများနှင့် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်(EC)အပေါ် ယနေ့တိုင် အလုပ်ရှင်၊ အလုပ်သမားများကြား အငြင်းပွားမှုများရှိနေကြောင်း အလုပ်သမားအရေးလှုပ်ရှားလာသူများက သုံးသပ်ထားသည်။

အလုပ်သမားအရေးလှုပ်ရှားလာသူ ဦးအောင်လင်းက "EC စာချုပ်မှာ အလုပ်သမား တော်တော်များများက စာချုပ်ကို သဘောပေါက်နားလည်မှုမရှိဘဲ အလုပ်ရပြီးရောဆိုပြီး လက်မှတ်ထိုးနေကြတယ်။ ဒါမဖြစ်သင့်တဲ့ကိစ္စပါ။ တချို့ အလုပ်သမားတွေကျတော့ စာချုပ်ကို နည်းနည်းနားလည်တယ်။ ဘဝင်မကျပေမယ့် လက်မှတ်ထိုးလိုက်ရတဲ့ အနေအထားတွေရှိနေတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "EC စာချုပ်က အစိုးရကချပေးထားတဲ့ မူဘောင်ရှိပြီးသား။ စာမျက်နှာ ၁၆ မျက်နှာပါတယ်။ ၁၆ မျက်နှာမှာ အပိုင်းလိုက်မူဘောင်ချပြီးသား။ မူဘောင်ကိုကျော်ပြီး ပြင်ဆင်ခွင့်မရှိဘူး။ စာချုပ်မှာ အလုပ်သမားက လက်မခံတာတွေရှိတယ်။ အလုပ်သမား ၁၀၀ မှာ ၅၀ အထက်က စာချုပ်ပါအချက်တွေကို နားလည်သဘောပေါက်ခြင်း မရှိဘူး။ အခုချိန်ထိ အလုပ်ရှင်၊ အလုပ်သမား ကျေကျေနပ်နပ် လက်မှတ်ထိုးနိုင်တဲ့စက်ရုံ လက်ချိုးရေလို့ရတယ်။ EC စာချုပ် ချုပ်တော့မယ်ဆိုရင် အလုပ်ရှင်က ပွင့်ပွင့်လင်းလင်း ချပြရမယ်။ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းပြီးမှ လက်မှတ်ထိုးကြပါ"ဟု ပြောသည်။

"စာချုပ်ထဲမှာမပါတဲ့ ကိစ္စဖြစ်လာရင် ညှိနှိုင်းရမှာပဲ။ အလုပ်ရှင်က လုပ်ပေးချင်လည်း လုပ်ပေးမယ်။ မလုပ်ပေးချင်လည်းမလုပ်ဘူး။ ဒါအရေးယူလို့မရဘူး။ EC စာချုပ်ကို အလုပ်ရှင်က စဖောက်ရင် အလုပ်ရှင်ကို ဥပဒေအရ အရေးယူမယ်။ အလုပ်သမားက စဖောက်ရင် အလုပ်သမားကို အရေးယူမယ်။ ပြဿနာအငြင်းပွားမှုတွေမဖြစ်ဖို့ဆိုတာ EC စာချုပ်ကို အကျေအလည်ညှိနှိုင်းပြီးမှ စာချုပ်ချုပ်ပြီး အလုပ်လုပ်သွားရင် ပြဿနာက နည်းမှာပဲ"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက ပြောသည်။

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီများဖြင့် အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ထိုကဲ့သို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာဆိုင်ရာကိစ္စရပ်များကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနစသည့် ဌာနလေးခုမှ ဆောင်ရွက်နေသော်လည်း အလုပ်သမားများက အလုပ်ရှင်များ ဥပဒေချိုးဖောက်၍ အလုပ်သမားရုံးသို့ သွားရောက်တိုင်တန်းပါက ညှိနှိုင်းမှုများနှင့်ပင် ပြီးဆုံးသွားပြီး ဥပဒေအရ အရေးယူဆောင်ရွက်မှုအားနည်းကြောင်း ကိုအောင်စိုးမင်းက ၎င်း၏ အတွေ့အကြုံကို ပြောသည်။

မြန်မာနိုင်ငံတွင် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာ ဖြစ်ပေါ်လာပါက မြို့နယ်ဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိကောင်စီတို့မှ ဖြေရှင်းပေးမှုကို ကျေနပ်မှုမရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်လွှာတက်ခွင့်ရှိကြောင်း၊ စာချွန်လွှာ တက်နေစဉ်အတွင်း အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် ခုံသမာဓိကောင်စီမှ ချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို လိုက်နာရန်လိုအပ်သော်လည်းပဲ အလုပ်ရှင်များဘက်မှ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာမှုမရှိကြောင်း အလုပ်သမားအရေး ဆောင်ရွက်နေသူများက မှတ်ချက်ပြုပြောသည်။

အစိုးရသစ်လက်ထက်တွင် အလုပ်ရှင်များက အချိန်ပိုခိုင်းစေမှုများ၊ အများသူငါ ရုံးပိတ်ရက်များတွင် ခိုင်းစေမှုများနှင့် အလုပ်ရှင်များဘက်မှ EC စာချုပ် ချိုးဖောက်မှုများကို အလုပ်သမားဝန်ကြီးဌာနမှ တရားလိုပြုလုပ် တရားစွဲဆိုမှုများရှိနေကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ပန်ဒါ ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံတွင် အလုပ်ရှင်က EC စာချုပ်အပေါ် စည်းကမ်းဖောက်ဖျက်မှုဖြင့် အလုပ်ရှင်အား တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဝင်းက အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၉ အရ တရားလိုပြုလုပ်၍ တရားစွဲဆိုထားကြောင်း သိရသည်။

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများဖြစ်ပေါ်ပြီး အလုပ်သမားများ၊ ဘက်မှ လမ်းပေါ်ထွက် ဆန္ဒပြမှုများ ပြုလုပ်သည့်အခါ မလိုလားအပ်သော နောက်ဆက်တွဲ ဆိုးကျိုးများကိုပါ ရရှိစေနိုင်ကြောင်း အလုပ်သမားအရေး လိုက်ပါဆောင်ရွက်သည့် Nay Thu Yein Law Firm မှ သိရသည်။

"အလုပ်သမားအများစု အဓိက ရင်ဆိုင်နေရတဲ့ ပုဒ်မများမှာ အကျိုးဖျက်ဆီးမှု၊ တားဆီးပိတ်ဆို့မှု၊ ငြိမ်းစုစီပုဒ်မ ၁၈ လိုဟာမျိုး၊ ပုဒ်မ ၁၄၇ အဓိကရုဏ်းဖြစ်မှုလို ပုဒ်မမျိုးတွေနဲ့ တရားစွဲခံနေရတယ်။ ဒါဟာ ဆန္ဒပြရာကနေ တရားစွဲခံရတဲ့အမှုတွေပါ။ ဒီထက်ပိုပြီး စွဲခံရတာက အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု ဖြေရှင်းနေစဉ်ကာလမှာ တစ်ဖက်နဲ့တစ်ဖက်ရိုက်တဲ့အထိ ဖြစ်သွားတာတွေအတွက်လည်း ရာဇသတ်ကြီး ဥပဒေမှာပါတဲ့ တခြားပုဒ်မတွေနဲ့လည်း တရားစွဲခံရတဲ့အခါ အလုပ်သမားတွေဘက်က နစ်နစ်နာနာဖြစ်သွားတဲ့ အမှုတွေရှိတယ်။ ငွေဒဏ်ကနည်းတယ်၊ ထောင်ဒဏ်တွေကများပါတယ်"ဟု တရားလွှတ်တော်ရှေ့နေကြီး ဦးအောင်သူရိန်ထွန်းက ဆိုသည်။

ယခင်အစိုးရလက်ထက်ကတည်းက ဖြစ်ပွားခဲ့သည့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများတွင် တရားစွဲဆိုခံထားရသည့် အလုပ်သမားများမှာ ယနေ့အချိန်ထိ တရားရင်ဆိုင်နေရဆဲဖြစ်ပြီး လက်ရှိတရားရေးစနစ်အရ နှောင့်နှေးကြန့်ကြာမှုများကြောင့် အလုပ်သမားများ၏ မိသားစုများအနေဖြင့် စားဝတ်နေရေး ဒုက္ခရောက်ကြရသည်မှာ နောက်ဆက်တွဲ အကျိုးတရားများပင်ဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေကြီး ဦးအောင်သူရိန်ထွန်းက သုံးသပ်ပြောကြားသည်။

၂၀၁၆ ခုနှစ် မေလအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး သစ်အချောထည်စက်ရုံမှ အလုပ်သမားများ ဆန္ဒပြမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရမှုနှင့် စပ်လျဉ်းပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက အလုပ်သမားဝန်ကြီးဌာနက ဖမ်းဆီးအရေးယူတာ မဟုတ်ဘူး။ နယ်ဘက်ပြစ်မှု ဥပဒေနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ဖမ်းဆီးအရေးယူတာဖြစ်တယ်။ ဝန်ကြီးဌာနက သူတို့ကို ဖမ်းပါလို့ပြောလို့မရဘူး။ တတ်နိုင်သလောက် ငြိမ်းချမ်းစွာနေရပ်ပြန်ဖို့ ဝန်ကြီးဌာနမှာရှိတဲ့ တာဝန်ရှိသူတွေက သွားပြီးတားတယ်။ အဲဒါကိုကျော်ပြီး တားဆီးထားတဲ့ဟာကို ထပ်ပြီးကျော်လာတာ။ လုံခြုံရေးအရ တာဝန်ရှိသူတွေက ဖမ်းဆီးရတာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့အတူ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာများ ဖြစ်ပွားပါက သက်ဆိုင်ရာမြို့နယ်အလိုက် ကွင်းဆင်းစစ်ဆေးမှုများ အားနည်းနေသည်ကို တွေ့ရကြောင်း၊ တချို့လုပ်ငန်းများတွင် အလုပ်ရှင်များက အလုပ်သမားများ သဘောတူညီမှုမရဘဲ အချိန်ပိုခိုင်းနေမှုများရှိနေပြီး သက်ဆိုင်ရာဝန်ကြီးဌာန အနေဖြင့် အရေးယူမှုအားနည်းခဲ့ကြောင်း အလုပ်သမားအရေး လှုပ်ရှားလာသူ ဦးအောင်လင်းက ပြောသည်။

ထို့ပြင် အလုပ်သမားအရေးလှုပ်ရှားလာသူ ဦးအောင်လင်းက "အလုပ်ရှင်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြစ်လာရင် အလုပ်သမားရေးရာ အငြင်းပွားမှုရေးရာ ဖြေရှင်းရေးဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေတွေ ရှိတယ်။ အလုပ်သမား၊ အလုပ်ရှင်ပြဿနာပေါ်လာပြီဆို အငြင်းပွားမှုဖြေရှင်းရေး လုပ်ထုံးလုပ်နည်းအတိုင်း နည်းလမ်းတစ်ခုတည်းနဲ့ ဖြေရှင်းနေတယ်။ အလုပ်သမားရေးရာ ဖြေရှင်းရေးဥပဒေနဲ့ မသက်ဆိုင်တဲ့ ပြဿနာမျိုးတွေလည်း ရှိလာနိုင်တယ်"ဟု သုံးသပ်ပြောဆိုသည်။

တရားလွှတ်တော်ရှေ့နေကြီး ဦးအောင်သူရိန်ထွန်းက အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေများကို လွယ်ကူစွာလေ့လာနိုင်ရန် ရှင်းလင်းလွယ်ကူသည့် စကားပြေအရေးအသားဖြင့်ရေးသားပြီး အလုပ်သမားများအားဖြန့်ဝေ အသိပညာပေးပါက အလုပ်ရှင်၊ အလုပ်သမားပြဿနာများ လျော့ပါးလာမည်ဖြစ်ကြောင်း ထောက်ပြအကြံပြုသည်။

"အလုပ်သမားတွေသိသင့်တဲ့ ဥပဒေတွေကို အလုပ်သမားတွေ နားလည်လွယ်တဲ့ စကားပြေအရေးအသားမျိုးနဲ့ ရှင်းရှင်းလင်းလင်းရေးပြီး အသိပေးစာအုပ်တွေ ထုတ်ပေးစေချင်တယ်။ ဥပဒေကတော့ ဥပဒေအတိုင်း အတည်အခံ့ရှိရမှာပေါ့။ ဒါပေမယ့် အလုပ်သမားတွေနားလည်လွယ်မယ့် အရေးအသားမျိုး စာအုပ်တွေ သီးသန့်ရေးသားပြုစုထုတ်ဝေရင် ပိုကောင်းမယ်လို့မြင်တယ်"ဟု ရှေ့နေကြီး ဦးအောင်သူရိန်ထွန်းက ပြောသည်။

ခုံသမာဓိကောင်စီမှ အလုပ်သမားကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးရဲနိုင်ဝင်းက "တိုင်းပြည်ရဲ့ပြဿနာက အလုပ်သမားတွေရဲ့ နေ့စဉ်စားသောက်နေထိုင်ရေးအတွက် လုံလောက်တဲ့ လုပ်ခလစာကို လုပ်ငန်းရှင်တွေက မပေးနိုင်ဘူး။ လုပ်ငန်းရှင်တွေပေးတဲ့ လစာကလည်း အလုပ်သမားတွေအတွက် မလုံလောက်ဘူး။ အဆမတန်မြင့်တက်နေတဲ့ လူမှုစရိတ်တွေရဲ့ ဝန်ပိမှုက အလုပ်ရှင်နဲ့ အလုပ်သမား နှစ်ဖက်ထိပ်တိုက် တွေ့ဆုံကြတာ အဖြေမဟုတ်ဘူး။ အဲဒါ အတွေ့အကြုံပဲ။ အစိုးရအနေနဲ့ အများပြည်သူ ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ လူမှုကိစ္စတွေကို စနစ်တကျ စီမံချက်ရေးဆွဲပြီး ဖြေရှင်းပေးမယ်ဆိုရင် ပြေလည်သွားမယ်လို့ ထင်တယ်"ဟု ပြောသည်။

ယခင်အစိုးရလက်ထက်တွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်၊ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းမှု ပုံရိပ်ကောင်းတစ်ခုကို ထုတ်ဖော်ပြသနိုင်ရန် အနည်းဆုံး အခကြေးငွေ သတ်မှတ်မှု၊ အလုပ်သမားရေးရာ ဥပဒေပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သော်လည်း မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာခဲ့ကြောင်း လက်ရှိအစိုးရသစ်လက်ထက်တွင် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာများကို လျော့နည်းစေရန် မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းသွားမည်ကို အလုပ်သမားအရေးလှုပ်ရှားလာသူများက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

"ဆန္ဒပြတာတို့၊ အခွင့်အရေးတောင်းတာတို့မှာ ပါဝင်တဲ့ အလုပ်သမားတွေထဲက စာစောင်တို့၊ တီဗီတို့မှာပါသွားရင် ပေါ်ပေါ်ထင်ထင်ရှိတဲ့သူတွေဆို အလုပ်ရှင် တော်တော်များများက မခန့်ချင်ကျဘူး။ ဒီစက်ရုံက ပြုတ်သွားရင် နောက်စက်ရုံမှာ ရဖို့မလွယ်ဘူး။ မသိရင်ခန့်တယ်။ သိရင် လုပ်ငန်းဘယ်လောက်ကျွမ်းကျင် ကျွမ်းကျင် အကြောင်းအမျိုးမျိုးပြပြီး ပြန်ဖြုတ်တယ်။ အငြိုးထားခံရတဲ့ သဘောပါ"ဟု စက်ရုံအလုပ်သမား ကိုအောင်စိုးမင်းက ပြောသည်။

အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်ထွေးက "အလုပ်သမားတွေက သူတို့ရဲ့ လုပ်အားတန်ဖိုးနဲ့ ထိုက်တန်တဲ့ လုပ်အားခ မရှိဘူးလို့ ခံစားလာတာရယ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကျွမ်းကျင်မှု တိုးမြှင့်ရေးအခြေအနေဖန်တီးပေးခဲ့မှု မရှိတာရယ်၊ ပြဿနာဖြစ်လာပြီဆိုရင် သက်ဆိုင်ရာက ဖြေရှင်းပေးတဲ့အခါ အားနည်းချက်တွေကြောင့်ရယ်၊ လုပ်ငန်းခွင်အတွင်းမှာ HR မန်နေဂျာတွေရဲ့ အလုပ်ရှင်၊ အလုပ်သမားကြားမှာ ညှိနှိုင်းဆောင်ရွက်ပေးမှု ချို့ယွင်းချက်ရှိတာရယ်၊ အလုပ်ရှင်ဘက်ကနေ အလုပ်သမားသမဂ္ဂတွေကို အသိအမှတ်မပြုတာတွေရယ်ကြောင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာတွေ ဖြစ်နေတယ်"ဟု သုံးသပ်ပြောကြားသည်။




# ၂၁၀၀ ခုနှစ်အထိ ဖြစ်ပေါ်နိုင်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခန့်မှန်းအခြေအနေများနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေပြုမူနေထိုင်နိုင်ရေးအတွက် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၃**

မြန်မာနိုင်ငံတွင် ၂၁၀၀ ခုနှစ်အထိ ဖြစ်ပေါ်နိုင်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခန့်မှန်းအခြေအနေများ၊ ရာသီဥတုပြောင်းလဲလာမှုကြောင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်နှင့် လူမှုအကျိုးစီးပွားအပေါ် အကျိုးသက်ရောက်နိုင်မှုများ၊ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ပြုမူနေထိုင်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ Workshop for Policy Dialogue on the new Climate Change Projections for Myanmar ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ပြုလုပ်သည်။

"ရာသီဥတုပြောင်းလဲမှုဟာ ၂၁ ရာစုတွင် ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိဖို့အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း စွမ်းအင်သုံးစွဲမှုတွေ၊ လူဦးရေ တိုးပွားလာမှုတွေကြောင့် ရာသီဥတုပြောင်းလဲမှုကို ပိုပြီးကြုံတွေ့ရဦးမှာပါ"ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းက အလုပ်ရုံဆွေးနွေးပွဲ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ တွေ့ကြုံနေရပြီး ဆက်လက်၍လည်း တွေ့ကြုံဦးမည်ဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဖန်လုံအိမ်ဓာတ်ငွေ့များ လေထုတွင် ပါဝင်မှုသည် ပိုမိုများပြားလာသည့်အတွက် ကမ္ဘာ့အပူချိန်သည် မြင့်တက်လာပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးရေး၊ သစ်တော၊ ကျန်းမာရေး၊ ဒေသန္တရ စီးပွားရေး၊ ခရီးသွားလာရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ စသည့် ကဏ္ဍများအပြင် ကဏ္ဍတိုင်းတွင် သက်ရောက်ထိခိုက်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ရာသီဥတု ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံ၏ အပူချိန်သည် ၁ ဒသမ ၂၅ ဒီဂရီစင်တီဂရိတ်ကနေ ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိနှင့် မိုးရွာသွန်းမှုအားဖြင့် ၁၀ ရာခိုင်နှုန်းအထိ ၂၁၀၀ ခုနှစ်တွင် တိုးလာနိုင်သည်ကို ခန့်မှန်းတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးစားပေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တစ်ချိန် တည်းတွင် ရာသီပြောင်းလဲမှုကို လျှော့ချနိုင်ရန်အတွက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှုများကို သဘာဝဘေးအန္တရာယ်လျှော့ချ ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များတွင် ပေါင်းစည်းဆောင်ရွက်သွားရမည်ဖြစ်ပါ ကြောင်း ဒေါက်တာဟာရင်နိုင်တီယမ်းက ပြောကြားသည်။

ထို့အပြင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဒေသတွင်း ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေး ဗဟိုဌာန(RIMES)တို့ ပူးပေါင်းကာ လာမည့် ၂၁၀၀ ခုနှစ်အထိ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုဖြစ်စဉ် ခန့်မှန်းဖော်ထုတ်ချက်များကို ဆွေးနွေးပွဲတွင် တင်ပြခဲ့ပြီး အဆိုပါခန့်မှန်းချက်များအရ အစွန်းရောက်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကြုံတွေ့နိုင်သည့်အတွက် နိုင်ငံအတွက် စီမံကိန်းများရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေပြုမူနေထိုင်နိုင်ရန် ဆွေးနွေးပွဲတွင် ဆွေးနွေးကြမည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာ ရာသီဥတုပြောင်းလဲမှုနဲ့ သက်ဆိုင်တဲ့ နည်းပညာပံ့ပိုးမှုနဲ့အတူ လိုက်လျောညီထွေဖြစ်အောင် နေထိုင်နိုင်ဖို့အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု၊ ဒေသတွင်းဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာ ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်တွေ၊ မိုးရေချိန်တွေ ဘယ်လိုတွေ ပြောင်းလဲသွားမယ်ဆိုတာတွေကို ဒီဆွေးနွေးပွဲကတစ်ဆင့် မူဝါဒချမှတ်သူတွေ သိရှိသွားပြီး လိုက်လျောညီထွေဖြစ်အောင် ကဏ္ဍတိုင်းအတွက် ပြင်ဆင်ရမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(MCCA)မှ နည်းပညာအကြံပေးချုပ် မစ္စတာ ပါ့စကွဲ ကာပီစီ က ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဒေသတွင်းဘက်စုံ သဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန (RIMES)၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(MCCA)၊ UN Habitat နှင့် UNEP တို့မှ ပညာရှင်များနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နိုင်ငံတကာနှင့် နိုင်ငံတွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် ဇွန် ၁၃**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဇွန် ၂၄၊ ၂၅၊ ၂၆ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ကျန်ရက်များတွင်မူ ပြပွဲဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၂၀ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆ တို့သို့လည်းကောင်း၊ (၅၃)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာကော်မတီ ဖုန်း ၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဇွန် ၁၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၄ ဒသမ ၉၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၈ ဒသမ ၈၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၃ ဒသမ ၇၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၀ ဒသမ ၁၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၉၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၆ ဒသမ ၀၄ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၀၉ ဒသမ ၇၇ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၃၁ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**



# စဉ့်ကိုင်မြို့နယ်တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများနှင့် စာဖတ်ဝိုင်းများ ကျင်းပ

**စဉ့်ကိုင် ဇွန် ၁၃**

ကျေးလက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရပ်ကွက်/ကျေးရွာများ၊ ကျောက်ဆည်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများတွင် ဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက စဉ့်ကိုင်မြို့နယ် သစ်ခေါက်ကျေးရွာ ရွာလယ်မဏ္ဍပ်ရုံတွင် ဟောပြောပွဲကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် စဉ့်ကိုင်မြို့ မြို့မရဲစခန်းမှ စခန်းမှူး ဦးထွန်းထွန်းနိုင်က မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် မြို့နယ်အတွင်း အရေးယူအပြစ်ပေးရသည့်ဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပြည်သူများဝိုင်းဝန်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာပေလေ့လာဖတ်ရှုခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို လက်တွေ့သာဓကများဖြင့် အသိပညာပေးဟောပြောပြီး ကျေးရွာပြည်သူများအား စာပေကိုအလွယ်တကူလေ့လာဖတ်ရှုနိုင်ရန် စာဖတ်ဝိုင်းများ ကျင်းပရာ ပြည်သူများစိတ်ပါဝင်စားစွာဖြင့် လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# အမျိုးသားပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး မြန်မာနိုင်ငံ၏ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဂုဏ်ယူမြတ်နိုးတန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်စေရေးအတွက် ရည်ရွယ်ကာ ပြတိုက်ပညာပေးရေးလုပ်ငန်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက်အရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(နေပြည်တော်)သည် မိုးရာသီကျောင်းဖွင့်ကာလအတွင်း နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အမျိုးသားပြတိုက်(နေပြည်တော်)သို့ ဖိတ်ခေါ်ရှင်းလင်းပြသလျက်ရှိရာ ဇွန် ၁၀ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အုပ်ချုပ်သူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းမှအုပ်ချုပ်သူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၄၀၀ ကျော်သည် အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(နေပြည်တော်) သည် လာရောက်လေ့လာသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဝင်ကြေးအခမဲ့ပေးခြင်း၊ ဌာန၏ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်(ကြို/ပို့)ပေးခြင်း၊ ပြတိုက်ဝန်ထမ်းများက အသေးစိတ်လိုက်လံရှင်းလင်းပြသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အခြေခံပညာကျောင်းများအနေဖြင့် အဖွဲ့လိုက်လေ့လာလိုပါက အမျိုးသားပြတိုက်(နေပြည်တော်)နှင့် ဆက်သွယ်ပြီး အပတ်စဉ်တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဥတုရာသီ တောကိုမှီ၏

# အောင်မင်္ဂလာမြို့ပတ်ချောင်းအတွင်းရှိ နုန်းများဆယ်ယူ၍ မော်တော်ယာဉ်များဖြင့် သယ်ယူစွန့်ပစ်

**ရန်ကုန် ဇွန် ၁၃**

တာမွေမြို့နယ် ကျောက်မြောင်းကြီး ရပ်ကွက် ကျောက်မြောင်းအရှေ့ ရပ်ကွက်နှင့် ပုသိမ်ညွန့်ရပ်ကွက်တို့မှ ဖြတ်သန်းစီးဆင်းသည့် အောင်မင်္ဂလာ မြို့ပတ်ချောင်းသည် အရှည် ပေ ၂၂၀၀၊ အကျယ် ပေ ၂၀ ခန့်ရှိကာ ဝဲ/ယာ တွင် အုတ်စီနံရံပြုလုပ်ထားသဖြင့် မြေပြိုမှုများ မဖြစ်ပေါ်သော်လည်း မြောင်းချေးများ ပြည့်လာကာ ရေစီးရေလာ မကောင်းသဖြင့် မြို့နယ်ရေစီးရေလာ ကောင်းမွန်စေရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးစိုးစိုးရွှေ နှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသန်းဦးတို့ ကြီးကြပ်လျက် ဇွန် ၁၂ ရက်မှစတင်ကာ စက်အင်အား၊ လူအင်အားများ ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



"ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ရဲ့ ခွင့်ပြုစည်ပင်ရန်ပုံငွေနဲ့ ကန်ထရိုက်ပေးပြီး လုပ်ကိုင်စေတာပါ။ ချောင်းရဲ့အနက်က ၁၀ ပေလောက်ရှိပေမယ့် မြောင်းချေးတွေကထုတက်ပြီး ငါးပေလောက်ထိ ဖြစ်လာတော့ ရေစီးရေလာ အဟန့်အတားဖြစ်စေပါတယ်။ အစအဆုံး ချောင်းကိုဆယ်ပြီးရင်တော့ မအူကုန်းနဲ့ ယုဇနပလာဇာ ဗညားဒလလမ်းဘက်က ရေဆိုးတွေ စီးဆင်းမှာဖြစ်လို့ အဲဒီနေရာတွေနဲ့ ရပ်ကွက်တွေမှာ ရေလျှံမှုတွေ လျော့နည်းသွားမှာပါ"ဟု စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးက ရှင်းပြသည်။

မြို့နယ်ရေစီးရေလာကောင်းမွန်စေရေး ကော်မတီအနေဖြင့်လည်း မိုးရွာသည်နှင့် ရေဝပ်ရေလျှံတတ်သည့် နေရာများအား ကွင်းဆင်းစစ်ဆေးကာ မိဘပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရန်နှင့် ရပ်ကွက်နေပြည်သူများ အဆင်ပြေစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၁၉၇)

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်လှစ်

**မင်္ဂလာဒုံ ဇွန် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့တွင် တောင်သူပညာပေး လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ထောက်ကြန့်မြို့ စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၃၅) စက်မှုလယ်ယာစခန်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၅) စက်မှုလယ်ယာစခန်း ထောက်ကြန့်မြို့မှ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းထိုက်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် သင်တန်းအတွက် စီစဉ်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လှည်းကူးမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူသင်တန်းသား ၄၀ တို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

(ဒွေးကြိုင်)

# (၈)ကြိမ်မြောက် နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲနှင့် အရှေ့တောင်အာရှ ကောက်ပဲသီးနှံထိန်းသိမ်းခြင်းဖိုရမ် ကျင်းပ

**ရန်ကုန် ဇွန် ၁၃**

တရုတ်သီးနှံကာကွယ်စောင့်ရှောက်ရေး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCPIA)၊ တရုတ်အမျိုးသား ဓာတုပြန်ကြားရေးစင်တာ (CNCIC) နှင့် Minh Vi Exhibition & Advertisement Services Co.,Ltd (VEAS) တို့ပူးပေါင်း၍ (၈)ကြိမ်မြောက် နိုင်ငံတကာ စိုက်ပျိုးရေးကုန်စည်ပြပွဲနှင့် အရှေ့တောင်အာရှ ကောက်ပဲသီးနှံထိန်းသိမ်းကာကွယ်ခြင်း ဖိုရမ် (မြန်မာ)ကို ဇွန် ၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ (MCC) ၌ ကျင်းပခဲ့သည်။

ပြပွဲတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ အိန္ဒိယ၏ အခြေခံဓာတုပစ္စည်းဆိုးဆေးများနှင့် အလှကုန်တင်ပို့မှုမြှင့်တင်ရေးကောင်စီ (CHEMEXCIL)၊ အိန္ဒိယပိုးသတ်ဆေးထုတ်လုပ်သူနှင့် ရေးဆွဲသူအသင်း (PMFAI)၊ တရုတ်နိုက်ထရိုဂျင်မြေဩဇာ လုပ်ငန်းရှင်များအသင်း (CNFIA) တို့ ပူးပေါင်း ပါဝင်ထားသည့်အတွက် သတင်းအချက်အလက်နှင့် ဆန်းသစ်သောအတွေးအခေါ်များ၊ စီးပွားရေးပူးပေါင်းဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရရှိမည်ဖြစ်သည်။

အရှေ့တောင်အာရှ သီးနှံကာကွယ်စောင့်ရှောက်ရေးဖိုရမ်မှ ရရှိသည့်သတင်းအချက်အလက်များကို သီရိလင်္ကာ၊ တရုတ်၊ အိန္ဒိယ၊ မြန်မာတို့မှ ကျွမ်းကျင်ပညာရှင်များက ဓာတုဗေဒထုတ်လုပ်မှုနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့မှုများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းမှတ်ပုံတင်ခြင်း၊ ဓာတ်မြေဩဇာအသုံးပြုပုံ၊ မြန်မာဓာတ်မြေဩဇာ ဈေးကွက်နှင့် မြန်မာစိုက်ပျိုးရေးစက်မှုလုပ်ငန်းများအတွက် ဆွေးနွေးသွားကြမည်ဖြစ်ပြီး ပြပွဲကို ဇွန် ၈ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားခဲ့ကြောင်း သိရသည်။

(ခင်မောင်ချို)

# ငါးရှဉ့်ဈေးကျသော်လည်း ငါးရှဉ့်ဖမ်းသူများဝင်ငွေပုံမှန်အနေအထားရရှိ

**မန္တလေး ဇွန် ၁၃**

မြန်မာနိုင်ငံမှ တရုတ်ပြည်သို့ ကုန်စည်တင်ပို့မှုများတွင် ငါးရှဉ့်လည်း ပါဝင်သည်။ ငါးရှဉ့်ဖမ်းသူများက ဖမ်းယူရရှိသောငါးရှဉ့်များကို ငါးရှဉ့်ဒိုင်ထံ ရောင်းချကြသည်။ ဒိုင်မှတစ်ဆင့် ငါးရှဉ့်များကို သေတ္တာပုံးများဖြင့် တရုတ်ပြည်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရသည်။

မန္တလေးမြို့အနီး ကျေးလက်ဒေသများတွင် ငါးရှဉ့်ထောင်သည့်လုပ်ငန်းဖြင့် အသက်မွေးသူများစွာရှိသည်။ ငါးရှဉ့်ဖမ်းသမားများသည် ကိုယ်တိုင်ငါးရှဉ့်ထောင်သည့်ပုံး ဒေသအခေါ် ငါးရှဉ့်ပုံးများစွာကို ကိုယ်တိုင်ရက်လုပ်ကြပြီး တစ်ဦးလျှင်ငါးရှဉ့်ပုံး တစ်ရာကျော်အထိကိုင်သည်။ အများအားဖြင့် မွန်းလွဲပိုင်းတွင် ငါးရှဉ့်ပုံးများအတွင်းသို့ အစာသွင်းကာ ပြင်ဆင်ကြသည်။

ငါးရှဉ့်ထောင်ရာတွင် ငါးရှဉ့်ပုံးအတွင်း ပုစွန်ပုပ်နှင့်အတူ တီနံ့ပါသောအစာတို့ကို ထည့်သွင်းကြရသည်။ ငါးရှဉ့်များစွာမိစေရန်နှင့် ငါးရှဉ့်ပုံးတွင်းဝင်ရန် ပထမဦးစွာလယ်ပုစွန်ကို ထည့်ပေးရသည်။ ပုစွန်ထည့်ပြီးသည်နှင့် တီကိုတောက်တောက်စဉ်းကာ ပဲမှုန့်ဖြင့် ကော်သဖွယ်ပြုလုပ်ပြီး ငါးရှဉ့်ပုံးအပိတ်ကို တီကော်သုတ်ကာ ပိတ်ပေးကြသည်။ ပုစွန်အနံ့၊ တီအနံ့ရသည်နှင့် ငါးရှဉ့်များပုံးအတွင်း ဝင်လာကာ ပြန်ထွက်မရအောင် စီမံထားကြသည်။

ညနေပိုင်းတွင် ငါးရှဉ့်ပုံးများကို လယ်ကြား မြောင်းကြား ရေရှိသည့်ချိုင့်နေရာများကို ဆိုင်ကယ်ဖြင့်ပတ်သွားကာ ငါးရှဉ့်ပုံး ထောင်ကြသည်။ နံနက်ခင်းပိုင်းတွင် လိုက်လံသိမ်းယူလေ့ရှိသည်။ ငါးရှဉ့်တစ်ပုံးတွင် တစ်ကောင် နှစ်ကောင်မှသည် ၂၅ ကျပ်သား၊ ငါးဆယ်ကျပ်သားအထိ မိသည်လည်းရှိသည်။ လက်ရှိကာလတွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ သာ ရှိသည်။ ယခင်က တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ကျော်ရှိသည်။ ငါးရှဉ့်ဈေးကျသော်လည်း ကိုယ်ပိုင်လုပ်ငန်းသဖွယ် လွတ်လပ်စွာလုပ်ကိုင်ရသည်မို့ ဆက်လက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် အနည်းဆုံးသုံးပိဿာမှ ငါးပိဿာကျော်အထိ ဖမ်းမိကြသည့်အတွက် ပုံမှန်ဝင်ငွေအနေအထားရရှိကြောင်း ငါးရှဉ့်ဖမ်းသူတစ်ဦးက ရှင်းပြသည်။

(တိမ်တမန်)






# ဧရာဝတီတိုင်းဒေသကြီး လေးမြို့နယ်ရေကြီးရေလျှံမှု ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပုသိမ် ဇွန် ၁၃**

ဧရာရွှေမြေ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်သားများအဖွဲ့၊ IPSI (ငြိမ်းချမ်းရေးနှင့်လူမှုတရားမျှတမှု ဖော်ဆောင်ရေး)တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး လေးမြို့နယ်ရေကြီးရေလျှံမှု ကာကွယ်တားဆီးရေးအလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် စိန်ခန်းမ၌ ဇွန် ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ငြိမ်းချမ်းရေးနှင့်လူမှုတရားမျှတမှု ဖော်ဆောင်ရေး အမှုဆောင်ဒါရိုက်တာ ဒေါက်တာသောင်းထွန်းက ကျောင်းကုန်းမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ ငါးနှင့်စပါးလုပ်ကိုင်သူ ပဋိပက္ခများ၊ ဘဝင်းချုံများကြောင့် ဗေဒါများပွားများပြီး ရေစီးမှုကိုဟန့်တားကြောင်း၊ လူတစ်ဦးချင်းစီရဲ့ကိုယ်စီအသိ၊ ကိုယ်စီတာဝန်နှင့် လူနေမှုပုံစံများ ပြုပြင်ကြရန်နှင့် ငါးကမြစ်ကမ်းဘေးတွင် ပလတ်စတစ်များ အနှံ့အပြားတွေ့နေရကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ကြရန် ဆွေးနွေးဖို့လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ်ကိုယ်စားပြု တောင်သူလယ်သမား ကိုယ်စားလှယ် မင်းမနိုင်ကျေးရွာမှ ဦးဝင်းကြည်က ချောင်းကူးတံတားတည်ဆောက်မှုများကြောင့် မြစ်ချောင်းများကောလာနိုင်ကြောင်း၊ သစ်ပင်များ ချောင်းထဲသို့ လဲကျမှုများကို ရှင်းလင်းခြင်းမရှိကြောင်း၊ ကျုံတာရိုးချောင်းသည် မြေကြီးက ကျောင်းကုန်းမြို့ပိုင်ပြီး အင်းဂရန်က ပန်းတနော်မြို့က ပိုင်ကြောင်း၊ ပိတ်ဆို့မှုကြောင့် ရွာအတော်များများ ရေနစ်မြုပ်ရကြောင်း၊ နာကဆာရေနုတ်မြောင်းမှာ ဒိုက်ဖတ်များမျောပါပိတ်ဆို့ပြီး လမ်းဖြတ်ကူးလို့ရသည်အထိ ကောလာ၍ ပြန်လည်တူးဖော်ပေးစေလိုကြောင်း၊ အစုကြီးရွာမှ ဦးရွှေမောင်းက ဂျုံးဂျုံကျမြောင်းမှ ရေကြီးရေလျှံမှုဖြစ်ပေါ်ရခြင်းအကြောင်းမှာ ကျုံပျော်မြို့နယ် ပိုင်ကော့သလန်ချောင်း ပိတ်ဆို့မှုကြောင့် ကျောင်းအိုင်ရွာ၊ အစုကြီးရွာနှင့် ဝက်ချောင်းရွာများ ရေနစ်မြုပ်ရကြောင်း ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျုံပျော်မြို့နယ်ကိုယ်စားပြု တောင်သူလယ်သမား ကိုယ်စားလှယ်နှင့် ဓနုဖြူမြို့နယ်ကိုယ်စားပြု တောင်သူလယ်သမား ကိုယ်စားလှယ်များက ရေကြီးရေလျှံမှုများကို အသီးသီးဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ပန်းတနော်မြို့နယ်ကိုယ်စားပြု တောင်သူလယ်သမား ကိုယ်စားလှယ်များက ရေကြီးရေလျှံမှု ဆွေးနွေးခဲ့ကြမှုအပေါ် ဆက်လက်လုပ်ဆောင်မည့် ရှေ့လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



# အကြိမ်(၇၀)မြောက် တိုနီဆုပေးပွဲ စည်ကားစွာ ကျင်းပ

၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ဘရော့ဝေးပြဇာတ်ရုံများတွင် ပြသခဲ့သည့်ပြဇာတ်များမှ အကောင်းဆုံးဆုများကို ရွေးချယ်အပ်နှင်းသည့် တိုနီဆုပေးပွဲကို အကြိမ်(၇၀)မြောက်အဖြစ် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ Beacon Theatre တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် Best play ဆုကို The Humans ပြဇာတ်ကလည်းကောင်း၊ Best musical ဆုကို Hamilton ကလည်းကောင်း၊ Best revival of a play ဆုကို A View From the Bridge ပြဇာတ်ကလည်းကောင်း၊ Best revival of a musical ဆုကို The Color Purple က လည်းကောင်း၊ Best leading actor in a play ဆုကို Frank Langella, "The Father" ကလည်းကောင်း၊ Best leading actress in a play ဆုကို Jessica Lange ကလည်းကောင်း အသီးသီးရရှိခဲ့ကြကြောင်းသိရသည်။

# မြောက်အမေရိကတွင် ရုံဝင်ငွေကောင်းနေသည့် သဘာဝလွန်သည်းထိတ်ရင်ဖို ဇာတ်ကား The Conjuring 2

The Conjuring 2 ဇာတ်ကားသည် ဇွန်လ ပထမပတ်အတွင်းက ထွက်ရှိခဲ့သည့် သဘာဝလွန်သည်းထိတ်ရင်ဖို ဇာတ်ကားတစ်ကားဖြစ်ပြီး ထွက်ရှိပြီး ရက်သတ္တပတ်အကြာမှာပင် မြောက်အမေရိကရှိ ရုပ်ရှင်ရုံများ၏ ရုံဝင်ငွေအကောင်းဆုံး ဇာတ်ကားတစ်ကားဖြစ်လာခဲ့သည်။

၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့သည့် The Conjuring ဇာတ်ကား၏ နောက်ဆက်တွဲဖြစ်ပြီး ယခုဇာတ်ကားသစ်တွင် မင်းသား ပက်ထရစ် ဝီလ်ဆန်နှင့် အမေရိကန်မင်းသမီး ဗီရာဖန်မီဂါတို့က ဆက်လက်ပါဝင်ထားကြသည်။

The Conjuring 2 ဇာတ်ကားအတွက် ဘတ်ဂျက်ကို အမေရိကန်ဒေါ်လာသန်း ၄၀ အသုံးပြုထားပြီး တစ်ပတ်ကျော်အချိန်အထိ ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄ သန်းရရှိနေပြီဖြစ်ကြောင်း BoxOfficeMojo.com မှ ဇွန် ၁၂ ရက်က ထုတ်ပြန်ခဲ့သည်။

ယင်းဇာတ်ကားကို တရုတ်နိုင်ငံရှိ TCL ရုပ်ရှင်ရုံများတွင် ဇွန် ၇ ရက်ကလည်းကောင်း၊ အမေရိကန်နိုင်ငံ၌ ဇွန် ၁၀ ရက်တွင်လည်းကောင်း စတင်ပြသခဲ့ပြီး ရုပ်ရှင်ရေးရာဝေဖန်သူများ၏ အပြုသဘောသုံးသပ်ချက်များကိုရရှိခဲ့ကြောင်းလည်း သိရသည်။

ဗီဒီယိုဂိမ်းတစ်ခုကို အခြေခံရိုက်ကူးထားသည့် Warcraft ဇာတ်ကားက ဒုတိယနေရာတွင်လည်းကောင်း၊ Now You See Me 2 ဇာတ်ကားက တတိယနေရာနှင့် နင်ဂျာဇာတ်ကားသစ် Teenage Mutant Ninja Turtles: Out of the Shadows က စတုတ္ထနေရာတို့တွင်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်းသိရသည်။




■ မျိုးစန္ဒာမောင် - စုစည်းသည် ■

# စိုးရိမ်စိတ်လွန်ကဲမှုကြောင့် ဖျော်ဖြေပွဲပျက်ကွက်ခဲ့ရသည့် ဇေမာလိခ်



ဆယ်ကျော်သက်လူငယ်များ နှစ်သက်ကြသည့် ဗြိတိန်အမျိုးသားတေးဂီတအဖွဲ့ One Direction မှ ထွက်ခွာခဲ့သူ ဇေမာလိခ်အနေဖြင့် ၎င်း၏ လွန်ကဲသည့်စိုးရိမ်မှုများကြောင့် ဖျော်ဖြေပွဲပျက်ကွက်ခဲ့သည့်အတွက် ပရိသတ်များကို တောင်းပန်ခဲ့ကြောင်း သိရသည်။

"ယူကေကို မနေ့ညကတည်းက ရောက်နေခဲ့တာပါ။ ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့ဒေါ့အပြင် အထူးသဖြင့် ကိုယ့်မြို့ရဲ့ပရိသတ်တွေရှေ့မှာ ဖျော်ဖြေဖို့အတွက်ပေ့ါ။ ဒါပေမယ့် လွန်ကဲလှတဲ့ ကျွန်တော့်ရဲ့စိုးရိမ်စိတ်တွေက ခြောက်လှန့်လွန်းတာကြောင့် ပျက်ကွက်ခဲ့ရခြင်းဖြစ်ပါတယ်။ နောက်ပြီး ပွဲရဲ့အရှိန်ကြောင့်လည်းပါပါတယ်။ ကျွန်တော့်ရဲ့အောင်မြင်မှုနဲ့ပတ်သက်ပြီး စိုးရိမ်စိတ်ကြီးသွားခဲ့လို့ပါ" ဟု ဇေက ၎င်း၏ ပျက်ကွက်မှုနှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။

ဆက်လက်ပြီး "ကျွန်တော့်ကို အားပေးချင်လို့ စောင့်နေတဲ့ပရိသတ်ကြီးအတွက် ကျွန်တော့်ရဲ့ တောင်းပန်စကားက မလုံလောက်ဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် အနာဂတ်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်။ ပရိသတ်တွေအနေနဲ့ ကျွန်တော့်ကို နားလည်ပေးလိမ့်မယ်လို့မျှော်လင့်ပါတယ်"ဟု ဆိုသည်။

One Direction အဖွဲ့မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ တေးသံရှင် ဇေမာလိခ်၏ ယခုနှစ် မတ်လအတွင်းကထွက်ရှိခဲ့သည့် Mind of Mine အယ်လ်ဘမ်သည် ယူကေ၊ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါနှင့် နယူးဇီလန်နိုင်ငံများရှိ ဂီတဇယားများတွင် ထိပ်ဆုံးမှရပ်တည်ခဲ့ပြီး ယူကေနှင့် ယူအက်စ်တွင် အကျော်ကြားဆုံး မျိုးဆက်သစ်အနုပညာရှင်တစ်ဦးအဖြစ် မှတ်တမ်းတင်ခံရသူတစ်ဦးဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၄- ၆ -၂၀၁၆ (အင်္ဂါနေ့)]

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "စိတ်ဖြင့်စိတ်ချမ်းသာမှုဆေးပြားထုတ်လုပ်ပါ " တရားတော် [ပါမောက္ခ ဒေါက်တာအရှင်ဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၂)
၇း၃၀ MRTV-4 သတင်း
၈း၀၀ "မင်္ဂလာပါ"The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၉)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ်စားမယ် (Ayam Penyet-AP)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်ယောလ်ရှီးလ်)(အပိုင်း-၁၅)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၀၀ MRTV-4 သတင်း
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း- ၄၄)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာရချစ်သူသည်သာ" (အပိုင်း-၉၂)
၄း၀၀ Cartoon Series(Go Go Giggles)
၆း၀၀ MRTV-4 သတင်း
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၃)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၄၅)
၈း၀၀ MRTV-4 သတင်း
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၀)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်ယောလ်ရှီးလ်) (အပိုင်း-၁၆)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၀ MRTV-4 Stage
၁၀း၄၀ World of Knowledge (Megastructures: Air Force Transport )

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ ဥပဒေရေးရာအဖြာဖြာ (စေတနာ အရင်းခံ)
၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၁း၁၅ Human right program "Still in the Dark"
၁၁း၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ (Talk Show)
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၃)
၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၃၉)
၂း၁၅ ဆိုကြမယ်၊ပျော်ကြမယ်
၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
၄း၃၅ Football Magazine (ရောဝတီယူနိုက်တက်အသင်း)
၅း၁၅ Catch Asia News
၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်းများ (Franchies Business in Myanmar) (အပိုင်း-၄)
၆း၃၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (စိုးမြတ်သူဇာ)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၃၉)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၃) -Yes or No Takl Show (Season-2,Part-1) -တမ်းတမ်းတတဖြစ်ခဲ့ရသောရုပ်ရှင်တေးများ(အပိုင်း-၁၃)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### mitv


07:25 Myanmar Game Changers (Episode- II)
07:50 Excavation At Kawhmu
08:25 News Extra- Singapore-Myanmar Bilateral Ties
08:50 Kindhearted Pet Lovers
09:26 Choral Dance (Duel)
09:33 Choral Dance By Female Dancers
09:41 Kayah
09:48 Hip Hop & Design
09:52 Today Myanmar: Alleviation of Betel Quid
10:25 Gardener: Rose Plantation
10:32 History And Mystery Behind The Caves
07:26 A Day Out With Sarah (EP-6)
08:25 A visit to Htam Hsan Cave A Miraculous Place
08:51 Black Gold (Part- I)

# ဟာရက်တီအား ခေါ်ယူရန် ယူရိုသန်း ၁၀၀ ဖြင့် မန်ယူကမ်းလှမ်းမည်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၏ ကွင်းလယ်ကစားသမား ဟာရက်တီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ယူရိုသန်း ၁၀၀ ဖြင့် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း အီတလီသတင်းစာတစ်စောင်က ရေးသားဖော်ပြထားသည်။

မန်ယူအသင်းသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက နည်းပြဗန်ဟားလ်ကိုင်တွယ်စဉ်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၌ အဆင့်(၅)နေရာဖြင့်သာ ရာသီကုန်ဆုံးခဲ့ခြင်းကြောင့် နည်းပြဗန်ဟားလ်နေရာတွင် ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုကို ပြောင်းလဲတာဝန်ပေးခဲ့သည်။

နည်းပြမော်ရင်ဟိုသည် ပီအက်စ်ဂျီကွင်းလယ်ကစားသမား ဗာရက်တီကို ခေါ်ယူရန်ဆန္ဒရှိနေသည့်အပြင် ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိရာ အီဘရာဟီမိုဗစ်ကို ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်းကုန်ကျမည်ဖြစ်ကြောင်းလည်းသိရသည်။ **(အလင်းသစ်)**






# ပိုလန်နှင့် ကမ္ဘာ့ဖလားလက်ရှိချန်ပီယံ ဂျာမနီ ယူရိုပြိုင်ပွဲအဖွင့်လှခဲ့

ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စု(C)မှ အုပ်စုအဆင့်အဖွင့်ပွဲစဉ်များတွင် ပိုလန်အသင်းနှင့် ကမ္ဘာ့ဖလားလက်ရှိချန်ပီယံ ဂျာမနီအသင်းတို့သည် နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး ယူရိုပြိုင်ပွဲအဖွင့်လှခဲ့ကြသည်။

ပိုလန်အသင်းသည် အုပ်စုတွင်းအဖွင့်ပွဲစဉ်အဖြစ် မြောက်အိုင်ယာလန်အသင်းနှင့် ကစားခဲ့ရပြီး မြောက်အိုင်ယာလန်အသင်းကို မီလစ်ခ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ပိုလန်အသင်းသည် ပထမပိုင်းတစ်ပိုင်းလုံးနီးပါး ဖိအားပေးကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၅၁ မိနစ်ရောက်မှသာ မီလစ်ခ်၏ သွင်းဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားလက်ရှိချန်ပီယံ ဂျာမနီအသင်းသည် အုပ်စုတွင်းအဖွင့်ပွဲစဉ်အဖြစ် ယူကရိန်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ယူကရိန်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၁၉ မိနစ်တွင် မက်စတာဖီသွင်းယူခဲ့သည့် သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး သာမန်ပွဲကစားချိန်ပြည့်၍ နာကျင်အချိန်ပိုရောက်မှသာ ဂျာမနီအသင်း၏ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါက တစ်ဂိုးထပ်မံသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂျာမနီအသင်းသည် အုပ်စု(C)တွင် တစ်ပွဲကစား၊ တစ်ပွဲနိုင်ရလဒ်ဖြင့် အဆိုပါအုပ်စုတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ ဂျာမနီအသင်းသည် အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် ဇွန် ၁၇ ရက်တွင် ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဂျာမနီအသင်းအား ရှုံးနိမ့်ခဲ့သည့် ယူကရိန်းအသင်းမှာ ဇွန် ၁၆ ရက်တွင် မြောက်အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**

# ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်အမေရိကန်အသင်း အီကွေဒေါနှင့် တွေ့မည်

ကိုပါအမေရိကဖလားပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အမေရိကန်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် အုပ်စု(B)မှ ဒုတိယနေရာဖြင့် ကွာတားဖိုင်နယ်တက်လာခဲ့သည့် အီကွေဒေါအသင်းနှင့် ထိပ်တိုက်တွေ့ဆုံမည်ဖြစ်သည်။

ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စု(A)တွင် အမေရိကန်အသင်းနှင့် ကိုလံဘီယာအသင်းတို့ ကွာတားဖိုင်နယ်အဆင့်သို့ အသီးသီး တက်လှမ်းနိုင်ခဲ့ပြီး ပါရာဂွေးအသင်းနှင့် ကော်စတာရီကာအသင်းတို့မှာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။ အုပ်စု(B)တွင် ပီရူးအသင်းမှာ အုပ်စုပထမနေရာဖြင့် ကွာတားဖိုင်နယ်တက်လှမ်းလာခဲ့ခြင်းကြောင့် ပီရူးအသင်းမှာ ကိုလံဘီယာအသင်းနှင့် ထိပ်တိုက်တွေ့ဆုံမည်ဖြစ်သည်။

**(အလင်းသစ်)**



# ဖခင်သေခဲ့ခြင်းကြောင့် အသင်းခေါင်းဆောင် ဆာနာ ခရိုအေးရှားနိုင်ငံသို့ ပြန်မည်

ယူရို ၂၀၁၆ ပြိုင်ပွဲ အုပ်စု(D)မှ အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် တူရကီအသင်းနှင့် ခရိုအေးရှားအသင်းတို့ပွဲစဉ်အပြီးတွင် ဖခင်သေဆုံးကြောင်းသတင်းကြားသိရသဖြင့် ခရိုအေးရှားအသင်းခေါင်းဆောင် ဆာနာသည် ခရိုအေးရှားနိုင်ငံသို့ ပြန်လည်သွားရောက်မည်ဖြစ်ကြောင်း ခရိုအေးရှားဘောလုံးအဖွဲ့ချုပ်က တရားဝင်ကြေညာခဲ့သည်။

နောက်တန်းကစားသမား ဆာနာသည် ဖခင်သေဆုံးခဲ့ခြင်းကြောင့် ခရိုအေးရှားနိုင်ငံသို့ ပြန်မည်ဖြစ်သဖြင့် စိန့်အက်စ်တီယန်ကွင်း၌ ယှဉ်ပြိုင်ကစားမည့် အုပ်စုအဆင့် ဒုတိယပွဲစဉ်ဖြစ်သည့် ချက်အသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်လာရန်မသေချာသည့် အနေအထားတွင်ရှိနေကြောင်းလည်း သိရသည်။ ခရိုအေးရှားအသင်းသည် ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားပြီးပါက ဇွန် ၂၁ ရက်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ငွေကြယ်)**

# ဘရာဇီးအသင်း ကိုပါအမေရိကပြိုင်ပွဲမှ ထွက်ခဲ့ရပြီး ပီရူးအသင်း ကွာတားဖိုင်နယ်တက်လှမ်း

နည်းပြဒွန်ဂါ၏ ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလားပြိုင်ပွဲ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်အဖြစ် ပီရူးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပီရူးအသင်းအား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲကို အုပ်စုအဆင့်မှာပင် လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သည်။

ဘရာဇီးအသင်းသည် ပီရူးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ကိုပါအမေရိကဖလားပြိုင်ပွဲကို ဆီမီးဖိုင်နယ်အဆင့်ထိ တက်လှမ်းနိုင်ခဲ့သည့် ပီရူးအသင်းမှာ ပွဲပြီးရန် ၁၅ မိနစ်အလိုတွင် ရူဒီယက်ဇ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပီရူးအသင်းမှာ ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီ ဖြစ်သည်။

ဘရာဇီးအသင်းသည် အုပ်စုအဆင့် ပွဲစဉ်များတွင် အီကွေဒေါအသင်းနှင့် ဂိုးမရှိသရေကျကာ ဟေတီအသင်းအား ခုနစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ပီရူးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်တွင် ရမှတ်လေးမှတ်ရရှိခဲ့သည်။




ပီရူးအသင်းမှာမူ အုပ်စုအဆင့်တွင် သုံးပွဲကစားခဲ့ရာတွင် ရှုံးပွဲတစ်ပွဲမျှမရှိခဲ့ဘဲ ဟေတီအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အီကွေဒေါအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ဘရာဇီးအသင်းနှင့် ပွဲစဉ်တွင်မူ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် အုပ်စုအဆင့်တွင် ရမှတ်ခုနစ်မှတ်ရရှိခဲ့သည်။

အီကွေဒေါအသင်းမှာ အုပ်စုတွင်းပြိုင်ဘက်များဖြစ်ကြသည့် ဘရာဇီးအသင်းနှင့် ဂိုးမရှိသရေ၊ ပီရူးအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဟေတီအသင်းကိုမူ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အီကွေဒေါအသင်းမှာ ရမှတ်ငါးမှတ်ရရှိထားခဲ့သည်။ ဟေတီအသင်းမှာမူ အုပ်စုတွင်းပွဲစဉ် သုံးပွဲတွင် တစ်ပွဲမျှ နိုင်ပွဲမရရှိခဲ့ပေ။

ထို့ကြောင့် အုပ်စု(B)၏ အုပ်စုအဆင့်ပွဲစဉ်များအပြီးတွင် ပီရူးအသင်းသည် အုပ်စုပထမနေရာဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး အီကွေဒေါအသင်းသည် အုပ်စုဒုတိယနေရာဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။ ဘရာဇီးအသင်းနှင့် ဟေတီအသင်းတို့မှာမူ ကိုပါအမေရိကဖလားပြိုင်ပွဲကို အုပ်စုအဆင့်မှာပင် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ **(အလင်းသစ်)**

# မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မီဒီယာများနှင့် လယ်ယာမြေလျော်ကြေးနစ်နာသူများ၏ မျက်နှာစုံညီ ရှင်းလင်းပွဲပြုလုပ်

**မင်းဘူး ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မယ်ဘော့ကုန်းကျေးရွာဓမ္မာရုံ၌ ၂၀၁၆ ခုနှစ် ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲက မီဒီယာများနှင့် လယ်ယာမြေလျော်ကြေးနစ်နာသူများ၏ မျက်နှာစုံညီရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

အဆိုပါရှင်းလင်းပွဲသို့ မယ်ဘော့ကုန်း၊ အောက်ကျောင်း၊ ကြာကန်၊ ရွာသာ၊ မကျီးချောင်း စသည့်ကျေးရွာများမှ တောင်သူ ၆၀ ခန့် တက်ရောက်ခဲ့ပြီး အောက်ကျောင်းကျေးရွာမှတောင်သူတစ်ဦးဖြစ်သူ ဦးစန်းမောင်က ပြောကြားရာတွင် "လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက မြေနှင့်သီးနှံလျော်ကြေးပေးအပ်တဲ့ကိစ္စမှာ မူလမြေပိုင်ဆိုင်ထားသူများမှ လျော်ကြေးမရရှိဘဲ မြေယာမဲ့သူများက မြေရှင်ဖြစ်ပြီး လျော်ကြေးရတာတွေရှိနေကြောင်း၊ အဓိကကတော့မြေကြီးမြေပုံမမှန်ကန်မှုဖြစ်ပြီး ယခုလိုပြဿနာတွေတက်နေရခြင်းဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက မြေလျော်ကြေးပေးအပ်မယ်လို့ ပြောတဲ့အခါ မြေစာရင်းဌာနမှ လာရောက်တိုင်းတာပြီး တိုင်းတဲ့မြေပုံသည် black မြေပုံဖြစ်နေ၍ ဒီမြေပုံကို စာတွေပြန်ကြည့်တဲ့အခါ ၂၀၁၃ ခုနှစ်က ဆွဲတဲ့မြေပုံဖြစ်နေတယ်လို့ သိရတယ်။ အမှန်တကယ်တော့ ဒီရေနံမြေကို ၁၉၆၉-၁၉၇၀ မှာစတင်ခဲ့ပြီး စတင်ခဲ့တဲ့အချိန်ကသုံးစွဲခဲ့သည့် မြေပုံကို ဆန်းစစ်ကြည့်ရင် ဖြစ်နေတဲ့ပြဿနာအားလုံးကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ယနေ့သုံးစွဲတဲ့မြေပုံသည် ဦးပိုင်တစ်ခုမှ မပါဝင်ဘဲနဲ့ black မြေပုံတစ်ခုကိုအသုံးပြုသွားတဲ့အတွက် ယနေ့တောင်သူတွေအနေဖြင့် အငြင်းပွားမှုဖြစ်ပွားနေရတာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသောတောင်သူများမှပြောကြားရာတွင် မိမိတို့သားစဉ်မြေးဆက် လုပ်ကိုင်ခဲ့သည့် ယာမြေများသည် ရေနံမြေလုံခြုံရေးအတွက် ရေနံ၏ဥပဒေအရ တားမြစ်နယ်မြေ၊ ကန့်သတ်နယ်မြေ အမိန့်ထုတ်ပြန်ထားသည့်အတွက် တောင်သူများသည် မိမိပိုင်ဆိုင်သော ယာမြေများအား ဝင်ရောက်လုပ်ကိုင်ခြင်းမပြုဘဲ စွန့်လွှတ်ထားခဲ့ရခြင်းအပေါ် နီးစပ်ရာတောင်သူမှ ကျူးကျော်လုပ်ကိုင်ခဲ့ကြောင်း၊ လက်ရှိမြေလျော်ကြေးပေးသည့်အခါ မြေကော တွင်းကော၊ တွင်းလျော်ကြေးကို မူရင်းပိုင်ရှင်များမှ မရရှိဘဲ နစ်နာခဲ့ကြောင်း ရှင်းလင်းခဲ့သည်။

လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေ အမြဲတမ်းအသုံးပြုဧရိယာမှာပါဝင်တဲ့စိုက်ပျိုးမြေ ၃၈၂ ဒသမ ၇၅ ဧကတွင် မြေလျော်ကြေးနှင့်သီးနှံနစ်နာကြေးငွေကျပ် ၁၀၃၉၇၁၆၉၆၀ အား တောင်သူများက သဘောတူလက်ခံကြောင်း လက်မှတ်ရေးထိုးပွဲကို ၂၀၁၆ ခုနှစ် မတ် ၁၉ ရက်က မန်းရေနံမြေလုပ်သားအပန်းဖြေခန်းမ၌ ပြုလုပ်ခဲ့ပြီး လျော်ကြေးငွေများကို ထုတ်ပေးခဲ့ကြောင်း တောင်းသူများထံမှသိရသည်။ လျော်ကြေးငွေနစ်နာနေသူတောင်သူများက လျော်ကြေးငွေပေးလျော်ခဲ့မှုအပေါ် တာဝန်ရှိသူများအနေဖြင့် ပြန်လည်စိစစ် ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြထားသည်။

**မိုးပြည့်(မင်းဘူး)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပ

**မိုးနဲ ဇွန် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ရဲတပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြိုဟောပြောပွဲ နံရံကပ်ဓာတ်ပုံပြပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက မိုးနဲမြို့ ပေါ့မိုင်းရပ်ကွက် ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုးနဲမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေက အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဆောင်ရွက်ပေးရခြင်းနှင့် ပတ်သက်၍ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် မရှင်းလင်းသည်များကိုပြည်သူများက မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ ယင်းနောက် ချိတ်ဆွဲပြသထားသော အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများအား ပြည်သူ ၁၅၀ ကျော်တို့က စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်များသို့ လာရောက်လေ့လာနိုင်

**မန္တလေး ဇွန် ၁၃**

တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်များအား ၂၀၁၃ ခုနှစ်မှ စတင်၍ မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ဘဒ္ဒန္တတိက္ခမှ ဦးဆောင်ကာ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) ကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ဆည်တော်လေးကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းကွဲကျေးရွာနှင့် ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ကုလားကွဲကျေးရွာတို့တွင် ဖွင့်လှစ်ထားရာ တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်များသို့ လာရောက်လေ့လာနိုင်ပြီး တိရစ္ဆာန်လေးများ၏ အသက်ကယ်တင်နိုင်ရန် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

"ဆရာတော်ကြီးရဲ့ တိရစ္ဆာန်အမြောက်အမြားကို ကယ်တင်စောင့်ရှောက်လိုသော ဆန္ဒတော်အာသီသ ဖြည့်ဆည်းဆောင်ရွက်ခဲ့တာ သုံးနှစ်တာကာလရောက်ခဲ့ပါပြီ။ ဘေးမဲ့ဥယျာဉ်တော်များအား စားကျက်မြေနေရာ ကျယ်ပြန့်မှု၊ ရာသီဥတုနှင့်ကိုက်ညီမှု၊ အုပ်ချုပ်မှုလွယ်ကူမှု၊ အစာရေစာပေါများမှု၊ အစာစိမ်းသီးနှံများ သယ်ယူပို့ပေးနိုင်မှု၊ ဝန်ထမ်းရရှိမှု စသည်များပေါ်မူတည်၍ နေရာခွဲခြားတည်ဆောက်ထားပါတယ်။ တည်နေရာနှင့် အရေအတွက်များမှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆည်တော်လေးကျေးရွာမှာ နွားအကောင် ၈၀၊ ယုန် ၁၀၀ ကောင်၊ ဘဲ ၁၇ ကောင်၊ ကြက် ၅၀ ကောင်၊ ကြက်ဆင် ၁၀ ကောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ဒီပဲယင်းကွဲကျေးရွာမှာ နွားအကောင် ၂၀၀၊ ဆိတ်အကောင် ၁၀၀၊ မြင်းနှစ်ကောင်၊ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ ကုလားကွဲကျေးရွာမှာ မေထုံနွား ၁၅ ကောင်တို့ ဖြစ်ပါတယ်။ တိရစ္ဆာန်တွေမွေးမြူမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လွှတ်ကျောင်းမှုတို့အတွက်ကတော့ နွားအကောင် ၅၀ ကို ဝန်ထမ်းတစ်ဦးနှုန်း၊ ဆိတ်အကောင် ၁၀၀ အတွက် ဝန်ထမ်းတစ်ဦးနှုန်း နဲ့ ဒီပဲယင်းကွဲမှာ ငါးဦး၊ ဆည်တော်လေးမှာ နှစ်ဦးပါ၊ တစ်ဦးကို တစ်လ ရှစ်သောင်းပေးရပါတယ်။ ဘေးမဲ့ခြံမှာလိုအပ်တဲ့ ဆိတ်တဲ၊ နွားတဲများနှင့် အစာကိုထောင်၊ တိရစ္ဆာန်တွေ သောက်သုံးဖို့ အုတ်ရေကန်များ၊ နေ့ရောညပါ စောင့်ရှောက်ရတဲ့အတွက် ဝန်ထမ်းအိမ်ရာများနှင့် ဧည့်ရိပ်သာတစ်ခုစီလည်း တည်ဆောက်ပေးထားပါတယ်။ အကယ်၍ ဒီဘေးမဲ့ဥယျာဉ်တော်များမှ တိရစ္ဆာန်တွေထဲက တစ်ခုခုဖြစ်လို့သေသွားခဲ့လို့ရှိရင်လည်း သူ့ရဲ့အသား၊ အရိုး၊ သားရေ ဘာမှမကျန်အောင် မြေမြှုပ်ဆောင်ရွက်ပါတယ်" ဟု နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် ဥက္ကဋ္ဌ ဦးလှဝင်းက ပြောပြသည်။

"ဒီဘေးမဲ့ဥယျာဉ်တော်ကြီးများမှာ တိရစ္ဆာန်များ အသက်ကယ်ရန်အတွက် တွေ့ကြုံရတဲ့အခက်အခဲများကတော့ ဝန်ထမ်းလစာများ၊ တိရစ္ဆာန်များ စားသုံးရန်အတွက် အစာဝယ်ယူစုဆောင်းမှု၊ နွားတဲများဆောင်ရွက်ခြင်း၊ တိရစ္ဆာန်များသောက်သုံးရန်အတွက် အုတ်ရေကန်များနှင့် တဲများဆောင်ရွက်ခြင်းတွေပါ။ အဲဒီလိုအပ်ချက်တွေအတွက် တတ်အားသမျှ မည်သူမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါဘေးမဲ့တိရစ္ဆာန်ဥယျာဉ်တော်ကြီးများအတွက် တိရစ္ဆာန်လေးများအသက်ဘေးမှ ကယ်တင်နိုင်ရန် တတ်အားသရွေ့၍ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မန္တလေးမြို့တောင် စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဖုန်း ၀၉-၂၀၁၀၅၅၁ နှင့် နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းချုပ် (မန္တလေး) ဖုန်း ၀၂-၆၈၃၀၅ သို့ လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# မြစ်ရေကြီးခြင်းမှကာကွယ်ရန် မြေထိန်းနံရံအသစ်တည်ဆောက်ရန်လိုအပ်



**ကနီ ဇွန် ၁၃**

ကနီမြို့ရှိ ချင်းတွင်းမြစ်ကမ်းနံဘေးအား ဒေသအစီအစဉ်များဖြင့် ကျောက်စီမြေထိန်းနံရံ ၅၃၅ ပေ ဆောက်လုပ်ထားခဲ့ရာ ယင်းနံရံအား ပြုပြင်ထိန်းသိမ်းနိုင်ရေး ဒေါက်ထောက်ပေးရန်လိုအပ်လျက်ရှိပြီး မြစ်ကမ်းတစ်လျှောက် မဆောင်ရွက်ရသေးသော ပေ ၁၅၄၀ ရှိသည့် အနက်မှ ပေ ၁၀၀၀ အား မြေထိန်းနံရံဆောင်ရွက်ပေးနိုင်ရန်လိုအပ်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

အဆိုပါ ကျောက်စီမြေထိန်းနံရံဟောင်းအား ကျောက်စီထောက်များထောက်ပေးခြင်းနှင့် ကျောက်စီမြေထိန်းနံရံမရှိသေးသောနေရာများတွင် မြေထိန်းနံရံဆောင်ရွက်ပေးခြင်းဖြင့် မြစ်ကမ်းပါးပြိုကျမှု သက်သာစေခြင်း၊ မြစ်ရေကြီးမြင့်ချိန်တွင် စိုးရိမ်ရေမှတ်ရောက်ရှိသော်လည်း မြို့တွင်းသို့ မြစ်ရေဝင်ရောက်မှုကို အထိုက်အလျောက် ကာကွယ်စေနိုင်ပြီး မြစ်ရေတိုက်စားမှုလည်း ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် မြို့၏မြစ်ကမ်းပါးတစ်လျှောက် ကျောက်စီမြေထိန်းနံရံအဟောင်းအား ကျောက်စီထောက် ၂၀၀ ဖြင့် ထိန်းပေး၍မြေထိန်းနံရံ ပေ ၁၀၀၀ ခန့် အသစ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့သည် ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ရှိ၍ ချင်းတွင်းမြစ်ရေကြီးချိန်တွင် နှစ်စဉ်ရေများဝင်ရောက်လျက်ရှိပြီး မြို့၏မြစ်ကမ်းတစ်လျှောက်၏ အရှည်ပေမှာ ၂၂၀၀ ရှိသည်။

ယင်းအရှည်ပေများ အနက်မှ ၅၃၅ ပေအား ၁၉၉၂-၁၉၉၃ ခုနှစ်ခန့်တွင် ဒေသအစီအစဉ်များဖြင့် ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ခဲ့သည်။ ၎င်းဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ထားခဲ့သည် ၅၃၅ ပေရှိ ကျောက်စီမြေထိန်းနံရံမှာ ၂၀၁၃ ခုနှစ်တွင် ချင်းတွင်း မြစ်ရေတိုက်စားမှုကြောင့် မြေထိန်းနံရံအချို့ ပြိုကျမှုဖြစ်ပွားခဲ့သည်။ ယင်းကြောင့်စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းမြစ်ဖွံ့ဖြိုးရေးဌာနမှ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကျောက်စီနံရံအလျား ၁၂၅ ဆောင်ရွက်ခဲ့သည်။ နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် အောက်ခြေများတွင် မြစ်ရေတိုက်စားမှုများဖြစ်ပေါ်နေသဖြင့် ရေထိန်းနံရံများတိုက်စားပျက်စီးနိုင်သည်။ **သန်းဌေးအောင်(ကနီ)**

## တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းတောင်းယူလိုသည့် ကျောင်းသား/သူများ စာရင်းပေးသွင်းနိုင်ပြီ

**မြိတ် ဇွန် ၁၃**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုခဲ့ကြပြီး တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းတောင်းယူလိုကြသော ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ အမှတ်စာရင်းထုတ်ပေးရေးအဖွဲ့က အောင်စာရင်းထုတ်ပြန်ပြီး ရက်သတ္တပတ်အတွင်း ထားဝယ်မြို့သို့ လာရောက်ကာ အမှတ်စာရင်းထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် မြိတ်မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အမှတ်စာရင်းတောင်းယူလိုပါက လာရောက်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အမှတ်စာရင်းတောင်းယူလိုသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် (အမည်၊ ခုံအမှတ်၊ စာစစ်ဌာန၊ အောင်-ရှုံး) ဖော်ပြ၍ တစ်ဦးလျှင်ပုံစံဖိုးနှင့် တံဆိပ်ခေါင်းဖိုးအပါအဝင် ငွေကျပ် ၄၀၀ ဖြင့် ကျောင်းဖြေ ကျောင်းသား၊ ကျောင်းသူများက မိမိတို့တက်ရောက်ခဲ့သောကျောင်းမှ ကျောင်းအုပ်ကြီးထံတွင်လည်းကောင်း၊ ပြင်ပဖြေ ကျောင်းသား၊ ကျောင်းသူများက မြို့နယ် ပညာရေးမှူးရုံးထံတွင် လည်းကောင်း လာရောက်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခိုင်ထူး(မြိတ်-ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ကစ္ဆပနဒီနှင့်

**ဂဏန်းတောင်ရွာကို ဖြတ်ကျော်လိုက်သည်နှင့် ကျောက်တော်မြို့နယ်မှ ကြိုဆိုပါ၏ဆိုသော ဆိုင်းဘုတ်ကို တွေ့ရ သည်။ ဆက်တိုက်ရွာသွန်းနေသော ရခိုင်ပြည်နယ်မိုးက ကျောက်တော်မြို့နယ်အဝင်မှာပင် ရုတ်တရက်စဲသွားသည်။ နေရောင် မထွက်သော်လည်း ကောင်းကင်တစ်ခွင်တွင် အုံ့ဆိုင်းဆိုင်းရှိနေဆဲပင်ဖြစ်သော်လည်း ပတ်ဝန်းကျင်မြင်ကွင်းကို ထင်းထင်းလင်းလင်း တွေ့မြင်ရပြီဖြစ်သည်။ စစ်တွေမြို့မြောက်ဘက် ၆၅ မိုင်ခန့်အကွာတွင် တည်ရှိသော ကျောက် တော်မြို့သို့ ကျွန်တော်တို့သွားနေခြင်း ဖြစ်သည်။**




ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ မဟာကံကြီးသျှင်ဘုရားကို တွေ့ရစဉ်။

ကျောက်တော်မြို့နယ်အစမှ ကားလမ်းအတိုင်း မော်တော်ယာဉ်ဖြင့်လာရောက်သောကျွန်တော်တို့ ဆောင်းတူရွာကို ကျော်ဖြတ်လိုက်သည်နှင့် ရခိုင်ပြည်နယ်၏ နာမည်ကျော် ကစ္ဆပနဒီမြစ်ကို မလှမ်းမကမ်းတွင် မြင်တွေ့လိုက်ရသည်။ ကားလမ်းနှင့်ကစ္ဆပနဒီမြစ်အကြား ကမ်းခြေလယ်ကွင်းအချို့ပေါ်တွင် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်ထားရာ လယ်ကွင်းများနှင့်အပြိုင် ကစ္ဆပနဒီမြစ် စီးဆင်းနေမှုမြင်ကွင်းက စိမ်းညို့ညို့ရခိုင်တောင်တန်းများနောက်ခံနှင့် လှပသော ပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့ရသည်။ ကစ္ဆပနဒီမြစ်ရေသောက်သုံးကာ လယ်ယာစိုက်ပျိုးမှုများဖြစ်ထွန်းကြောင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြောင်း သိရသည်။

မကြာမီ ယင်းချောင်းတံတားသို့ ရောက်ရှိလာရာ တံတားပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ ယင်းချောင်းအတွင်း မိုးရေများကြောင့် တစ်ဟုန်ထိုးစီးဆင်းနေသည်ဖြစ်ရာ မိုးရာသီကာလ၌ ရခိုင်ပြည်နယ်အတွင်း မြစ်ချောင်းများအားလုံးရေပြည့်ကာ ရေလျှံမှုများဖြစ်ပေါ်သည်အထိ ရှိနေတတ်သည်ဟု သိရသည်။ မကြာမီ ကန်ဇောက်တောင်သို့ ရောက်လာရာ အမြင့်ပေ ၄၄၀ ရှိသော ကန်ဇောက်တောင်ပေါ်အတက်လမ်းက ကွေ့ကောက်လှပစွာ တည်ရှိနေသဖြင့် ဓာတ်ပုံမှတ်တမ်းရယူသော်လည်း မိုးအုံ့ဆိုင်းနေသဖြင့် ပုံကောင်းမရခဲ့။

ကျွန်တော်တို့မော်တော်ယာဉ် အပေါက်ဝရွာလွန်သည်နှင့် ကစ္ဆပနဒီမြစ်ကို ကားလမ်းနှင့် ယှဉ်လျက်တွေ့ရပြန်သည်။ ကစ္ဆပနဒီမြစ်ကမ်းဝဲ၊ ယာတွင် ဓနိပင်များပေါက်ရောက်မှုအနည်းငယ်သာ တွေ့ရှိရတော့သဖြင့် ပြန်လည်ထူထောင်မှုများ ပြုလုပ်ရန်လိုအပ်ပြီဟု တွေးမိသည်။ ကားလမ်းအတိုင်း ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာရာ မကြာမီ ကစ္ဆပနဒီမြစ်၏ အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိသော ကျောက်တော်မြို့သို့ ရောက်ရှိခဲ့သည်။

ကျောက်တော်မြို့နယ်သည် အရှေ့မှအနောက်သို့ ၁၉ မိုင်၊ မြောက်မှတောင်သို့ ၃၅ မိုင်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၆၇၅ ဒသမ ၅၅ မိုင်ရှိကြောင်း သိရသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားပြီးလုပ်ကိုင်သော မြို့ဖြစ်ပြီး နှမ်း၊ မိုး၊ ဆောင်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရန် အားထုတ်နေကြောင်း သိရသည်။ ကျောက်တော်မြို့သည် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိပြီး အိမ်ခြေ၃၆၃၆ အိမ်ရှိကာ မြို့အကျယ်အဝန်းမှာ ၃၃၄ ဧကရှိသည်။ ကျောက်တော်မြို့နယ်အတွင်း ဘာသာပေါင်းစုံနေထိုင်ကြရာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရင်း တည်ငြိမ်အေးချမ်းစွာနေထိုင်လျက်ရှိသည်ကိုလည်း တွေ့ရသည်။ နှမ်း၊ မိုး၊ ဆောင်းစိုက်ပျိုးရေးလုပ်ငန်းများနှင့်သာ အချိန်ကုန်လျက်ရှိသည်ကများလေသည်။

ကျွန်တော်တို့ ကျောက်တော်မြို့အတွင်းရောက်ရှိလာရာ အထပ်နိမ့်အိုးအိမ်တိုက်တာများကို မြင်တွေ့ရသည်။ မြို့တွင်းကားလမ်းများမှာ ကျဉ်းသော်လည်း ကားနှစ်စီးရှောင်တိမ်းမောင်းနှင်၍ရသည့် အနေအထားရှိသည်။ ကျောက်တော်မြို့ ကမ်းနားလမ်းဘက်သို့ ရောက်ရှိလာခဲ့သည်။ ကမ်းနားလမ်းသည် ရတီဆိပ်ကမ်းလည်းရှိသဖြင့် စည်ကားသည်။ ဆိပ်ကမ်းတွင် အရှည်ပေ ၁၀၀၀ ကျော်ရှိသော ကျောက်စီမြေထိန်းနံရံပြုလုပ်ထားသဖြင့် ဆိပ်ကမ်းသာယာလှပပြီး ကျောက်တော်မြို့သာယာလှပမှုကိုလည်း အထောက်အကူပြုနေသည်။

ရတီဆိပ်ကမ်းသည် ကစ္ဆပနဒီမြစ်၏ ဆိပ်ကမ်းလည်းဖြစ်ရာ သံကူကွန်ကရစ်ဆိပ်ခံတံတားကိုလည်း ပြုလုပ်ပေးထားသဖြင့် ရေတက်ချိန်တွင် ရေယာဉ်ကြီးများပါဆိုက်ကပ်ကာ ခရီးသည်နှင့်ကုန်တင်ကုန်ချပြုလုပ်နိုင်လေသည်။ ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာများမှလည်း စက်လှေများ၊ သမ္ဗန်များဖြင့် လာရောက်ရောင်းဝယ်ဖောက်ကားနေသည်ကိုလည်း တွေ့ရသည်။ ဆိပ်ကမ်းတွင် ရေယာဉ်ကြီးများဆိုက်ကပ်၊ ထွက်ခွာနေကြသည်မှာ လှုပ်လှုပ်ရှားရှားမြင်ကွင်းဖြစ်နေသည်။

ဆိပ်ကမ်းအနီးတွင် ကျောက်တော်မြို့မဈေးတည်ရှိရာ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေသည်ကို မြင်တွေ့ရသည်။ ကျွန်တော်တို့ ဈေးဘက်သို့ သွားရောက်ကြည့်ရှုလေ့လာရာ ဒေသထွက်ကုန်ပစ္စည်းများ၊ လူ့အသုံးအဆောင်များ ရောင်းချနေသလို ဆိပ်ကမ်းမှ ကုန်ပစ္စည်းများလည်း သယ်တင်ရောင်းချနေသည်ကို တွေ့မြင်ရသည်။ ကျောက်တော်မြို့ကမ်းနားလမ်းက ဆိပ်ကမ်းနှင့် ဈေးတို့လည်း တည်ရှိနေသဖြင့် စည်ကားပြီး နေအိမ်တိုက်တာအသစ်များ၊ တည်ဆောက်ဆဲတိုက်တာအိမ်ခြေများကိုလည်း တွေ့ရသည်။

ထို့နောက် ကျွန်တော်တို့ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ရှိရာသို့ထွက်ခွာလာခဲ့ကြသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အစတွင် စတင်ဖွင့်လှစ်ခဲ့သော ကျောင်းအဆောက်အအုံဖြစ်ရှေ့လားမသိ၊ စိုက်ပျိုးရေးသိပ္ပံအဆောက်အအုံအားလုံး သစ်လွင်တောက်ပနေသည်။ စတင်ဖွင့်လှစ်သည့် ပညာသင်နှစ်ကာလတွင် ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်တက်ရောက်နေကြပြီး အခုဒုတိယပညာသင်နှစ်တွင်လည်း ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်တက်ရောက်ပညာသင်ကြားနေကြကြောင်း သိရသည်။ စိုက်ပျိုးရေးအဓိကလုပ်ကိုင်သော ကျောက်တော်မြို့နယ်အတွင်းနှင့် အနီးဝန်းကျင်မှ ဒေသခံလူငယ်များအတွက် ကောင်းမွန်ထိရောက်သော ပညာရေးဖြည့်ဆည်းမှုတစ်ရပ်လည်း ဖြစ်သည်။ စိုက်ပျိုးရေးသိပ္ပံအဆောက်အအုံရှေ့တွင် အတန်ကြာကြည့်ရှုလေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။

ဆက်လက်ပြီး မဟာကံကြီးသျှင်ဘုရားသို့ ကျွန်တော်တို့လာခဲ့ကြသည်။ ကြီးမားသော ဘီလူးရုပ်တုနှစ်ခုက ဝင်ပေါက် မုခ်ဝတစ်ဖက်တစ်ချက်စီတွင် ထီးထီးကြီး တည်ရှိကာ မုခ်ဦးပေါက်အလယ်တွင် နတ်သားရုပ်တုတစ်ခုတွေ့ရသည်။ မုခ်ဦးအဝင်ပေါက်ဘေးတစ်ဖက်တစ်ချက်စီတွင် ကနုတ်ဖော်တိုင်လုံးများဖြင့် အခိုင်အမာ တည်ဆောက်ထားသော မုခ်ဦးဖြစ်သည်။ မုခ်ဦးပေါက်ဝနှင့် မလှမ်းမကမ်းအတွင်းဘက်တွင် ထိုင်လျက်တည်ရှိသောမဟာကံကြီးသျှင်ဗုဒ္ဓရုပ်ပွားတော်ကြီးကို အမိုးအကာမရှိ လွတ်ကင်းစွာ ဖူးမြော်တွေ့ရှိရသည်။ မုခ်ဦးဝပိတ်ထားသဖြင့် အထဲသို့ဝင်ရောက်ခွင့်မရဘဲ အပြင်ဘက်မှ ဖူးမြော်ခဲ့ရခြင်းဖြစ်သည်။

မဟာကံကြီးသျှင်ဘုရားနှင့်ကပ်လျက် ကျောက်တော်ဘူတာရုံသို့သွားရာလမ်းရှိသည်။ ကျောက်တော်- ပုဏ္ဏားကျွန်း လမ်းပိုင်းပြေးဆွဲသောရထား မဆိုက်ရောက်သေးသဖြင့် ဘူတာတွင် ခရီးသည်ရှင်းနေသည်။ ဘူတာအဆောက်အအုံမှာ သပ်ရပ်သန့်ရှင်းနေကာ တိတ်ဆိတ်အေးချမ်းလျက်ရှိသည်။ ကျောက်တော်ဘူတာရုံမှ ကျွန်တော်တို့ ထွက်လာခဲ့ကြပြီး ကျောက်တော်မြို့၏ အဓိကလမ်းများဖြစ်သော ဦးအောင်ဇံဝေလမ်း၊ ပိတောက်လမ်း၊ မြို့ပတ်လမ်းတို့ကို ဆက်ထားသည့် ဧည့ဝတီလမ်း ကျောက်ချောခင်းပြီးမှုကို သွားရောက်လေ့လာခဲ့ရာ ကားနှင့်ဆိုင်ကယ်၊ စက်ဘီးများ ကောင်းမွန်စွာ စီးနင်းသွားလာနေကြသည်ကို တွေ့ရသည်။ မြို့တစ်မြို့ဖွံ့ဖြိုးတိုးတက်မှုတွင် လမ်းများအဆင့်မီစွာ ကောင်းမွန်ရေးလည်း အဓိကကျသည်ဟု ယူဆမိသည်။

ထို့နောက်ကျွန်တော်တို့ ကျောက်တော်တောင်ဘက်သို့ ထွက်လာခဲ့ကြသည်။ ကျောက်တော်မြို့အထွက်တွင်ရှိသော



ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ ရတီဆိပ်ကမ်းနှင့် နေအိမ်အဆောက်အအုံများကို တွေ့ရစဉ်။

# ကျောက်တော်ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ အောင်ကျော်ဦး၊ ဓာတ်ပုံ-မောင်ချစ်ကြည်

ကစ္ဆပနဒီတံတားကိုဖြတ်ကျော်ပြီးမှ ကျောက်တော်တောင်သို့ သွားရောက်ရမည်ဖြစ်ရာ ကစ္ဆပနဒီတံတားထိပ်တွင် ခဏ ရပ်ကာ ကျောက်တော်တောင်၊ ကျောက်တော်စေတီ၊ ကစ္ဆပနဒီမြစ်၊ ကစ္ဆပနဒီတံတားတို့မြင်ကွင်းကို ငေးမောကြည့်ရှုမိသည်။ မြင်ကွင်းစုံပြီး ထူးခြားလှပသည်ဖြစ်ရာ ဓာတ်ပုံမှတ်တမ်းအဖြစ် ရိုက်ကူးသော်လည်း မိုးကတဖွဲဖွဲရွာနေပြန်သဖြင့် ကောင်းမွန်စွာရိုက်ကူးယူ၍ မရပြန်။

ကစ္ဆပနဒီမြစ်ကူးတံတားပေါ်မှနေ၍ ကျောက်တော်တောင်ကိုလှမ်း၍ကြည့်ရင်း ဖတ်ရှုခဲ့ရသော ကျောက်တော်တောင်သမိုင်းကို သတိရနေမိသည်။ မဟာသက္ကရာဇ် (၁၂၃) ခုနှစ်၊ ဘီစီ (၅၀၄) ခုနှစ်တွင် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီး၏ ဆန္ဒပြုပင့်ဖိတ်ချက်အရ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိသော ဂေါတမမြတ်စွာဘုရားရှင်သည် နောက်ပါရဟန်း ၅၀၀ လိုက်ပါလျက် ကောင်းကင်ခရီးဖြင့် ကြွရောက်တော်မူပြီး ကစ္ဆပနဒီမြစ်အရှေ့ဘက်ကမ်း သေလာဂရိမောရပဗ္ဗတ္တတောင်ပေါ်တွင် ရပ်နားတော်မူခဲ့ကြောင်း၊ ယင်းကိုအစွဲပြုပြီး ကျောက်တော်တောင်ဟု ခေါ်ဆိုခဲ့ကြပြီး ကျောက်တော်မြို့လည်း ခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတောင်ပေါ်တွင်တည်ထားသော စေတီကိုလည်း ကျောက်တော်စေတီဟု ခေါ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့တွင် ကျောက်တော်စပါးအဝယ်တော်စခန်းကြီးအဖြစ် ဖွင့်လှစ်ခဲ့သည်မှစတင်ကာ စည်ကားလာခဲ့ပြီး ၁၉၁၀ ခုနှစ်တွင် ကျောက်တော်မြို့အဖြစ် တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း ဖတ်ရှုလေ့လာခဲ့ဖူးသည်များကို ပြန်သတိရ တွေးနေမိသည်။

ကျောက်တော်စေတီကို ကားလမ်းပေါ်မှ ဖူးမြော်ပြီးနောက် ကစ္ဆပနဒီမြစ်ကူးတံတားကို ဖြတ်ကျော်ကာ ငါးမိုင်ခန့်ဝေးသော မဟာမုနိဘုရားကြီးတည်ထားရာသို့ ကျွန်တော်တို့သွားရောက်ခဲ့ကြသည်။ ကားလမ်းတစ်လျှောက်ရွာငယ်အချို့ကို ဖြတ်ကျော်လာခဲ့ပြီးနောက် ဘုရားဖူးကားများဖြင့် စည်ကားနေသော မဟာမုနိဘုရားကြီးအား တန်စောင်းမှ တစ်ဆင့်တက်ရောက်ကာ ဖူးမြော်ရာ စိတ်အတွင်း ထူးထူးခြားခြားအေးချမ်းမှုကို ရရှိခံစားမိသည်။ မဟာမုနိဘုရားကြီးသို့ လာရောက်ဖူးမြော်သော ပြည်တွင်း ပြည်ပဘုရားဖူးများကိုလည်း တွေ့ရသည်။ ဒေသခံလူငယ်မောင်မယ်များကလည်း ပျော်ရွှင်စွာတက်ရောက်ဖူးမြော်နေကြသည်ကိုလည်း မြင်ရသည်။

မဟာမုနိဘုရားကြီး၏ ရင်ပြင်တော်ပေါ် လှည့်လည်ဖူးမြော်ပြီးနောက် အလှူငွေများလှူဒါန်းကာ ပြန်ဆင်းလာခဲ့သည်။ စောင်းတန်းတစ်လျှောက်ဘုရားဖူးလာသူအချို့က တက်ရောက်လာနေကြဆဲဖြစ်သည်။ မိုးကလည်း တဖွဲဖွဲရွာနေဆဲဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားအချို့ကိုလည်း တွေ့မြင်ရသည်။ အချိန်က မွန်းလွဲ ၂ နာရီခန့်ရှိပြီဖြစ်ရာ မဟာမုနိဘုရားကြီးရှေ့ ကားလမ်းတစ်ဖက်ခြမ်းရှိ ဆိုင်တန်းများရှိရာသို့ လာခဲ့သည်။ ထမင်းဆိုင်တွင် ပုစွန်ရခိုင်ချက်၊ ရခိုင်အာလူးဟင်း၊ ချဉ်ပေါင်ကြော်၊ ရခိုင်ငါးပိထောင်းတို့ဖြင့်စားရာ ခံတွင်းတွေ့လှသည်။

ကျောက်တော်မြို့က ထူးခြားသည်။ ရေ မြေ ကောင်းမွန်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်သည်။ စိုက်ဧကသစ်များ တိုးချဲ့ဖော်ထုတ်ရန်လည်း အစီအစဉ်ရှိနေပြီး မြစ်ရေတင်စီမံကိန်းများလည်း အကောင်အထည်ဖော်တည်ဆောက်နေရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။ ပို၍စိတ်ဝင်စားစရာကောင်းသည်မှာ ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်များပြုလုပ်ရန် အနာဂတ်အစီအမံများလည်းရှိနေရာ အကောင်အထည်ဖော်လုပ်ကိုင်နိုင်ပါက တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်ဟု တွေးမိသည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်ရန်မှာ တည်ငြိမ်အေးချမ်းမှုရှိမှသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်မှာ အမှန်ပင်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့အနီး ကျောက်တော်စေတီကို တွေ့ရစဉ်။




ရခိုင်ပြည်နယ်ရှိ ကစ္ဆပနဒီတံတားကို တွေ့ရစဉ်။

ရေခံ၊ မြေခံကောင်းမွန်သည့် ကျောက်တော်မြို့နယ်ကို သဘာဝကပေးထားသော လက်ဆောင်မွန်ဖြစ်သည့် ကစ္ဆပနဒီမြစ်လည်း စီးဆင်းနေရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်မှာ လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေပြီဖြစ်သည်။ စိုက်ပျိုးမြေများလည်း လုံလောက်စွာရရှိနေရာ ကျောက်တော်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရန် ဒေသခံပြည်သူများက အတူတကွ လက်တွဲဆောင်ရွက်မှသာ ရရှိမည်ဟု တွေးမိသည်။ မိမိတို့ဒေသ၊ မိမိတို့ရပ်ရွာတိုးတက်စေရန် ပထမဦးစွာ မိမိတို့တွင်သာတာဝန်ရှိပြီး ပြုပြင်မှုများ ကိုယ်တိုင်ပြောင်းလဲကာ လုပ်ဆောင်မှသာ ရရှိမည်ဟုလည်း ထင်မြင်မိသည်။

“ကဲ ကျွန်တော်တို့သွားကြမယ်”ဟု အတူလိုက်ပါလာသူ ရခိုင်တိုင်းရင်းသား ဦးစောဦး၏ သတိပေးချက်ကြောင့် အတွေးစပြတ်သွားသည်။ ကျွန်တော်တို့ထမင်းဆိုင်မှထွက်ချိန်မှာ ညနေ ၃ နာရီ ထိုးတော့မည်။ မိုးကလည်း တဖြည်းဖြည်းသည်းလာပြန်သည်။ ရခိုင်မိုးကား ရက်ဆက်စွေလွန်းလှသည်ဟု တွေးမိသည်။ အပြန်လမ်းတွင် ကားလမ်းဘေးဝဲ၊ ယာတစ်လျှောက် ပြန့်ပြူးနေသော စိုက်ပျိုးမြေများကိုကြည့်ကာ စိုက်ပျိုးရေးအကျိုးပြုကစ္ဆပနဒီမြစ်ကိုလှမ်းမျှော်ရင်း အနာဂတ်ကျောက်တော်မြို့မြင်ကွင်းက အတွေးထဲတွင်လှပစွာ ရှိနေသည်မှာ အမှန်ပင်။ ။




ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကို တွေ့ရစဉ်။

**ကျောက်တော်မြို့က ထူးခြားသည်။ ရေ မြေ ကောင်းမွန်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်သည်။ စိုက်ဧကသစ်များ တိုးချဲ့ဖော်ထုတ်ရန်လည်း အစီအစဉ်ရှိနေပြီး မြစ်ရေတင်စီမံကိန်းများလည်း အကောင်အထည်ဖော်တည်ဆောက်နေရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။ ပို၍စိတ်ဝင်စားစရာကောင်းသည်မှာ ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်များပြုလုပ်ရန် အနာဂတ် အစီအမံများလည်းရှိနေရာ အကောင်အထည်ဖော်လုပ်ကိုင်နိုင်ပါက တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည်။**

# ရေရှားပါးသည့် ကျေးရွာနှစ်ရွာအား မိုးရေလှောင်ကန် ဆောင်ရွက်ပေးမည်



**ဘားအံ ဇွန် ၁၃**
ကရင်ပြည်နယ် မြို့နယ်ခုနစ်မြို့နယ်မှ ကျေးရွာ ၈၃ ရွာ ရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရက် ၁၀၀ စီမံချက် အတွင်း စက်ရေတွင်းများ၊ လက်ရေတွင်းများနှင့် မိုးရေသိုလှောင်ကန်များ ဆောင်ရွက်ပေးသည့်အပြင် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာအား မိုးရေသိုလှောင်ကန်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရသိရသည်။

ဘားအံမြို့ ကျေးလက်ဦးစီးမှူး ဦးခင်မောင်ဝင်းက "ဆိုက်လံတောင် ကျေးရွာကန်ကတော့ ပုံမှန်မြေသားကန်ပဲဖြစ်ပါတယ်။ ကော့လမုကျေးရွာကန်ကတော့ ဂျိုင်းမြစ်ဘေးမှာရှိပြီး ချောင်းရေမဝင်ရန်နဲ့ ကျွဲ၊ နွားတိရစ္ဆာန်တွေနဲ့ ပတ်ဝန်းကျင်အညစ်အကြေးတွေ မဝင်နိုင်အောင် ကျေးရွာနေပြည်သူတို့၏ ဆန္ဒအရ သံကူကွန်ကရစ်နံရံနဲ့ ရေကန်ကိုခြံစည်းရိုးကာရံ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ မိုးရေသိုလှောင်ကန်တွေ ပြီးစီးသွားရင် ကျေးရွာအလိုက် အိမ်ထောင်စုတွေအနေနဲ့ ရေဂါလန် ၃၇၅၀၀၀ ဆံ့ ရေသိုလှောင်ကန်မှ တစ်နှစ်ပတ်လုံးအတွက် ရေလုံလောက်စွာ အကျိုးပြုသုံးစွဲနိုင်မှာပါ" ဟု ပြောကြားခဲ့သည်။

ဘားအံမြို့နယ် ကျေးရွာနှစ်ရွာဖြစ်သည့် ဆိုက်လံတောင်ကျေးရွာတွင် တစ်ကန်နှင့် ကော့လမုကျေးရွာတွင် တစ်ကန်ကို လာမည့်မိုးရာသီကာလတွင် မိုးရေများသိုလှောင်နိုင်ပြီး တစ်နှစ်ပတ်လုံးရေရှားပါးမှုမရှိစေရေးအတွက် ပေ ၁၀၀ ပတ်လည်၊ အမြင့်ခြောက်ပေရှိ မိုးရေသိုလှောင်ကန်များကို တူးဖော်ပေးခြင်းဖြစ်သည်။

ယင်းရေကန်များတူးဖော်ရန် တစ်ကန်လျှင် ၈ ဒသမ ၅ သန်းဖြင့် မေလမှစတင်ကာ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန်လပိုင်းကုန်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မုစလိန္ဒသတ္တာဟဘုရား အနေကဇာတင်မင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရေဦး ဇွန် ၁၃**
ရေဦးမြို့ဘုံပျံကျောင်းတိုက်၌ ဇွန် ၁၁ ရက် နံနက် ၅ နာရီက မုစလိန္ဒာရေကန်နှင့် မုစလိန္ဒသတ္တာဟဘုရား အနေကဇာတင်မင်္ဂလာအခမ်းအနားကျင်းပပြီး ညပိုင်းတွင် ဝေါစုဆရာတော်အရှင် ဝိစက္ခဏ ဓမ္မာစရိယ(သာသနာ့ကြယ်တစ်ပွင့်)က မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်များဟောကြားချီးမြှင့်ခဲ့သည်။

မုစလိန္ဒသတ္တာဟဘုရား အနေကဇာတင်မင်္ဂလာပြီးမြောက်အောင်မြင်ခြင်း အထိမ်းမှတ်အဖြစ်ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက ပင့်သံဃာအပါး ၁၀၀ ကျော်တို့အား ပထမအကြိမ် ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြသည်။ ဆွမ်းဆန်တော်များလောင်းလှူပြီးနောက် ဧည့်ပရိသတ်အပေါင်းတို့က မန္တလေးမြို့မင်္ဂလာရာမ ရွှေဘိုတိုက် ထေရဝါဒကျောင်းဆရာတော် ရွှေစည်အရှင်နန္ဒာသီရိ ဓမ္မာစရိယအရှင်သူမြတ်ထံမှဆွမ်းရေစက်ချတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေခဲ့ကြသည်။

**သမ်းထိုက်(ရေဦး)**

## ဘိန်းအစားထိုးသီးနှံမျိုးစေ့ နယူးရော-၁ အထွက်တိုး မျိုးစပါး မိုးနဲမြို့၌ ပေးအပ်

**မိုးနဲ ဇွန် ၁၃**
ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ် ဘိန်းအစားထိုးသီးနှံမျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို မိုးနဲမြို့ ပေါ့မိုင်းရပ်ကွက် ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငိုဘွယ်က ဘိန်းအစားထိုးသီးနှံ မျိုးစေ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဘိန်းအစားထိုးသီးနှံမျိုးစေ့ နယူးရော-၁ အထွက်တိုးမျိုးစပါး ကီလို ၅၆၀ ကို ဧက ၈၀ အတွက် ဘိန်းစိုက်တောင်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## နမ့်စန်မြို့နယ် အားကစားကွင်းနှင့် မြို့နယ် အထကကျောင်းအခြေအနေအား လူမှုရေးဝန်ကြီး ကြည့်ရှုစစ်ဆေး

**နမ့်စန်(တ) ဇွန် ၁၃**
ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်အား/ကာမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အား/ကာမှူးတို့ပါဝင်သောအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီ ခွဲက လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်သို့ရောက်ရှိခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ မြို့နယ် အား/ကာမှူး၊ မြို့နယ် အား/ကာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်အားကစားကွင်း ပြန်လည်ပြုပြင်မည့် အခြေအနေများနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လူမှုရေးဝန်ကြီးသည် မြို့နယ် အ-ထ-က ကျောင်းသို့ သွားရောက်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့်တွေ့ဆုံကာ ကျောင်းဆောင်များအခြေအနေ၊ ဆရာဆရာမ နှင့် ကျောင်းသားဦးရေ အခြေအနေတို့ကို ကြည့်ရှုမေးမြန်းခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကာ ကျောင်းအတွက်အားကစားပစ္စည်းများလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



## ရက် ၁၀၀ စီမံချက်အတွင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ရှင်းလင်းပွဲကျင်းပ

**လေရှိုး ဇွန် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် မူခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဝန်ဆောင်မှုရှေးရှုသောရဲလုပ်ငန်းများအား ရက် ၁၀၀ စီမံချက်ကာလအတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၁၁ ရက်နံက် ၁၀ နာရီက မြို့နယ်ရဲစခန်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးစီးအရာရှိ ဦးမြင့်စိုးက အမှာစကား ပြောကြားပြီး မြို့နယ်စခန်းမှူး ဒုတိယရဲမှူးဝင်းဗိုလ်က မှုခင်းကျဆင်းရေးနှင့် ပတ်သက်၍ မှုခင်းကြိုတင်ကာကွယ်ရေး နည်းလမ်းများဖြင့်လည်းကောင်း၊ ပြည်သူများ၏လိုအပ်ချက်များနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့မိမြို့ဖဦးချစ်ညိုကဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံတိုင်းရင်းသားများဘက်မှလည်း အသိတရားမြင့်မားစွာဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ကူညီပေါင်းစပ်ဆောင်ရွက်ပေးနေသည့် အစီအစဉ်များကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊မြို့မိမြို့ဖများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရဲကင်းမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လေရှီးမြို့နယ်(ပြန်/ဆက်)**

## စိုက်ပျိုးဧက ၂၅၀၀ ကိုရေလုံလောက်စွာပေးဝေနိုင်မည့် ရှမ်းကန်မြောင်းကျောက်စီခြင်းဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၁၃**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် မြို့နယ်အတွင်း စိုက်ပျိုးဧက ၂၅၀၀ ကို ရေလုံလောက်စွာပေးဝေနိုင်မည့် ရှမ်းကန်မြောင်းကျောက်ဆလံစီခြင်းလုပ်ငန်းများကိုဇွန် ၁၂ ရက် နံနက် ၈ နာရီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းမြောင်းကျောက်ဆလံစီခြင်းလုပ်ငန်းကိုအရှည်ပေ ၁၅၀၀ ဆောင်ရွက်ပေးမှုကြောင့် မြောင်းပုံစံစနစ်တကျဖြစ်ခြင်း၊ မြောင်းဆုံမြောင်းဖျားအထိ ရေများရောက်ရှိခြင်း၊မြောင်းသား ကြံ့ခိုင်ပြီး ရေစီးရေလာကောင်းမွန်နိုင်ခြင်းတို့ကြောင့် စဉ့်ကိုင်မြို့နယ်အတွင်း စိုက်ပျိုးဧက ၂၅၀၀ ကိုရေလုံလောက်စွာစနစ်တကျ ပေးဝေနိုင်မည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**



## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးပညာပေးဟောပြောပွဲ ကျင်းပ

**မော်လိုက် ဇွန် ၁၃**
ကျေးလက်နေပြည်သူများ အနေဖြင့် တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပညာပေး ဟောပြောပွဲကို ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲက မော်လိုက်မြို့နယ် တောင်းအင်ကျေးရွာ ချမ်းမြေ့အေးဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုသိန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်းက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး လုပ်ငန်းစဉ်များ ပြည်သူများမှလည်း မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း စသည်ဖြင့် ဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်သစ်တောဦးစီးမှူး ဦးကိုကိုထွန်းမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်း ကာကွယ်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြစ်ဒဏ်များအကြောင်းကို ကျေးလက်နေပြည်သူများ သိရှိနားလည်စေရန် အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက်ခရိုင် ပြန်/ဆက်ဌာနမှ ဒုတိယဦးစီးမှူးက တောင်းအင်ကျေးရွာလူငယ်အလင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် မူးယစ်ဆေးဝါး ဟောပြောပွဲသို့ တောင်းအင် ကျေးရွာနှင့် အနီးအနားကျေးရွာများမှ ပြည်သူ ၁၀၀ ကျော်ခန့်တက်ရောက်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် နန်းသီကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပညာပေး ဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ပြည်သူများ သိရှိလိုသည့် မေးမြန်းချက်များအား တာဝန်ရှိသူတို့မှ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

ပြည်တွင်းရေးရာ

# မိုးကုတ်မြို့အောင်ချမ်းသာဈေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မိုးကုတ် ဇွန် ၁၃**

မိုးကုတ်မြို့နယ် အောင်ချမ်းသာဈေးသမဝါယမအသင်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၀ ရက်က အောင်ချမ်းသာဈေး မီးသတ်ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် အောင်ချမ်းသာဈေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ဈေးသမဝါယမအသင်းအမှုဆောင်ဒါရိုက်တာ အတွင်းရေးမှူး ဦးဝင်းအောင်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအစီရင်ခံစာအား ဖတ်ကြားတင်ပြခဲ့သည်။

ယင်းနောက် မိုးကုတ်မြို့နယ် သမဝါယမဦးစီးဌာနမှူး ဦးဇော်မျိုးထက်က သမဝါယမ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဈေးသမဝါယမအသင်းကြီး ယခုထက်မက အောင်မြင်စေရေးအတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းဝင်များ၊ အသင်း၏စာရင်းစစ်များနှင့် ဝန်ထမ်းများ၊ အသင်းဝင်များအားလုံး ပူးပေါင်းညီညာစွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဈေးသူဈေးသားများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သော ရောင်းဝယ်ဖောက်ကားမှု၊ ကုန်စည်စီးဆင်းမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဈေးသမဝါယမအသင်းအနေဖြင့် ချေးငွေထုတ်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းတွင် အသင်းဝင်များတိုးပွားလာကာ ထုတ်ချေးငွေများ အများအပြားလည်ပတ်နိုင်စေရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အောင်ချမ်းသာဈေးမှ သမဝါယမအသင်းသူ၊ အသင်းသားများ တက်ရောက်ခဲ့ပြီး ဈေးသမဝါယမအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အသင်းဝင် ၉၉ ဦးအား ငွေကျပ် ၁၃၅ သိန်းကျော် ထုတ်ချေးပေးနိုင်ခဲ့ပြီး အသင်းဝင်များ၏ စီးပွားရေး၊ အောင်မြင်ကြီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

# အောင်မြင်သာပင်မမြောင်းမကြီးအတွင်းရှိသဲနုန်းမြေများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်

**ကလေး ဇွန် ၁၃**

ကလေးမြို့နယ် အောင်မြင်သာကျေးရွာတောင်သူများ၏ မိုးစပါး ဧက ၄၅၀ အတွက် ရေပေးဝေနိုင်သော အောင်မြင်သာပင်မမြောင်းမကြီးအတွင်းရှိ သဲနုန်းမြေများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းကို မေ ၁ ရက်က စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောင်မြင်သာပင်မမြောင်းမကြီးသည် ၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်၌ ရွာသွန်းခဲ့သောမိုးကြောင့် မြောင်းမကြီးအတွင်း သဲနုန်းမြေများဖုံးလွှမ်းသွားခဲ့ရာ ၂၀၁၆ ခုနှစ် မိုးစပါးအမီစိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ခရိုင်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူကာ Back Hoe SRD-07 စက်ယန္တရားကြီးကိုအသုံးပြုလျက် သဲနုန်းမြေများ တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းမြောင်းမကြီးသည် အရှည်ပေ ၁၃၅၀၀ ရှိပြီး အနက်မြောင်းအောက်ပိုင်းရှိ ပေ ၈၀၀၀ ကို ရေနုတ်မြောင်းအဖြစ်အသုံးပြုကာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် တောင်သူများက ကုန်ကျစရိတ်အား ထက်ဝက်စီကျခံ၍ ဆောင်ရွက်လျက်ရှိရာ မြောင်းမကြီးအတွင်းရှိ သဲနုန်းမြေကျင်းပေါင်း ၇၅၀၀ တူးဖော်ခြင်းလုပ်ငန်းပြီးစီးပြီဖြစ်ရာ မိုးစပါးဧကအပြည့်ကို အချိန်မီစိုက်ပျိုးနိုင်မည့်အပြင် မိုးရာသီ ရေကြီးချိန်တွင် လယ်ယာမြေများရေဝပ်မှုမှ ကင်းဝေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**



# အခမဲ့ဆေးကုသမှုလုပ်ငန်း ကျေးရွာများသို့ ကွင်းဆင်း ကုသ



**မောက်မယ် ဇွန် ၁၃**

ကျေးရွာနေတိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးစေရေး၊ လူတိုင်းသက်တမ်းစေ့နေနိုင်ပြီး ကျန်းမာစေရေးရည်ရွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းဦးဆောင်၍ ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူလူထုဗဟိုပြု ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကို ဇွန် ၁၁ ရက်က မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကုန်းဝပ်ကျေးရွာဘုန်းကြီးကျောင်း၌ အခြေပြု၍ ဖွင့်လှစ်ခဲ့သည်။

ယင်းသို့ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်၍ ဆောင်ရွက်ရာတွင်အနီးအနားရှိ ကျေးရွာများနှင့် ဒေသခံရှမ်းတိုင်းရင်းသား ပြည်သူ ၂၂၀ ကျော်အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ယင်းအပြင် ဆေးကုသဌာနသို့ မလာနိုင်သော သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းအပြင် ယခုနှစ်မိုးရာသီတွင်ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ အကြောင်း ဆောင်ရန်ရှောင်ရန်အချက်အလက်များ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးလုံးဝပပျောက်ရေး ဆောင်ရွက်ကြရန် ဥပဒေချုပ်တိုက်တွန်း

**ဗန်းမော် ဇွန် ၁၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့တော်ခန်းမ၌ ဇွန် ၁၁ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်နှင့် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်သားပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ ဒေသတွင်း၌ မူးယစ်ဆေးဝါးလုံးဝပပျောက်အောင် ဆောင်ရွက်ကြရန် ကချင်ပြည်နယ်ဥပဒေချုပ်က တိုက်တွန်းပြောကြားခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်က ဝန်ထမ်းများအား အစိုးရပထမရက် ၁၀၀ စီမံချက်ကို တိတိကျကျ အကောင်အထည်ဖော်ရန်လိုကြောင်း၊ လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ကို လိုက်နာရန်ကြောင်းနှင့် လုပ်သားပြည်သူအပေါင်းအား ဗန်းမော်ခရိုင်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားနေသည့်တွက် အနာဂတ်တွင် မိမိတို့၏ မျိုးဆက်သစ်များ ရှိနိုင်ပါဦးမလားဟု စိုးရိမ်နေရသည့်အခြေအနေ ကြုံတွေ့နေရသဖြင့် မူးယစ်ဆေးဝါးလုံးဝပပျောက်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးဦးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ပြုလုပ်

**ဘားအံ ဇွန် ၁၃**

၂၀၁၆ ခုနှစ် ဇွန် ၁၁ ရက် နံနက် ၆ နာရီခွဲက ဘားအံမြို့ရှိ တရားရေးအရာရှိအိမ်ရာဝင်းအတွင်းဘက် ခြံစည်းရိုးပတ်ပတ်လည်နေရာများတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးရှိစေရန် သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့သည်။

ယင်းနေ့က ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း ဦးဆောင်ပြီးပြည်နယ်တရားလွှတ်တော်မှ တရားရေးအရာရှိများနှင့် အခြားအဆင့်ဝန်ထမ်းများ၊ ဘားအံခရိုင် မြို့နယ်တရားရုံးတို့မှတရားသူကြီးများနှင့် အခြားအဆင့်ဝန်ထမ်းများက တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့သည်။

သစ်ပင်ပျိုးပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ရေတမာ၊ မဟော်ဂနီ၊ ပိတောက်၊ ဗာဒံ၊ စွယ်တော်၊ စိန်ပန်း၊ ပေါက်ပန်းဖြူနှင့် မဲဇလီ စသည့်ပျိုးပင်စုစုပေါင်း အပင် ၁၀၀ ခန့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# သံတွဲမြို့နယ် ရွှေလေ့ကျေးရွာ ရေကြီးနစ်မြုပ်မှုဖြစ်ပွား

**သံတွဲ ဇွန် ၁၃**

သံတွဲမြို့နယ်အတွင်း ဇွန် ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ည ၁၂ နာရီခန့်တွင် သူငွေးချောင်းရေများမြင့်တက်ကာ ရွှေလေ့ကျေးရွာအုပ်စုနှင့် ရေကောက်ကျေးရွာအုပ်စုတို့တွင် ရေအမြင့် ခုနစ်ပေခန့် နစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး ဇွန် ၁၁ ရက်နေ့ ည ၁၂ နာရီခန့်မှစ၍ ရေများပြန်လည်ကျဆင်းသွားရာ ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ရေများအားလုံးကျဆင်းသွားပြီးဖြစ်သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုကြောင့် ရွှေလေ့ကျေးရွာအုပ်စု ပေါက်တောကျေးရွာတွင် (၂၁ × ၁၈) ပေသွပ်မိုးထရံကာ၊ ပျဉ်ခင်း လူနေအိမ်ငါးလုံးနှင့် ရေကောက်ကျေးရွာအုပ်စု၊ ရေကောက်ကျေးရွာတွင် အိမ်ခြေ ၃၀ ခန့်၊ ပုရစ်တောကျေးရွာတွင် အိမ်ခြေ ၁၂၀ ခန့်နှင့် စာသင်ကျောင်းတစ်ကျောင်း ရေစီးဖြင့်မျောပါသွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းခိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တို့မှ သွားရောက်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သံတွဲခရိုင်(ပြန်/ဆက်)**

# ကသာခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သောလမ်းတံတားများ အမြန်ဆုံးပြုပြင်ဆောင်ရွက်နေ



**ကသာ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့တို့တွင် ဇွန် ၈ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီးလမ်းတံတားများ ပျက်စီးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့တို့တွင် ရေကြီးရေလျှံမှုကြောင့် လမ်းတံတားများပျက်စီးသွားရာ ဒေသခံပြည်သူများ သွားလာမှုပြတ်တောက်မှုမရှိစေရေးအတွက် ပြည်သူကိုမျက်နှာမူပြီး ဝန်းသိုမြို့နယ်လမ်းဦးစီးလမ်းဌာနက ဆင်ကုန်း၊ ဝန်းသို-ပင်လည်ဘူးလမ်း မိုင် ၂၀/၃-၂၀/၄ ကြားရှိ တံတားအမှတ် ၃/၂၁ (မောင်းကော်တံတား) ပင်လည်ဘူးဘက်ခြမ်း တံတားချဉ်းကပ်မြေ ရေတိုက်စားမှုအား မြေသားပြန်လည်ဖို့ခြင်း၊ ဆင်ကုန်း-ဝန်းသို ပင်လည်ဘူးလမ်း မိုင် ၂၇/၆/၆-၂၇/၇ ကြား တံတားအမှတ် ၆/၂၈ ပေ ၃၀ အုတ်စီကမ်းကပ်ခုံ RC Slab တံတား ဝန်းသိုဘက်ခြမ်း အုတ်ကမ်းကပ်ခုံနိမ့်ကျမှုအတွက် လမ်းလွှဲဖောက်လုပ်ခြင်းများ ဆောင်ရွက်နေသည်။

ပြန်လည်တည်ဆောက်ရမည့်တံတားအား ဘောလီသံပေါင်များ မန္တလေးသို့မှာယူထားပြီး ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင်ရောက်ရှိလာသဖြင့် ပစ္စည်းများချပြီး လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **အေးလွင်(ကသာ)**

## စေတနာအလှူရှင်များက ရေသန့်စက်လှူဒါန်းတပ်ဆင်ပေး

**ရိုခေါဒါရ် ဇွန် ၁၃**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ရန်ကုန်မြို့မှ ဝေနေယျသုခရေချမ်းစင်အသင်းနှင့် ဦးအဲစောင်း-ဒေါ်လှလှကြည်မိသားစုတို့ ပူးပေါင်း၍ ရေသန့်စက်တစ်လုံးကို ယခုဇွန်လဆန်းပိုင်းက ချင်းပြည်နယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် လာရောက်လှူဒါန်းတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ကျောင်းသားလူငယ်တွေရဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ ရေကောင်းရေသန့်သောက်သုံးနိုင်ဖို့အတွက်ကို အဓိကဦးတည်ပြီး လာရောက်လှူဒါန်းရခြင်းဖြစ်ပါတယ်။ ကျောင်းကျန်းမာရေးကိုလည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်စေဖို့အတွက်ပေါ့။ နောက်ပြီးတော့ အဲဒီရေသန့်စက်ကို ကျောင်းကော်မတီဝင်အဖွဲ့တွေကို အပ်နှံထားပါမယ်။ ကျောင်းသား၊ ကျောင်းသူတွေ ရေကောင်းရေသန့် အခမဲ့သောက်သုံးနိုင်တဲ့အပြင် နေရာဒေသအခြေအနေပေါ်မူတည်ပြီး ရန်ပုံငွေရရှိရေးကိုလည်း ဆောင်ရွက်ပေးစေလိုပါတယ်။ ဖြစ်နိုင်ရင် အခြားရပ်ကွက်ပြည်သူတွေကို ဈေးနှုန်းချိုချိုသာသာနဲ့ ရောင်းချပေးနိုင်မယ်ဆိုရင်ဖြင့် ရရှိလာမယ့်ရန်ပုံငွေတွေအသုံးပြုပြီး ဆေးရုံနဲ့ အခြားစာသင်ကျောင်းတွေကို ရေသန့်စင်စက် ထပ်မံတပ်ဆင်ပေးစေလိုပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါရေသန့်စက်သည် လီတာ ၁၂၀၀ ဆံ့၍ တစ်နာရီတွင် ရေသန့်လီတာ ၆၀၀ ထုတ်ယူနိုင်ကြောင်း၊ Back wash – Chemical များကို ပြောင်းပြန်ဆေးကြောသန့်ရှင်းခြင်း၊ Fast rinse – Chemical များကို အတည့်ဆေးကြောသန့်ရှင်းခြင်းနှင့် Filter ရေသန့်ထုတ်ခြင်းတို့ လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇိုဟေဆာ**

## ပဲခူးအ.ထ.က(၁) တွင်နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**ပဲခူး ဇွန်**

ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ရက် ၁၀၀ စီမံချက်အရ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၈၉၀ အား ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မြို့နယ်အတွင်း ကျန်ရှိသည့် အခြေခံပညာ အထက်တန်းကျောင်းများတွင်လည်း ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၅၈၈)**

## တောင်ပေါ်ဒေသထွက် အင်ဥများ အရောင်းသွက်

**ရေတာရှည် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းတောင်ပေါ်ဒေသများမှထွက်ရှိသော ရာသီစာ အင်ဥများ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

အင်ပင်များပေါက်သည့် တောင်ကုန်းများ၊ တောင်ကပူဇာများ၊ တောင်စောင်းအရိပ်ကျသောနေရာများတွင်သာ တွေ့ရှိရသည့် အင်ဥများကို ဟင်းချက်ရာ၌ ရေပြောင်အောင်ဆေးကြောကာ ပါးပါးလှီး၍ မန်ကျည်းရွက်နု၊ ငရုတ်သီးစိမ်းနှင့် ချက်စားကြခြင်းဖြင့်လည်းကောင်း၊ နုသည့်အင်ဥများအား ရေနွေးဖြင့်ပြုတ်ပြီး ဆီချက်၊ သံပရာသီး၊ ကြက်သွန်နီတို့ဖြင့် သုတ်စားကြသည်များလည်းရှိသည်။

မိုးရာသီကာလတွင် ပေါ်ဦးစဖြစ်သည့် အင်ဥများကို မြို့ဈေးများ၌ နို့ဆီတစ်ဘူးလျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချကာ ကျေးရွာများတွင် နို့ဆီဘူးတစ်ဘူးကို ငွေကျပ် ၇၀၀ အထိ ရောင်းချကြပြီး ဝယ်ယူစားသုံးသူများပြားသည့်အတွက် နေ့စဉ်အရောင်းသွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ရေး၊ ထားဝယ်သွားကားလမ်း၌ တောင်ကမ်းပါးပြိုကျမှုဖြစ်ပွား



**ရေး ဇွန် ၁၃**

ဇွန် ၁၁ ရက် ည ၁၁ နာရီခွဲက ရေးမြို့နယ် ခေါဇာနယ်မြေပိုင် မလွှဲတောင်၌ မိုးရွာသွန်းမှုကြောင့် တောင်ပြိုကျ၍ ရေး-ထားဝယ်သွားကားလမ်းမိုင်တိုင်အမှတ် (၁၂၃/၄) နှင့် (၁၂၃/၅) အကြားတွင် အမြင့်လေးပေခန့် အကျယ်ပေ ၃၀ ခန့် အလျားအရှည်ပေ ၂၀၀ ခန့် တောင်ကမ်းပါးပြိုကျပြီး ကားလမ်းမပေါ်၌ မြေကြီးများပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ကမ်းပါးယံပြိုကျမှုဖြစ်ပွားသည့်နေရာသို့ ဇွန် ၁၁ ရက် ည ၁၁ နာရီ ၄၅ မိနစ်မှစ၍ ခေါဇာမြို့ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးကျော်ဆွေ ဦးဆောင်လျက် လမ်းလုပ်သား ၃၀၊ ဒေသခံရွာသူ၊ ရွာသား၂၀ တို့နှင့်အတူ ဆောက်လုပ်ရေးဦးစီးဌာနမှ မြေတူးဘော်ဒိုဇာနှစ်စီးဖြင့် ကားလမ်းမပေါ်ရှိ မြေကြီးများအား စတင်ရှင်းလင်းဖယ်ရှားခဲ့ရာ ဇွန် ၁၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ယာဉ်များပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး အ.ထ.က (လင်းခေး) နှင့် ပြည်သူ့ဆေးရုံသို့ ကြည့်ရှုစစ်ဆေး



**လင်းခေး ဇွန် ၁၃**

ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းသည် လင်းခေးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၁ ရက် ညနေ ၃ နာရီခွဲက လင်းခေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များ၊ အဆောက်အအုံပျက်စီးချို့ယွင်းနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ လင်းခေး အ. ထ. ကအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန်မှာကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျောင်းသားလူငယ်များ စာပေဗဟုသုတရရှိစေရန် နယ်လှည့်စာကြည့်တိုက်နှင့် မူးယစ်ဟောပြောပွဲများဆောင်ရွက်

**ဖာပွန် ဇွန် ၁၃**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသူ၊ ကျောင်းသားများ၊ ပြည်သူများအတွက်အလွယ်တကူ စာအုပ်စာစောင်များဖတ်ရှုနိုင်ရန် နယ်လှည့်စာကြည့်တိုက်၊ စာဖတ်ဝိုင်းနှင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲကို ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီက ဖာပွန်မြို့ အမှတ် (၄) ရပ်ကွက် အ. လ. က ခွဲတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ညိုပြာက နယ်လှည့်စာကြည့်တိုက်စာအုပ်ပြပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ပြည်သူတို့၏ လူနေမှုဘဝမြင့်တင်ရေးအတွက် စာအုပ်စာပေဖတ်ရှုလေ့လာခြင်း၏ အရေးကြီးပုံနှင့် ကျောင်းနေအရွယ်ကလေးနှင့် မိဘပြည်သူများအား မူးယစ်ဆေးဝါးသိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး ခင်းကျင်းပြသထားသော မူးယစ်ဓာတ်ပုံများနှင့် စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူနှင့် မိဘပြည်သူများက စိတ်ဝင်စားစွာဖတ်ရှုလေ့လာကြသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ရိုစီက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုရန် လွယ်ကူအောင် လာရောက်ဆောင်ရွက်ပေးသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကို များစွာအထောက်အကူဖြစ်စေသည့်အတွက်ကြောင့် နောင်ကိုလည်း အခါအားလျော်စွာ လာရောက်ပြုလုပ်ပေးပါရန် ပြောကြားခဲ့သည်။ **သိန်းစိုးမြင့်(ပြန်/(ဆက်)**

# ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထိန်းသိမ်းရေး

ကိုကိုညိမ်း(ကောလင်း)



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နှင့် ကောလင်းမြို့နယ်ကြားရှိ ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် လွန်ခဲ့သောသုံးနှစ်မှစတင်၍ တောရိုင်းတိရစ္ဆာန်များ ရှားပါးလာသဖြင့် နိုင်ငံခြားသားခရီးသွား ရှေ့ဧည့်သည်များ လာရောက်လည်ပတ်မှုနည်းလာသည်။

နှစ်စဉ် ဇွန်လဒုတိယပတ်မှစတင်၍ နိုင်ငံခြားသားရှေ့ဧည့်သည်များ လည်ပတ်မှု များစေရန် ရှေ့သမင်အပါအဝင် အခြားတောရိုင်းတိရစ္ဆာန်များကို စီမံချက်ဖြင့် ထိန်းသိမ်း စောင့်ရှောက်သွားရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်။

နိုင်ငံခြားသား ခရီးသွားရှေ့ဧည့်သည်များက ရှေ့သမင်ကို ပိုမိုစိတ်ဝင်စားကြသည်။ ရှေ့သမင်ကောင်ရေ နှစ်ရာကျော်သာကျန်ရှိသဖြင့် အချိန်မီထိန်းသိမ်းရေးကို လိုအပ်နေပါသည်။

ချပ်သင်းဘေးမဲ့တောတွင် နွယ်မြက်သစ်ပင် ၃၀၁ မျိုး၊ ငှက်မျိုးစိတ် ၂၂၄ မျိုး၊ လိပ်ပြာ ၅၇ မျိုး၊ ကုန်းနေသတ္တဝါ ၃၇ မျိုးနှင့် နို့တိုက်သတ္တဝါ ၂၁ မျိုးရှိကြောင်း စစ်တမ်းက ညွှန်းဆိုသည်။

အဆိုပါ ချပ်သင်းဘေးမဲ့တောတွင် အမဲလိုက်မုဆိုးများကြောင့် တောရိုင်းတိရစ္ဆာန်များ ထပ်မံလျော့နည်းမှုမရှိစေရန် ကာလရှည် စီမံချက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သည်။ ဘေးမဲ့တောသို့ ဝင်ရောက်လာသော အမဲလိုက်မုဆိုးများကိုလည်း ဥပဒေအရ ပြင်းထန်စွာအရေးယူသွားရန်ဖြစ်သည်။

သမင်လိုက်မုဆိုးများကြောင့် ရှားပါး ရှေ့သမင်မျိုးပြုန်းတီးခြင်းအန္တရာယ်မှ ကာကွယ်ရန် မြန်မာ့ပတ်ဝန်းကျင်နှင့် သစ်တောဘက်ဆိုင်ရာ အာဏာပိုင်များက လူထုကို ပူးပေါင်းဆောင်ရွက်ရန်တရားဝင် တိုက်တွန်းမှုများကို ဆောင်ရွက်နေသည်။

မြန်မာပြည်အထက်ပိုင်း ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှေ့သမင် အမျိုးအစားကောင်ရေ တစ်ထောင်မျှရှိပါသည်။ ချပ်သင်းဘေးမဲ့တောမှာ စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာအနီးနှင့် ကောလင်းမြို့နယ် ဆင်ခေါင်းကျေးရွာအနီးတွင် အကျယ် ၂၆၀၀၀ ဟက်တာမျှရှိပြီး ကျေးရွာအိမ်ခြေ ၄၀၀၀ မျှရှိသည်။ ကျေးရွာ ၂၈ ရွာ တွင်ပါဝင်သည်။ ဘေးမဲ့တောမှ ရှေ့သမင်များသည် တောမုဆိုးများ၏ သတ်ဖြတ်မှုဒဏ်ကို အမြဲခံနေကြရသည်။

ချပ်သင်းဘေးမဲ့တောသည် ကန့်ဘလူမြို့နယ် ချပ်သင်းရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ၊ ကောလင်းမြို့ နယ်မှ ၁၀ မိုင်ခန့်အကွာ ကောလင်း-ကန့်ဘလူ မြို့နယ်နှစ်ခုစပ်ကြားတွင် တည်ရှိသည်။

အဆိုပါချပ်သင်းဘေးမဲ့တောကို ယခင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တည်ထောင်သော သစ်တောကြိုးဝိုင်း ၆၆၂၇၃ ဧကရှိပြီး ကမ္ဘာပေါ်တွင် မြန်မာပြည်မှာသာရှိသော ရှေ့သမင်မျိုးကောင်ရေ ၁၀၀၀ ကျော်ခန့် ထိန်းသိမ်းထားရာ ဘူမိနက်သန် နေရာမှန်ဖြစ်ခဲ့သည်။

ဧရိယာ အကျယ်အဝန်း ပမာဏအရ ကန့်ဘလူမြို့နယ် ဧရိယာ ဧက ၂၁၉၀၈၊ ကောလင်းမြို့နယ်ဧရိယာ ၄၄၃၆၅ ဧကဖြစ်ရာ ကောလင်းမြို့နယ်ဧရိယာက နှစ်ဆပိုမိုနေကြောင်း တွေ့ရသည်။

အဆိုပါ နယ်မြေနှစ်ခုသည် သဘာဝသစ်တောထိန်းသိမ်းမှုနယ်မြေအဖြစ် နိုင်ငံတော်က စီမံချက် ချမှတ်ဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသား တောမုဆိုးများ၏ လက်ချက်ကြောင့် ရှေ့သမင်များစွာ သေဆုံးခဲ့ကြရသည်။ ၁၉၉၅-၉၆ ခုနှစ်ဝန်းကျင်က နိုင်ငံတော်က မွေးမြူစောင့်ရှောက်ကာကွယ်ထားသော ရှေ့သမင် ၃၀၀၀ ခန့်သည် ယခုအအခါ ကိန်းဂဏန်း လျော့နည်းသွားလေပြီ။

အဆိုပါ ဘေးမဲ့တောတွင် မြန်မာရှေ့သမင်၊ ချေ၊ တောဝက်၊ တောကြောင်၊ ကြောင်မြင်း၊ သစ်ကြောင်များ၊ နို့တိုက်သတ္တဝါ ၃၆ဝ မျိုးခန့်၊ ငှက်မျိုးစိတ် ၁၂၃၅ မျိုး၊ တွားသွားသတ္တဝါ ၃၆ဝ မျိုးခန့်ကို ထိန်းသိမ်းထားခဲ့သည်။

ချပ်သင်းဘေးမဲ့တောရှိ မြန်မာ့ရှေ့သမင်များသည် အုပ်စုဖွဲ့နေထိုင်ကြပြီး ဦးခေါင်းနှင့်ခေါင်းကိုယ် ကိုက်အရှည် ငါးပေဝန်းကျင်ခန့်ရှိသည်။ အမြင့်ပုခုံးအထိ သုံးပေခွဲခန့်ရှိသည်။ ကိုယ်အလေးချိန် ပေါင် ၁၉၀ မှ ၃၀၀ ခန့် အထိလေးသည်။ သမင်၏ သက်တမ်းက အနှစ် ၂၀ ဖြစ်သည်။ တောမုဆိုးတို့၏သတ်ဖြတ်မှုကြောင့် သဘာဝတောရိုင်းတိရစ္ဆာန် ၃၀ ရာခိုင်နှုန်းထိ လျော့ကျစေခဲ့သည်။ မြန်မာရှေ့သမင်များ၏ ပျမ်းမျှသက်တမ်းအနှစ် ၂၀ မျှဖြစ်ပြီး၊ ရှေ့သမင်တစ်ကောင်သည် ၁ ဒသမ ၅ မီတာ အထိမြင့်မားသည်။ ချပ်သင်းဘေးမဲ့တောတွင် ရှေ့သမင်နှင့်အတူ နို့တိုက်သတ္တဝါအမျိုးပေါင်း ၃၆ဝ၊ ငှက်မျိုးစိတ်ပေါင်း ၁၂၃၅ မျိုးနှင့် တွားသွားသတ္တဝါအမျိုးပေါင်း ၃၆ဝ မျှရှိသည်။

ဝိသမလောဘသားတောမုဆိုးများ၏ နှစ်စဉ်သတ်ဖြတ်နေမှုကြောင့် ဆုံးရှုံးသေပျောက်မှု ၃၀ ရာခိုင်နှုန်းခန့် ရှိနေသည်ကို ဝမ်းနည်းဖွယ်ရာတွေ့ မြင်ကြရသည်။

ရှေ့သမင်တို့သည် ဘူမိနက်သန်နေရာမှန်၌သာ ပျော်မွေ့ကြသည်။ ကိလေသာ ကာမဂုဏ်လောဘ ဒေါသတို့ ကြီးစိုးမှုကင်းသော မေတ္တာရိပ်လွှမ်းခြုံသည့်နေရာ၊ သားကောင်သမင်အပေါင်း ပျော်မွေ့အသက်ရှင်ရာ ဒေသမှာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာတည်ရှိသည်။ မြန်မာ့ရှေ့သမင်မျိုးစိတ်ကို ချပ်သင်း ဘေးမဲ့တော၌ ထိန်းသိမ်းထားရှိသည်။

သဘာဝပေါက်ပင်များကို အမှီပြုလျက် အသက်ရှင်နေကြသောသားရိုင်းတိရစ္ဆာန်များ မျိုးတုန်းပျောက်ကွယ်မှု မရှိစေရန် လူသားတိုင်းက ထိန်းသိမ်းကြရပေမည်။ အမိနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၃ ခု သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရှေ့စက်တော်ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီး ချပ်သင်းဘေးမဲ့တောများ ပါဝင်သည်။

ကမ္ဘာပေါ်၌ ရှားပါးစပြုလာသော ရှေ့သမင်မျိုးစိတ်သည် မြန်မာတစ်နိုင်ငံတည်းသာရှိသည်။ ရှေ့သမင်မျိုးစိတ်သည် မြန်မာ လူမျိုးစုနှင့်အနေဝေး၍ သွေးစိမ်းသော သတ္တဝါမဟုတ်။

ကျွန်ုပ်တို့ငယ်စဉ်က ဦးဩဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့ 'သုဝဏ္ဏသာမ'ဇာတ်တော်၌ ရှေ့သမင်များပျော်ပါးရာ မိဂဒါဝုန်တောမှ ဇာတ်ကောင်အလောင်းတော် သုဝဏ္ဏသျှံ၏ ရှေ့သမင်၊ မြန်မာရာမယနဇာတ်တော်မှ ရှေ့သမင်တို့ကား အဓိက ကျသော ဇာတ်ရုပ် အဖြစ် စာဖတ်ပရိသတ်အသိဝယ် ရင်းနှီးခဲ့သည်။

၁၉၄၀ ပြည့်နှစ်ရှေ့စက်တော်ဘေးမဲ့တော၌ ရှေ့သမင်ထိန်းသိမ်စောင့်ရှောက်မှုက ၅၅၂ ဒသမ ၇ စတုရန်း ကီလိုမီတာကျယ်ဝန်း သည်။ ၁၉၄၁ ခုနှစ်တွင် ကန့်ဘလူ-ကော လင်းမြို့နယ်စပ် ချပ်သင်းကျေးရွာတွင် ၂၆၅ ဒသမ ၃၆ စတုရန်း ကီလိုမီတာ ကျယ်သည်။

ရှေ့စက်တော်နှင့် ချပ်သင်းဘေးမဲ့တောများသည် ဇီဝယူနစ် 9A(ကိုးအေ) အပူပိုင်းဒေသကုန်းတွင်းပိုင်းဖြစ်သည်။ ပေါက်ရောက်ပင်၊ ရာသီဥတုအပေါ်တွင်မှီနေသော မြန်မာရှေ့သမင်များသည် နှစ်ပေါင်း ၃၀၀၀ ကျော်ကပင် အမိနိုင်ငံတော်၌ အသက်ထင်ရှား တွေ့မြင်ရခြင်းက ကံအလွန်ကောင်းသည်ဟူ၍ ဆိုရပေမည်။

မြန်မာ့ရှေ့သမင်ကို သိပ္ပံအမြင်ရှုထောင့်မှ လေ့လာရာတွင် Cervus eldi thamin မျိုးနွယ်ဖြစ်သည်။ နို့တိုက် သတ္တဝါမျိုးစိတ်တွင်



ခွာစုံမျိုးစိတ် Artiodactyla ထဲတွင်ပါဝင်၍ Cervidae ဖြစ်သည်။

ရှေ့သမင်များ ကျက်စားသောဧရိယာမှာ အင်တိုင်းတော၊ တောပြုတ်တော၊ ဆူးချုံတောနှင့် ရွက်ပြတ်တောခြောက်များဖြစ်သည်။

ရှေ့သမင်တစ်ကောင်၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်အရှည်မှာ ၅၉ လက်မမှ ၆၆ လက်မ ထိရှည်သည်။ ပခုံးအမြင့်က လက်မ ၄၀ မှ ၄၆ လက်မထိရှိသည်။ အမြီးအရှည်မှာ ၈ လက်မခွဲမှ ၁၀ လက်မခန့်ထိရှိသည်။ ကိုယ်အလေးချိန်မှာ ပေါင် ၁၉၀ မှ ပေါင် ၃၀၀ ခန့်ထိရှိသည်။ ရှေ့သမင်တို့မိတ်လိုက်ရာသီက နှစ်စဉ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်းဖြစ်သည်။ အမများဗီးလွယ်ချိန်မှာ ရှစ်လခန့်ဖြစ်သည်။ တစ်ကြိမ်မွေးလျှင် တစ်ကောင်သာ ပေါက်ဖွားသည်။ ရှေ့သမင်သက်တမ်းက နှစ် ၂၀ ခန့်ဖြစ်သည်။ ရှေ့သမင်များမှာ သီးရွက်စား သတ္တဝါဖြစ်၍ မြက်၊ သစ်ရွက်၊ အသီးကြွေများစားကြသည်။ သဘာဝဆားကျင်းများမှ ဆားကိုစားသုံးကြသည်။ ရှေ့သမင်အဖိုများသည် မိတ်လိုက်ချိန်တွင် အထီးအမ အုပ်စုဖွဲ့လေ့ရှိပြီး အခြားအချိန်များ၌ တစ်ကောင်တည်းသာနေကြသည်။ ရှေ့သမင်အမများထက် အဖိုများကပို၍ ရေစိမ်၊ ရွံ့လူးလေ့ရှိသည်။ သမင်အဖိုများသည် မိတ်လိုက်ချိန်၌ အမွေးများပိုမိုတောက်ပြောင်လာခြင်း၊ ရှည်လျားလှပလာခြင်းများ ဖြစ်လေ့ရှိသည်။

ပြည်သူကိုဗဟိုပြုသော လုပ်ငန်းစဉ်များတွင် ပြည်သူတစ်ရပ်လုံးကပူးပေါင်းပါဝင်မှသာ ဒီမိုကရေစီ လမ်းကြောင်းပေါ်၌ 'မြန်မာ့ရှေ့သမင်' ထိန်းသိမ်းရေးလုပ်ငန်းအောင်မြင်ပြီး အတ္တနှင့်ယှဉ်နေသော တောလိုက်မုဆိုးများ၏ ဘေးအန္တရာယ်မှ ကင်းဝေးပပျောက်စေရန် အသိအမြင်တူသောပြည်သူများက အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဖို့ရန် အချိန်ကျရောက်နေပါပြီ။

သမိုင်းဝင်ရှားပါးရှေ့သမင်များ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်နေပါပြီ။

## သက်ရှည်ကျန်းမာစွာ ရှင်သန်နေထိုင်နိုင်ရန် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးကုသ

**မိုးနဲ ဇွန် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း ) လင်းခေးခရိုင် မိုးနဲမြို့နယ် တိုင်းရင်းဆေးကုဌာနသည် မြန်မာ့တိုင်းရင်းဆေးကုပညာဖြင့် ရပ်ကွက်၊ ကျေးရွာနှင့် စာသင်ကျောင်းများသို့ ကွင်းဆင်း သွားရောက်၍ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သက်ရှည်ကျန်းမာပြီး ဘဝသက်တမ်းကုန်ဆုံးချိန်အထိ ရှင်သန်နေထိုင်နိုင်ရေးအတွက် လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးနဲမြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးကျော်မျိုးသိုက်နှင့် ဝန်ထမ်းအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲ မှ မွန်းလွဲ ၁၂ နာရီခွဲအထိ ပေါ့မိုင်းရပ်ကွက်ရှိ ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကိုးခန်းဇရပ်နေရာ၌ အဖျားရောဂါ၊ ထုံနာကျင်နာ၊ လေဖြတ်၊အဆစ်အမြစ်ကိုက်ခဲခြင်း ၊အကြောသေ၊ ဒူးနာ၊ ခါးနာစသည့် အကြောရောဂါဝေဒနာရှင် ၅၃ ဦးအား မြန်မာ့တိုင်းရင်းဆေးကုပညာဖြင့် အခမဲ့ဆေးကုသပေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး

**ကျောက်ကြီး ဇွန် ၁၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲများကို ကျောက်ကြီးမြို့နယ် အထက(ခွဲ) သံဘိုကျောင်းတွင် ဇွန် ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သော်ဇင်အောင်က အခမ်းအနားဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ရဲမှူးနှင့်ဥပဒေအရာရှိတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သိကောင်းစရာများနှင့် ဥပဒေများကို ဟောပြောခဲ့ပြီး နံရံကပ်စာစောင်များ၊ ဓာတ်ပုံနှင့်စာအုပ်စာစောင် ပြပွဲများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

GUSTO International College

တက္ကသိုလ်ဝင်တန်း၊ IGCSE အောင်မြင်ပြီးသူများအတွက် ပညာရေးဆွေးနွေးပွဲ

UK ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel နှင့် GUSTO International College တို့ ပူးပေါင်းဖွင့်လှစ်သည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာအကြောင်းနှင့် နိုင်ငံတကာ ပညာရေးလမ်းကြောင်းများ၊ IT အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို ဆွေးနွေးဟောပြောပေးမည်ဖြစ်ပါသည်။



ဟောပြောမည့်သူ ... ဦးဝင်းထိန်ဝင်း (Principal, GUSTO)
နေ့ရက် ... ၁၈.၆.၂၀၁၆ (စနေနေ့)
အချိန် ... နံနက် ၁၀း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ
နေရာ ... Novotel Yangon Max, Mandalay Meeting Room (4th floor)

လူဦးရေ ကန့်သတ်ထားပါသဖြင့် (09) 862 8806 နှင့် (09) 789 888 222 တို့သို့ ကြိုတင်စာရင်းသွင်းပြီး (အခမဲ့) တက်ရောက်နိုင်ပါသည်။

၁၀ တန်းဖြေဆိုထားပြီး IT/ Computer နည်းပညာကို စိတ်ဝင်စားသော ကျောင်းသားကျောင်းသူများနှင့် မိမိသားသမီး၏ အနာဂတ်ပညာရေးကို အကောင်းဆုံးဖြစ်စေလိုသော မိဘများပါ အထူးတက်ရောက်သင့်ပါသည်။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ ဘားအံ
Jun-17, July(1,16)
Special Pass(Visa) (95000Ks)
09-421073634, 777636630

MY FRIEND
(၁)ရက် အထူးခရီးစဉ်
(Jun-10,17) ညထွက်
ကျိုက္ကမီ၊ စက်ခဲ၊ ဝင်းစိန်တောရ
09 450113969, 09 450114969

BRIGHTER LIFE
English Language Academy
London မှ TESOL Teaching Diploma လက်မှတ်ရ Teachers များနှင့် တရုတ်စာသင်ကြားရေးကျွမ်းကျင်သော ဆရာ၊ ဆရာမများ ဦးစီးသင်ကြားမည်။
English & Chinese တန်းခွဲသစ်များ
1. English & Chinese
2. English 4Skills
3. IELTS
4. Chinese 4 Skills
5. Grammar & Writing
10% Discount Off
တိုက်(၁)အခန်း(၂၁)၊ လှိုင်ရတနာအိမ်ရာ၊ သုခမှတ်တိုင်အနီး လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
09-421029847
09-250326995

ကုန်ကျစရိတ်သက်သာစွာဖြင့် အင်ဂျင်နီယာ ပညာသင်ယူလိုသူများအတွက်
UK Engineering Diploma & Advanced Diploma သင်တန်းများ
ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ ....
Electronic Engineering (New)
Electrical Engineering (New)
Mechanical Engineering (New)
Manufacturing Engineering (New)
(Since 2004)
ရုံးချိန်တွင်း / ရုံးချိန်ပြင်ပ တန်းခွဲသစ်စပြီ
Electrical Installation
Refrigeration & Air Conditioning
Construction Engineering (Civil)
23.6.2016 စမည်။
ထူးခြားမှုများ
City & Guilds မှ အသစ်ပြဋ္ဌာန်းလိုက်သော ' New Syllabus ' ဖြင့် သင်ကြားမည်။
အင်ဂျင်နီယာလုပ်ငန်းခွင်အတွက် များစွာအသုံးဝင်သော ' Health and Safety , Environmental Regulation , Working Standard ,Quality Control, Plinning and Scheduling , Engineering Desgin , Personal and Professional Development ' အစရှိသော ဘာသာရပ်များ သင်ကြားရမည်။
GLORYသည် သင်တန်းကျောင်းသက်တမ်း(၁၂)နှစ်အတွင်း သင်တန်းသား (18,000) ကျော် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရှင် (၄)ဦး ကို မွေးထုတ်ပေးခဲ့ပါသည်။
GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com

FORWARD CAR RENTAL
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်းမြို့ပြင် လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09 5089800
09 252522200

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

STI MYANMAR UNIVERSITY

STIMU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်ပါသည်။

University of Bedfordshire



တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက် June လကုန်တွင် အတန်းများစတင်ဖွင့်လှစ်ပါမည်။

**Faculty of Business**
Master of Business Administration
BA (Hons) Business Administration
BA (Hons) Accounting

**Faculty of Engineering**
BEng (Hons) Civil Engineering
BEng (Hons) Architectural Engineering
BEng (Hons) Civil & Architectural Engineering
BEng (Hons) Electronic Engineering
BSc (Hons) Construction Management

နိုင်ငံတကာတက္ကသိုလ်ကြီးများရှိ Engineering Lab များအတိုင်း လက်တွေ့သင်ကြားခြင်း

- Auto CAD Design Lab
- Construction Engineering Workshop
- Structure Materials & Concrete Lab
- Water Resource Lab
- Architectural Design Studio
- Drawing Lab
- Surveying Lab
- Soil Mechanic Lab
- Electronic Circuit Lab
- Hydraulic Lab

ဘွဲ့ကြို ဝင်ခွင့်သတ်မှတ်ချက်
- တက္ကသိုလ်ဝင်တန်း / GCE 'O' Level အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
- သင်တန်းကာလ ၄နှစ်ခန့် ကြာမြင့်မည်ဖြစ်ပြီး အောင်မြင်ပါက အင်္ဂလန်နိုင်ငံ၏ အထင်ကရ အစိုးရတက္ကသိုလ်ကြီး University of Bedfordshire, UK မှ ဘွဲ့ရရှိပါမည်။

Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507046/48, 09 250064451 www.stiedu.net https://www.facebook.com/STIMyanmarUni

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး


MPT
ရွှေသို့လုပ်ငန်းချီမြန်မာပြည်
၁မိနစ်ကို ၂၀၀ ကျပ်တည်းနဲ့ နိုင်ငံတကာကို အရင်ကထက် ဖုန်းပိုပြောနိုင်ပါပြီ
၁မိနစ် - ၂၀၀ကျပ်
အာဆီယံနိုင်ငံများနှင့် အခြား (၈)နိုင်ငံ
အာဆီယံနိုင်ငံများ - ထိုင်း • စင်ကာပူ • မလေးရှား • ဘရူနိုင်း • အင်ဒိုနီးရှား • ဖိလစ်ပိုင် • ဗီယက်နမ် • လာအို • ကမ္ဘောဒီးယား
အခြား(၈)နိုင်ငံ - ဂျပန် • တရုတ် • တောင်ကိုရီးယား • ထိုင်ဝမ် • ဟောင်ကောင် • မကာအို • ဘင်္ဂလားဒေ့ရှ် • အိန္ဒိယ
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍လက်ရှိနှုန်းထားများတွင်အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# သမ္မတ ဝါဆိုသင်္ကန်းများ လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါပြီ ....

- အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ပဲဟန်းမြို့နယ်။ ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆
- အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ပဲဟန်းမြို့နယ်။ ၀၁-၅၄၃၂၀၂၊ ၀၁-၅၄၃၂၀၆
- အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ပဲဟန်းမြို့နယ်။ ၀၁-၃၀၀၅၇၇
- အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ ၀၉-၇၃၀၁၆၀၃၂
- အမှတ်-၁၂၅၊ သံဈေးရှေ့၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ ၀၁-၂၂၅၅၀၆
- ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရဲတန်း၊ မြင်းရဲတန်းကြား၊ နေပြည်တော်၊ ပျဉ်းမနား။ ၀၆၇-၂၂၅၉၇၆၇၇
- ၂/၀၃၊ နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ ဆင်ရဲတန်းအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့။ ၀၆၇-၂၄၇၇၇

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်



# ES4E WEEKEND ENGLISH COURSE

For Young Learners ( Age - 5 to 14 yrs)

**Starting in June**

Enrol Now!

☎ 01-8550337, 8550960, 578204, 8561652



# ဒေါ်သီတာဦး

B.Com(Q), CPA, Dip IFR

**LCCI I,II&III** S4 / 2016 Dec Exam

| Level I,II (24 June စမည်) | Level - III (2 July စမည်) |
|---|---|
| (A) Sun 8:00 - 12:00 am | (A) Sat 2:00 - 8:00 pm |
| | Sun 2:00 - 8:00 pm |
| (B) Thur 7:00 - 9:00 am | (B) Fri - Sat 6:00 - 8:00 pm |
| Fri 7:00 - 9:00 am | Sun 2:00 - 8:00 pm |

No.(68), 5A၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်၊ လှည်းတန်းအနီး၊ Ph: 09-730 59553, 09-51 78297



**E.F.R** Seconda Casa Beach Resort & Restaurant

Monsoon Special Promotion

ငွေဆောင်ကမ်းခြေ ခရီးသွားအကျိုးဆောင်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ သင့်အားစောင့်ကြိုနေမယ့် E.F.R

Hot Line (Yangon) 09-73088441, 09-977286287
Ngwe Saung: 042-40282, 042-40398, 09-977890091
09-977286285, 09-251130377






မိုးရာသီ အထူး
Special Promotion

GET 1 Box !

3 ကျင်း ဝယ်လျှင် လက်ဆောင်



ပထမဆုံးဝယ်ယူသူ ၃၀ ဦးအထိသာ




လှပသော ကြွေပြား လိုက်ဖက်သော Kitchen
ဒီဇိုင်းတွဲဝယ် Promotion

GET 1 Tray !



လက်ဆောင် ၂၀ ခု အထိသာ

ကြွေပြား 300 sq-ft + Kitchen 4ft Set

BUY

မီးဖိုချောင်သုံး Kitchen Tray

- အမှတ် F.2~8 ပထမထပ်၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 730 84 840, 09 730 84 841
- Building-N, Room # 33,34၊ သီရိရတနာလက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးအနီး၊ မြောက်ဥက္ကလာပ၊ ဖုန်း- 09 79 700 70 88, 09 79 700 70 99
- အမှတ် ၁၂၃၇၊ ဖော်ကျီလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - 09 730 84 844, 09 79 590 0146



လက်ရှိပြေးဆွဲနေသော (၃၉) လိုင်း မှ ကားများ ရောင်းမည်။
၆ ခ/.........
၇ ခ/.........
ဖုန်း-၀၉၅၀၀၁၅၇၇



ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



# ASABA (JAPAN)

"အရည်အသွေးမြင့်ပြီး တာရှည်အသုံးခံသောဂျပန်နိုင်ငံမှထုတ်လုပ်သည့် အဆာဘ အမှတ်တံဆိပ်လယ်ယာသုံး အထောက်အကူပြုပစ္စည်းများကို သင့်လယ်ယာလုပ်ငန်းခွင်တွင် ဂုဏ်ယူစွာဖြင့်သုံးစွဲကြပါစို့"



| AK-2700W(4-Stroke) | EP-200W4 | SP-15B | SN-8 | SA-25Z | AK-2600W(2-Stroke) |
|---|---|---|---|---|---|
| ဂျပန် မြက်ရိတ်စက် | ဂျပန် ဆေးဖျန်းစက် | ဂျပန် ဆေးဖျန်းပုံး | ဂျပန် ပဲကြဲစက် | ဂျပန် မြေသြဇာကြဲစက် | ဂျပန် မြက်ရိတ်စက် |

Distributed by
**VSK INTERNATIONAL CO.,LTD.**
No.(47/49),Phone Gyi Street, Lanmadaw Township,Yangon
No.(A-8G) Between 31 st x 32 st , 77 Street , Mandalay
YGN Ph- 01-2303013, 01-2303014, 01-225648,Ext-2 / MDY Ph- 02-21279, 02-30791-5

# ကျေးဇူးအထူးတင်ရှိခြင်း

iMyanmarHouse.com မှ ကြီးမှူး၍
(၁၀-၆-၂၀၁၆) မှ (၁၂-၆-၂၀၁၆) ရက်နေ့အထိ တပ်မတော်ခန်းမ၌ကျင်းပသည့်
"မြန်မာနိုင်ငံ၏အကြီးဆုံးအိမ်၊ ခြံ၊ မြေ အရောင်းပြပွဲကြီး" တွင်
ရောင်းချသည့် ကွန်ဒို/တိုက်ခန်းများကို တစ်ခဲနက်ဝယ်ယူအားပေးကြသော
မိတ်ဟောင်း၊ မိတ်သစ် Customer များကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း
နှင့်
ပြပွဲရက်အတွင်း အခန်းဝယ်ယူရန် အခွင့်အရေးမရရှိခဲ့သော Customer များ၏ တောင်းဆိုမှုအရ
Discount ကာလကို (၁၃-၆-၂၀၁၆) မှ (၂၇-၆-၂၀၁၆) ရက်နေ့အထိ
ထပ်မံတိုးမြှင့်လိုက်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။


STRONG SOURCE
CONSTRUCTION CO.,LTD.

Address : No. (A-2), Business Center, Corner of Min Yè Kyaw Swar Road and Pyay Road, 12-Quarter, Lan Ma Daw Township, Yangon, Myanmar.
Tel : 09 263656677, 09 263656688, 09 263656699, 09 420112233, 09 421022051
E-mail : strongsource5@gmail.com, Website : www.strongsourcegroup.com

## နံပါတ်လှလှ ရွေးဝယ်ရအောင်

၁,၅၀၀ ကျပ်မှစပြီး စိတ်ကြိုက်နံပါတ်တွေကို နီးစပ်ရာ
အူရီဒူး အရောင်းဆိုင်တွေမှာ အခုပဲ ပြေးဝယ်လိုက်ရအောင်။

ooredoo




သတ်မှတ်ထားသော အူရီဒူးအရောင်းဆိုင်များကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ထိုက်တန်တဲ့လုပ်အားခ ရရှိခံစားစေချင်

**သတင်းဆောင်းပါး - သီသီမင်း၊ မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ - နေလင်း**



တနင်္သာရီတိုင်းဒေသကြီးရှိ အအေးခန်းစက်ရုံ၌ အရည်အသွေးမီ ပုစွန်များကို ချိန်တွယ်စစ်ဆေးနေစဉ်။

"အလုပ်သမားတွေက သူတို့အခွင့်အရေးတွေရဖို့အတွက် အလုပ်ရှင်ကို တောင်းဆိုတာပဲဖြစ်ဖြစ်၊ အလုပ်သမားသမဂ္ဂထဲမှာ ပါဝင်ခဲ့ဖူးလို့ပဲဖြစ်ဖြစ် အဲဒီအလုပ်သမားကို အလုပ်ရှင်က အလုပ်ထုတ်လိုက်တဲ့အခါကျတော့ ဘဝရပ်တည်ရေးက အခက်အခဲဖြစ်ရတယ်။ တခြားစက်ရုံတွေမှာ အလုပ်ရဖို့ အခွင့်အလမ်းကလည်း အရမ်းကို နည်းသွားပြီ"ဟု ၂၀၁၅ ခုနှစ် အလုပ်သမားဆန္ဒပြပွဲတစ်ခုတွင် ပါဝင်ခဲ့ပြီး လုပ်ငန်းခွင်စည်းကမ်းချိုးဖောက်သလိုဖြစ်ခဲ့ရသည့်အတွက် အလုပ်မှထုတ်ပယ်ခြင်းခံခဲ့ရသည့်၊ လက်ရှိလှိုင်သာယာတွင် ဆိုင်ကယ်ကယ်ရီဆွဲရင်း ဝမ်းရေးအတွက် ဖြေရှင်းနေရသည့် စံကောင်းပီနံအိတ်စက်ရုံမှ အလုပ်သမားခေါင်းဆောင် ကိုအောင်စိုးမင်းက ပြောသည်။

လက်ရှိအချိန်တွင် အလုပ်သမားရေးရာကိစ္စများ လိုက်ပါဆောင်ရွက်ရာတွင် အလုပ်သမားများအနေဖြင့် အလုပ်သမား ဥပဒေတွင်ပါဝင်သည့် အလုပ်သမားတို့ ရပိုင်ခွင့်များနှင့် အလုပ်ရှင်၊ အလုပ်သမားများ ချုပ်ဆိုသည့် အလုပ်ခန့်ထားခြင်းဆိုင်ရာသဘောတူစာချုပ်(EC)ကို ကောင်းစွာ သိရှိနားလည်ခြင်းမရှိသေးသည်ကို တွေ့မြင်နေရဆဲဖြစ်ကြောင်း ကိုအောင်စိုးမင်းက ဆက်လက်ပြောကြားသည်။

"လက်ရှိအချိန်ထိ အလုပ်သမားတွေအနေနဲ့ ကိုယ့်ရဲ့ ရပိုင်ခွင့်အခွင့်အရေး ဘာတွေရှိတယ်ဆိုတာ လုံးလုံးမသိနားမလည်တဲ့ အလုပ်သမားတွေ စက်ရုံတိုင်းမှာရှိတယ်။ အလုပ်သမားတွေရဲ့ ဆန္ဒမပါဘဲ အချိန်ပိုဆင်းခိုင်းတာတွေရှိတယ်။ မဆင်းရင် ခြိမ်းခြောက်တာတွေရှိတယ်။ ဒါမျိုးတွေက ဥပဒေမှာ လုပ်လို့မရဘူးဆိုတာပါပြီးသား။ ဒါကို အလုပ်သမားတော်တော်များများကမသိဘူး" ဟု ကိုအောင်စိုးမင်းက ဆိုသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များ ကြားရက်များ၌ကျင်းပမည်

**ရှိုင်းထက်ဇော်**

**ရန်ကုန် ဇွန် ၁၃**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှီးထွက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းတွင် ကျင်းပတော့မည်ဖြစ်ပြီး ယခုတစ်ပတ်တွင် ရန်ကုန်နှင့် မဟာယူနိုက်တက်၊ မနောမြေနှင့် ဟံသာဝတီတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဒုတိယအဆင့်ပွဲစဉ်များကို ဇွန် ၁၅၊ ၂၂၊ ၂၉ ရက်နှင့် ဇူလိုင် ၆ ရက်(ဗုဒ္ဓဟူးနေ့တိုင်း)တွင် ရက်သတ္တလေးပတ်ကြာ တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။ ဇွန် ၁၅ ရက်တွင် ကျင်းပမည့်ပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ မနောမြေအသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်းတို့မှာ ချန်ပီယံဟောင်းအသင်းများဖြစ်ပြီး ဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ မနောမြေအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့မှာ ပထမအဆင့်မှတက်ရောက်လာခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းမှာ သန်လျင်ယူနိုက်တက်အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ မနောမြေအသင်းက ဒဂုံအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာ MNL အမှတ်ပေးပြိုင်ပွဲတွင် ဇွန် ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် အဓိကပြိုင်ဘက် ရတနာပုံအသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ပြီး ၁၃ မှတ်အထိ ကွာဟသွားရာ ချန်ပီယံဆုကာကွယ်နိုင်ရန် ခက်ခဲသွားသောကြောင့် ရှီးထွက်ပြိုင်ပွဲကိုသာ **စာမျက်နှာ ၈ ကော်လံ ၄ သို့** ○

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

